
www.burmeseclassic.com

# နန္ဒာသိန်းဇံ

## နောင်တ ကင်းရာသို့ ...

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ချက်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ချက်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ချက်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နောင်တကင်းရာသို့...

**နန္ဒာသိန်းဇံ**

ဖြန့်ချိရေး
လှိုင်းသစ်စာပေ
အမှတ်-၇၊ ၇-လွှာ၊ ၁၅-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၁၀၇၃၅၊ ၀၉၅၀ ၅၅၉၉၆

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၄၀၀၇၉၇၀၇၀၉
*
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၈၂၁၀၈၀၉
*
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ
*
အုပ်ရေ
၁၀၀၀
*
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
နေမျိုးအေး
*
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနန်းသာကျေးရွာ၊ ပုလဲမြို့(၃)
*
မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်တိုက်
ဦးတင်အောင်ကျော်(၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊ အမှတ်-၁၄၇၊ ၅၁-လမ်း(အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၇၂၇၅
*
တန်ဖိုး
၁၅၀၀ ကျပ်

၈၀၈.၈၄
နန္ဒာသိန်းဇံ
နောင်တကင်းရာသို့ / နန္ဒာသိန်းဇံ။ - ရန်ကုန်၊
ချိုတေးသံစာပေ၊ ပထမအကြိမ်၊ ၂၀၀၉။
၁၆၈-စာ၊ ၁၃ x ၂၀.၄ စင်တီ။
(၁) နောင်တကင်းရာသို့

## ရည်ညွှန်းချက်

"ငါတို့က နောင်တရတတ်ကြတဲ့သူတွေမဟုတ်ဖူး၊ ငါတို့မှာ. . . နောင်တဆိုတာမရှိဘူး"ဟု ဆိုတတ်ကြသူများရှိနိုင်ပါသည်။

ထိုသူများအတွက် ဤစာအုပ်သည် မရည်ညွှန်းပါ။

အချို့က. . .

နောင်တ ရတတ်ကြသည်။

နောင်အခါ နောင်တရမှုနည်းအောင် ပြုပြင်လိုကြသည်။

ဤစာအုပ်သည်. . .

ထိုသူများကို ရည်ညွှန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ■ထုတ်ဝေသူအမှာ

ဤ "နောင်တကင်းရာသို့..." စာအုပ်တွင် ပါဝင်သော စာစုများသည် အင်တာဗျူးဂျာနယ်၊ Phoenixဂျာနယ်၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်း၊ ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ မမှရိပ်မဂ္ဂဇင်း၊ Perfect မဂ္ဂဇင်း တို့တွင် ဆရာနန္ဒာသိန်းဇံ ရေးသားခဲ့သည့် စာစုများ ဖြစ်ပါသည်။

၎င်းစာစုများကို စာအုပ်အဖြစ်ထုတ်ဝေရန် ခွင့်ပြုသော မဟာသဒ္ဓမ္မဇောတိကဓဇ ပါမောက္ခ ဒေါက်တာသိန်းဇံ (နန္ဒာသိန်းဇံ) အား လည်းကောင်း၊ မျက်နှာဖုံး သရုပ်ဖော်ပန်းချီနှင့် အတွင်းသရုပ်ဖော် ဒီဇိုင်းများ ရေးဆွဲပေးသော ပန်းချီအနုပညာရှင် နေမျိုးဆေး အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

---

### ပန်းချီနှင့် ပတ်သက်၍

ဆရာ့ဆောင်းပါးတွေက နောင်တအကြောင်းတွေအကြောင်း ရေးထားတာဆိုတော့ နောင်တဆိုတာကို ဘယ်လိုပုံဖော်ရင် ကောင်းမလဲလို့ ပထမဆုံး စဉ်းစားမိပါတယ်။

နောင်တဆိုတာ ကိုယ်လုပ်ခဲ့တဲ့အမှားရဲ့ အကျိုးဆက်ဆိုတော့ မကောင်းတဲ့အရာပဲဆိုပြီး ညိုညိုမဲမဲ ခပ်ကြမ်းကြမ်းစုတ်ချက်တွေနဲ့ ရေးလိုက်ရင် ကောင်းမယ်ဆိုပြီး စဉ်းစားမိတယ်။

နောက်... ထပ်စဉ်းစားမိတာက ဘာပဲပြောပြော နောင်တဆိုတာ ကိုယ်အမှားလုပ်ခဲ့မိတာကို ပြန်ပြီးဆင်ခြင်သတိကပ်တာလဲ ဖြစ်နိုင်တာပဲဆိုပြီး... ကောင်းတဲ့ဘက်က မြင်ပြီး ... အဲဒီစုတ်ချက်မဲမဲတွေပေါ်မှာ အဖြူရောင်ပန်းခက်တွေ ဆွဲလိုက်မယ်လို့ စိတ်ကူးပြီး နောင်တကို ပုံဖော်လိုက်တာပါ။

နေမျိုးဆေး

www.burmeseclassic.com

www.burmeseclassic.com

## နန္ဒာသိန်းဇံ ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ - ၃၅/၈၉(၁)
၂။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် - ၃၈၀/၈၉(၈)
၃။ အတွေးအခေါ်တို့ လွှင့်မျောခြင်းနှင့်
လူ၏ဆောက်တည်ရာ - ၃၆၉/၈၉(၈)
၄။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ - ၂၅/၉၂(၂)
၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း - ၃၉၄/၈၉(၈)
၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း - ၄၈၇/၈၈(၁၁)
၇။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ - ၂၁၁/၈၉(၅)
၈။ အရိမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေပုံ့နေဆဲ - ၁၃၆/၉၅(၃)
၉။ အသွင်သဏ္ဍာန်တို့နောက်ကွယ်၌ - ၄၀၈/၉၄(၇)
၁၀။ ကြာ - ၄၁၄/၉၁(၁၀)
၁၁။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော
မှတ်ချက်များ - ၃၉၃/၈၉(၈)
၁၂။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ - ၃၀၂/၂၀၀၀(၅)
၁၃။ တွေးချိန်ချင့်စရာ - ၁၀၄၈/၂၀၀၁(၁၀)
၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ
၁၅။ ဖြေဆည်ရာ - ၄၂၂/၈၈(၇)
၁၆။ THROUGH LIFE'S PERIALS 1148
၁၇။ မနက်ဖြန်များကိုဖြတ်သန်းနေသော စိတ်ကူးများ - ၈၆၂/၂၀၀၂(၁၀)
၁၈။ ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ - ၃၀၉/၂၀၀၄(၄)
၁၉။ သမုဒ်ပင်လယ်ပြာ နှိုင်းပမာ - ၄၀၀၂၄၃၀၃၀၈

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဖန်နဝါရီသို့ ... | ၁၁ |
| ၂။ | သူတစ်ပါးကို ကူညီရင်းနဲ့ ... | ၂၉ |
| ၃။ | တွင်းနက်နဲ့ ဝဲအလှည့် | ၃၇ |
| ၄။ | ရတနာကောင်းရဖို့ | ၄၅ |
| ၅။ | အပြစ်တင်လိုလျှင် | ၅၃ |
| ၆။ | ကိုယ်လျှောက်မည့်လမ်း | ၆၁ |
| ၇။ | နောင်မှတတ့် နောင်တ | ၇၀ |
| ၈။ | နှစ်ဦးနှစ်ဖက် အကျိုးများစေဖို့ ... | ၈၃ |
| ၉။ | အချိန်မီ | ၉၇ |
| ၁၀။ | မအိုဆေး | ၁၀၃ |
| ၁၁။ | ကြမ္မာကို ရှုံးမယ်ဖွဲ့ ကြသူများ | ၁၁၁ |
| ၁၂။ | ကြက်ဥခွဲသူများ | ၁၂၃ |
| ၁၃။ | ပရိယာယ် | ၁၃၁ |
| ၁၄။ | ရွေး မရွေး | ၁၄၃ |
| ၁၅။ | ပြီးတော့မှ ... | ၁၅၁ |
| ၁၆။ | အရင်းနှစ်ခု | ၁၆၁ |


www.burmeseclassic.com

www.burmeseclassic.com

## ဇန်နဝါရီသို့ ...

ပြက္ခဒိန်ကို လှမ်းကြည့်မိရာက ဪ... ခရစ်နှစ် တစ်နှစ် ကုန်ဦးတော့မယ်ဆိုတဲ့ ညည်းညူတဲ့ အတွေးက ဖြစ်လာတယ်။ အချိန်တွေက အကုန်မြန်နေသလိုပဲ။ ရက်တွေ တိုများလာလေသလား၊ အလုပ်တွေက မပြီးသေး၊ ရက်တွေက အကုန်အဆုံးမြန်။

ဒါကြောင့်ထင်ပါရဲ့ Time is flying အချိန်တွေ အမြန်ပျံသန်းနေတယ်လို့ ပြောတာဖြစ်မယ် ထင်ပါရဲ့။

ရှုပ်လိုက်တဲ့အလုပ်တွေ၊ နေ့စဉ်ရက်ဆက် လုပ်ကိုင်ဆောင်ရွက်နေရတဲ့ သူ့အတွက်၊ ကိုယ့်အတွက်၊ ဟိုလူ့အတွက် သည့်လူ့အတွက် အလုပ်တွေ၊ အချိန်မီ အချိန်ကိုက် ဆောင်ရွက်ပေးရတဲ့အလုပ်တွေ၊ ပြီးပြတ်တယ်ရယ်လည်း မရှိ။ ဒီလောက်တောင် အလုပ်တွေရှုပ်နေတာ... "သေဖို့တောင် အချိန်မရနိုင်တော့ဘူးလား"ဆိုတဲ့ အမေးကို



www.burmeseclassic.com

www.burmeseclassic.com



သတိရတယ်၊ ထိတ်လန့်လဲ သွားမိသလိုပဲ။ ဒီအမေးက… ရှေးအခါက သီဟိုဠ်မှာ မဟာသီဝဆိုတဲ့ ကျမ်းတတ် ပုဂ္ဂိုလ် မထေရ်မြတ်ကြီးကို သူ့တပည့်က မေးလျှောက်လိုက်တဲ့ အမေးစကား…

မဟာသီဝမထေရ်မြတ်ကြီးဟာ အင်မတန် ထက်မြက်တဲ့ ကျမ်းတတ်ပုဂ္ဂိုလ်ကျော်ကြီးဆိုတော့ သူ့ထံမှာ လာရောက်ပြီး ပညာဆည်းပူးနေကြတဲ့ ရဟန်းတပည့်တွေက အများကြီး၊ အများကြီးမှ အများကြီးပါပဲ။ အဲဒီမထေရ်မြတ်ကြီးရဲ့ အဆုံးအမဩဝါဒကို ခံယူပြီး တရားအားထုတ်တဲ့အတွက် ရဟန်းတပည့်များစွာဟာလည်း အရဟတ္တမဂ်ဖိုလ်ပညာတွေကို ထိုးထွင်းသိမြင်ကုန်ကြတယ်။ တစ်နေ့မှာ… အဲဒီအရဟတ္တမဂ်ဖိုလ်ကို ထိုးထွင်းသိမြင်တဲ့ ရဟန်းတော်တွေအနက်က တပည့်ရဟန်းတစ်ပါးဟာ ဒီလိုတွေးမိတယ်။ "ငါ့ရဲ့ဆရာ မဟာသီဝ မထေရ်မြတ်ကြီးဟာ ငါ့အပေါ်မှာ ကျေးဇူးကြီးမားလှပေတယ်၊ သူ့အဆုံးအမ ဩဝါဒပေါ်မှာ အမှီပြုပြီး ငါဟာ ဈာန်အဘိညာဉ်နဲ့တကွ အရဟတ္တမဂ်ဖိုလ်ပညာကို ရခဲ့တယ်၊ ငါ့ဆရာ မဟာသီဝ မထေရ်မြတ်ကြီးကော… ဘယ်လိုအဆင့်အတန်းမျိုး ရှိပါလိမ့် …လို့ ဆင်ခြင်ပြီးတော့ အဘိညာဉ်နဲ့ သူ့ဆရာ မဟာသီဝမထေရ်ကြီးရဲ့ အဆင့်အတန်းကို ကြည့်တယ်။ ကြည့်တော့… သူ့ဆရာ မဟာသီဝ မထေရ်ကြီးဟာ ကျမ်းဂန်စာပေတွေကိုသာ တစ်ဖက်ကမ်းခတ် တတ်သိတဲ့ ပုဂ္ဂိုလ်ကြီးသာ ဖြစ်တယ်၊ အဆင့်အတန်းအားဖြင့်တော့ ပုထုဇဉ် အဆင့်အတန်းမျှသာပဲ ရှိသေးသူဖြစ်တယ်" ဆိုတာကို မြင်သိတယ်၊ "ငါတို့ဆရာ မဟာသီဝမထေရ်ကြီးဟာ သူတစ်ပါးတို့ရဲ့ မှီခိုအားထားရာဖြစ်ပေမယ့် သူကိုယ်တိုင်မှာတော့ မှီခိုအားထားရာ မရသေးပါလား၊ ငါသွားပြီး ဆရာ့ကို ဒီအချက်နဲ့ စပ်လျဉ်းပြီး သတိပေးမယ်"လို့ တပည့်ရဟန်းဟာ ကြံစည်ပြီးတော့





မဟာသီဝမထေရ်မြတ်ကြီးရှိရာ ကျောင်းတော်ကို ကြွသွားတယ်။ ရောက်တဲ့အခါမှာ မဟာသီဝ မထေရ်ကြီးက…

"ငါ့ရှင်… အဘယ်အကြောင်းကြောင့် လာရောက်သလဲ"လို့ မေးတယ်။ တပည့်ရဟန်းက "တရားတစ်ပုဒ်လောက် ဆရာ့ထံမှာ သင်ယူလိုတဲ့အတွက်ကြောင့် လာခဲ့ပါတယ်"လို့ လျှောက်တယ်။ ဒီလိုလျှောက်တော့ မဟာသီဝမထေရ်ကြီးက…

"အခွင့်ရနိုင်မယ် မဟုတ်ဘူး ငါ့ရှင်"လို့ ပြန်ပြောတယ်။ မထေရ်မြတ်ကြီးမှာက စာသင်သား တပည့်တွေ အများကြီးမှ အများကြီးရှိနေတာ၊ သင်ကြားပေးရမယ့် အချိန်တွေက အပြည့်ဖြစ်နေတယ်။ ဒီတော့ အခုလာတဲ့ တပည့်အတွက် အချိန်မပေးနိုင်ဘူးဖြစ်နေတယ်။ တပည့်ဖြစ်သူက မထေရ်မြတ်ကြီးကို "အရှင်ဘုရားမှာ ဒီလောက်တောင် အချိန်ပို မရနိုင်လောက်အောင်ဖြစ်နေရင် 'ယနေ့ ငါဘယ်အရပ်ကို ဆွမ်းခံကြွရပါ့မလဲ'လို့ ကြံစည်စဉ်းစားရာ တန်ဆောင်းဝန်းမှာ အရှင်ဘုရား ရပ်တော်မူတဲ့အခိုက်မှာ တပည့်တော် သင်လိုတဲ့ တရားနဲ့ပတ်သက်ပြီး မေးမြန်းပါရစေ"လို့ တောင်းပန်တယ်။ ဒီလိုတောင်းပန်တာကို မထေရ်မြတ်ကြီးက…

"အဲဒီနေရာမှာလည်း အခြားရဟန်းတွေက စောင့်ပြီး ငါ့ကို ပြဿနာတင်ကြ၊ မေးမြန်းကြတယ်၊ ဒါကြောင့် ငါ့ရှင်အတွက် အချိန်ရနိုင်မယ် မဟုတ်ဘူး"လို့ ပြောတယ်။

"ဒီလိုဆို… အရှင်ဘုရား ဆွမ်းခံကြွရာ လမ်းခရီးတစ်လျှောက်မှာ လိုက်ပါမေးမြန်းပါရစေ"

"ငါဆွမ်းခံကြွရာ လမ်းခရီးမှာလည်း အခြားရဟန်းတွေက ပြဿနာ မေးလျှောက်ကြတာပဲ"

"မြို့ထဲမှာ ဆွမ်းခံပြီးလို့ ပြန်ကြွလာတဲ့ လမ်းမှာကော ဘုရား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အပြန်လမ်းမှာလည်း ရဟန်းတွေက ပြဿနာ မေးလျှောက်ကြတာပဲ"

"ဆွမ်းစားကျောင်းမှာ... အရှင်ဘုရား ဆွမ်းဘုန်းပေးခြင်းကိစ္စပြီးတဲ့အချိန်မှာကော တပည့်တော် မေးမြန်းခွင့်ရပါ့မလားဘုရား"

"အဲဒီအချိန်မှာလဲ ပြဿနာမေးလျှောက်မည့် ရဟန်းတွေရှိနေကြတယ်"

တပည့်ရဟန်းက အားလပ်တဲ့အချိန်ကို စုံစမ်းတိုင်း ဆရာဖြစ်သူ မဟာသီဝမထေရ်ကြီးမှာ အချိန်တိုင်း မအားမလပ်တာချည်းဖြစ်နေတာကို တွေ့ရတယ်။ ဒီအခါမှာ တပည့်ဖြစ်သူက ဆရာဖြစ်သူမဟာသီဝမထေရ်ကြီးကို

"ဒီအတိုင်းသာဆိုရင် အရှင်ဘုရားမှာ သေရမယ့်အချိန်ကိုတောင် မရနိုင်တော့ဘူးလားဘုရား"တဲ့။

မဟာသီဝမထေရ်ကြီးအတွက် သတိသံဝေဂ ရသွားစေတဲ့စကား ဖြစ်ပါလိမ့်မယ်။ တပည့်ရဟန်းက ဆရာမထေရ်မြတ်ကြီးကို

"အရှင်ဘုရားမှာ ကမ္မဋ္ဌာန်းတရား အားထုတ်ဖို့ အချိန်တော့ရသင့်ပါတယ်။ ယူသင့်ပါတယ်။ အရှင်ဘုရားဟာ 'တံကဲပျဉ်'နဲ့တူနေပါတယ်။ အရှင်ဘုရားဟာ သူတစ်ပါးရဲ့ မှီရာသာဖြစ်ပေမဲ့ အရှင်ဘုရား ကိုယ်တိုင်မှာတော့ မှီရာ၊ အားကိုးရာမရှိ ဖြစ်နေပါတယ်။ အရှင်ဘုရားဟာ သံသရာမှာ ထောက်တည်မှီခိုရာဖြစ်တဲ့ တရားဓမ္မကို ထိုးထွင်းသိမြင်မှု မရှိသေးပါဘူး၊ တပည့်တော် အရှင်ဘုရားဆီလာတာဟာ အရှင်ဘုရားထံမှာ တရားဓမ္မ သင်ယူဖို့လာတာမဟုတ်ပါဘူး"လို့ ပြောပြီးတော့ တပည့်ဖြစ်သူက ဈာန်အဘိညာဉ်နဲ့ ပြန်ကြွသွားတယ်။ မဟာသီဝမထေရ်ကြီးဟာ သတိတရားရပြီး





ကမ္မဋ္ဌာန်းတရားကို မရပ်မနား အားထုတ်လိုက်တာ နောက်ဆုံးမှာ အရဟတ္တမဂ်ဖိုလ်ဆိုတဲ့ ဓမ္မရိပ်ကို ခိုခွင့်ရသွားတယ်။ တကယ့်မှီခိုရာကို ရသွားခြင်းပါပဲ။

"သေရမယ့်အချိန်ကိုတောင် မရနိုင်တော့ဘူးလား"ဆိုတဲ့ ကြားယောင်လာတဲ့ စကားသံရဲ့ အချောက်အလှန့်ကို ခံနေရတာတော့ အမှန်ပဲ။

နှစ်ဟောင်းကို ပြန်ကြည့်လိုက်ရင် ရှုပ်ခဲ့တဲ့အလုပ်တွေက ဓမ္မရိပ်နဲ့ ဝေးတဲ့အလုပ်တွေချည့်။ ဓမ္မရိပ်နဲ့ ဝေးရတဲ့အထဲမှာ... အမှားမှား၊ အယွင်းယွင်းတွေက အများကြီး။ တွေးတောကြံစည်၊ ပြောတာဆိုတာ၊ ပြုမူဆောင်ရွက်တာတွေမှာ အချွတ်အချော် အတိမ်းအပါးတွေနဲ့ဆိုတော့ ရလိုက်တဲ့ နောင်တတွေကလည်း အများကြီးမှ အများကြီး...။ ကိုယ့်လိုလူတွေလဲ လောကကြီးမှာ အများကြီး ရှိနေမှာပါ၊ ရှိလည်းရှိခဲ့မှာပါလို့ ကိုယ်တစ်ယောက်တည်း မမှားချင်တဲ့စိတ်နဲ့ သူများတွေကိုပါ မှားဖော်မှားဖက် ရှာမိတာကို သတိတော့ထားမိပါရဲ့၊ နှစ်ဟောင်းတွေဆီ ပြန်ကြည့်လိုက်ရင် အချိန်မှန်မှန် လုပ်သင့်လုပ်ထိုက်တာကို မလုပ်မိခဲ့လို့ နစ်နာဆုံးရှုံးသွားတာတွေလည်း အများကြီးရှိတယ်။

ပြက္ခဒိန်ကြည့်ရင်း ဖြစ်ပေါ်လာတဲ့ အတွေးစဉ်မှာ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုး ပြောတဲ့စကားကိုလည်း အမှတ်ရလာပါတယ်။ မွန်ရိုးက ပြောတယ်၊ "ကျွန်မ ပြက္ခဒိန်ပေါ်တော့ ခဏခဏရောက်ပါတယ်၊ ဒါပေမဲ့ ကျွန်မကတော့ အချိန်မမှန်တတ်ပါဘူး"တဲ့၊ ဟုတ်မှာပေါ့။ သူ့ပုံနဲ့ ပြက္ခဒိန်မျိုးစုံ ထုတ်ခဲ့တာပဲ၊ ပြက္ခဒိန်ပေါ်ကို သူ ခဏခဏ ရောက်ခဲ့တာ ဟုတ်တာပေါ့။ ပြောတဲ့အတိုင်းပဲ မွန်ရိုးဟာ ဘယ်နေရာမှာမှ အချိန်မမှန်တတ်ဘူး၊ ရုပ်ရှင်ရိုက်ကွင်းကို



www.burmeseclassic.com

www.burmeseclassic.com



သွားရာမှာလည်း အချိန်မမှန်ဘူး၊ သူ သီချင်းဆိုပြရမယ့်၊ သရုပ်ဆောင်ပြရမယ့် အခမ်းအနားတွေကို သွားရာမှာလည်း အချိန်မမှန်ဘူး၊ အိပ်တာ၊ စားတာတွေမှာလည်း အချိန်မမှန်ဘူး၊ သူ့ဘဝမှာ စနစ်တကျ ဘာမှမရှိဘူး၊ အချိန်မမှန်တာ၊ ပုံမှန်မလုပ်တာ၊ စနစ်တကျ မရှိတာတွေနဲ့ ထင်ရာစိုင်းခဲ့တဲ့ မွန်ရိုးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝဆုံးသွားတယ်။ အချိန်မှန်မှန်၊ စနစ်ရှိရှိနဲ့ ဘဝကို အလေးအနက် မနေတတ်လို့ ဒီလိုဖြစ်ရတာလို့ မှတ်ချက်ချသူတွေရှိတယ်။

ပုထုဇဉ်တွေဆိုတော့လည်း မှားတာယွင်းတာ ချွတ်ချော်တာတွေ ရှိမှာပဲ၊ ဒါပေမဲ့… တချို့သော အမှားတွေက ဘဝပျက်လောက်အောင် မှားတဲ့ အမှားမျိုးတွေဖြစ်နိုင်တယ်၊ တစ်ခါမှာ လေထီးခုန်တော့မယ့် လေထီးတပ်သားတစ်ဦးက သူ့ဆရာကို "ဆရာ… ကျွန်တော့် လေထီးကို နောက်အသစ်တစ်ခုနဲ့ လဲချင်တယ်၊ အခု လေထီးရဲ့ အခြေအနေက သိပ်စိတ်မချရဘူး" လို့ပြောတော့ ဆရာက ဘယ်နှယ်ပြန်ပြောလဲဆိုတော့… "ခုန်ချကြည့်လိုက်ပေါ့ကွာ၊ မကောင်းတော့လည်း ပြန်လဲပေါ့" တဲ့။

ခုန်ချပြီး လေထီးမပွင့်လို့ အောက်မှာ အသက်ကုန်ပြီဖြစ်မှတော့ ဘယ်လိုလုပ် လေထီးအသစ်နဲ့ လာပြီးလဲနိုင်တော့မှာလဲ။ ဒီအဖြစ်အပျက်က လုပ်ကြံပြီးပြောတာ ဖြစ်ပါလိမ့်မယ်၊ တကယ့်လက်တွေ့ဘဝမှာတော့ သူ့ဆရာပြောတဲ့ စကားအတိုင်း ခုန်ချမယ့် လေထီးတပ်သား မရှိလောက်ပါဘူး။

ဒါပေမဲ့ မဟုတ်တာပြောမိ မှားလို့ ဘဝပျက်သွားတာတွေ၊ ကိုယ့်ဝန်းကျင်က လူတွေကို ထိခိုက်နစ်နာစေတာတွေနဲ့ ပတ်သက်ပြီး ဖော်ပြထားတာတွေ အများကြီးပဲ၊ ဟို… လွန်ခဲ့တဲ့ ၅ ကမ္ဘာလောက်က ဘုရားအလောင်း ရွှဲကုန်သည်နဲ့ ဒေဝဒတ်အလောင်း ရွှဲကုန်သည် ပြဿနာဖြစ်ကြတာကို သတိရကြည့်။





မြေးမကလေးက ရွှဲလိုချင်လို့ အဘွားဖြစ်သူက ရွှဲနဲ့ရသလောက် လဲပေးပါဆိုပြီး ပြလာတဲ့ မည်းညစ်နေတဲ့ခွက်ကို ဒေဝဒတ်အလောင်းအလျာ ရွှဲကုန်သည်က ရွှေခွက်မှန်းသိလျက်နဲ့ ဘာမှတန်ဖိုးမရှိတဲ့ခွက်လို့ လိမ်ပြောတယ်။ မမှန်စကားဆိုတယ်။ ဒေဝဒတ်အလောင်းအလျာ ရွှဲကုန်သည်ကို လောဘတွေဖုံးနေတယ်၊ ဒေဝဒတ်အလျောင်းအလျာကို လောဘအမှောင် ဖုံးလွှမ်းနေတယ်။

ရွှေခွက်ကြီးကို အလကားနီးပါး လိုချင်နေတယ်။ နည်းနည်းကလေးပေးပြီး များများကြီး လိုချင်နေတယ်။ အမှောင်ထဲမှာ အဖြူအမည်း မသဲကွဲဘူးဆို မဟုတ်လား။ လောဘဆိုတဲ့ အမှောင်၊ ဒေါသဆိုတဲ့ အမှောင်၊ မောဟဆိုတဲ့ အမှောင်တွေဖုံးပြီဆိုရင် လူဟာ အမှားအမှန်၊ အကောင်းအဆိုး ခွဲခြားမမြင်တော့ဘူး၊ ဒေဝဒတ်အလောင်းအလျာ ရွှဲကုန်သည်ဟာ ရွှေခွက်ကို ရွှေခွက်ပါလို့ အမှန်မပြောဘဲနဲ့ အဘွားကြီးထံကနေ ထွက်သွားတယ်၊ သူ့အကြံက… နောက်တစ်ကျော့ ပြန်လာပြီးမှ ရွှဲအနည်းဆုံးပေးပြီး ရွှေခွက်ကြီးကို ယူမယ်ဆိုတဲ့ အကြံနဲ့ ဖြစ်မှာပေါ့။

ဘုရားလောင်း ရွှဲကုန်သည် အခုန မြေးအဘွားဆီရောက်တော့ ဘုရားလောင်း ရွှဲကုန်သည်ကတော့ အမှန်အတိုင်းပြောတယ်၊ ရွှေခွက်ကို ရွှေခွက်ဖြစ်ပါတယ်လို့ပြောတယ်။ သူ့မှာပါသမျှ ရွှဲတွေကို အကုန် မြေးအဘွားကိုပေးတယ်၊ တန်ရာတန်ကြေးအားဖြင့် သူ့ဘက်က ရွှဲတွေထပ်ပေးဖို့ လိုသေးတယ်လို့ ရိုးရိုးသားသား မှန်မှန်ကန်ကန်ပြောတယ်။ အဘွားကြီးက ကျေကျေနပ်နပ်နဲ့ ရွှေခွက်ကို ဘုရားလောင်း ရွှဲကုန်သည်ရဲ့ လက်ထဲထည့်လိုက်တယ်။

ဘုရားလောင်း ရွှဲကုန်သည် ရွှေခွက်ကို ရယူသွားတာကိုသိတော့ ဒေဝဒတ်လောင်းလျာ ရွှဲကုန်သည်ဟာ အကြီးအကျယ် ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်တယ်။ လောဘအမှောင်တွေဖုံးရာက အခု ဒေါသအမှောင်တွေ ဒေဝဒတ်လောင်းလျာ ရှဲကုန်သည်ကို ဖုံးလွှမ်းတယ်။ ဒေါသတွေနဲ့ အာဃာတတွေနဲ့ ဒေဝဒတ်လောင်းလျာ ရှဲကုန်သည်ဟာ ဘုရားလောင်းကို ရန်ငြိုးတွေဖွဲ့တယ်။ ဒေါသအာဃာတတွေ ပြင်းထန်လွန်းတော့ ဒေဝဒတ်အလောင်းအလျာ ရှဲကုန်သည်ဟာ သွေးတွေအန်ပြီး ဘဝပျက်သွားတာပဲ။ ခွက်ကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ရန်ငြိုး ဒေါသတွေနဲ့ ဒေဝဒတ်လျောင်းလျာဟာ ဘုရားလောင်းနဲ့ ဆုံတွေ့တဲ့ ဘဝတိုင်းမှာ ဘုရားလောင်းကို ဘဝမပျက်ပျက်အောင် ဖျက်ဖို့အားထုတ်တော့တာပဲ။

တစ်ခုသောဘဝမှာ ဘုရားလောင်းဟာ မျောက်တွေရဲ့ ခေါင်းဆောင် မျောက်မင်း ဖြစ်တယ်၊ ဒေဝဒတ် အလောင်းအလျာဟာလည်း မျောက်မင်းရဲ့ နောက်လိုက် မျောက်တွေထဲမှာ အပါအဝင် မျောက်တစ်ကောင် ဖြစ်လာတယ်။ တစ်ခါမှာ... ဘုရားလောင်း မျောက်မင်းနဲ့ နောက်လိုက် မျောက်တွေဟာ သရက်ပင်ကြီးတစ်ပင်ပေါ် တက်ကြပြီး အင်မတန်ချိုမြိန်တဲ့ သရက်သီးမှည့်တွေကို စားနေကြတယ်။ နေဝင်ချိန်လောက်မှာ ဒီသရက်ပင်ကြီးအောက်ကို ဘုရင်နဲ့ သူ့နောက်လိုက် နောက်ပါတွေ ရောက်လာတယ်။ ဒီလိုလူတွေ သရက်ပင်ကြီးအောက် ရောက်လာတာကို မျောက်တွေသိတော့ ထိတ်ထိတ်လန့်လန့်တွေဖြစ်ပြီး သူတို့ရဲ့ မျောက်ခေါင်းဆောင် မျောက်မင်းကို လူတွေရောက်နေတဲ့အကြောင်း ပြောကြတယ်။ နေမှောင်သွားလို့ မျောက်တွေ အသတ်မခံရသေးတာ။ နောက်နေ့ မိုးလင်းရင်တော့ မျောက်တွေဟာ ဘုရင်ရဲ့ နောက်တော်ပါလေးသည်ကော်တွေရဲ့ အပစ်အခတ် အသတ်အဖြတ်ကို ခံရတော့မှာ သေချာတယ်။ ဒါကိုသိနေတဲ့ မျောက်မင်းဟာ သူ့နောက်လိုက်





မျောက်တွေကို ကယ်ဖို့ သရက်ပင်ကြီးကနေပြီး မြစ်ကိုကျော်ခုန်ခဲ့တယ်။ ခုန်တဲ့အခါမှာလည်း သရက်ပင်ကနေ အကွာအဝေးကို အသေအချာ တွက်ဆပြီး ခုန်ခဲ့တာပဲ။ သူ့အကြံက နွယ်ကြိုးရှာမယ်၊ တွေ့ရင် သူတွက်ဆခဲ့တဲ့ အလျားအတိုင်း ဖြတ်တောက်ပြီးတော့ နွယ်တစ်စကို ခိုင်ခံ့တဲ့နေရာတစ်ခုမှာ ချည်တုပ်ခဲ့မယ်၊ ကျန်တဲ့ နွယ်ကြိုးစကို ခါးမှာပတ်ချည်ပြီးတော့ သရက်ပင်ကြီးဆီကို ပြန်ခုန်မယ်၊ ရောက်တဲ့အခါ သရက်ကိုင်းမှာ နွယ်တစ်စကိုချည်ပြီး ကြိုးတန်းလိုက်မယ်၊ အဲဒီကြိုးတန်းကနေပြီး အောက်ကစောင့်ဆိုင်းနေတဲ့ ရန်သူတွေလက်ကလွတ်အောင် မျောက်တွေအားလုံးကို ဆင်းခိုင်းမယ်ဆိုတဲ့ အကြံအစည် ဖြစ်ပါလိမ့်မယ်။

မျောက်မင်းဟာ သူ ကြံစည်ထားတဲ့အတိုင်း ကြိုးရှာတယ်။ ရတဲ့အခါမှာ သူ တွက်ဆထားခဲ့တဲ့အတိုင်း ဖြတ်တောက်ပြီး ခိုင်ခံ့တဲ့ နေရာမှာ ကြိုးတစ်စကိုချည်တယ်၊ ကျန်ကြိုးတစ်စကိုတော့ ခါးမှာပတ်ချည်ပြီးတော့ သရက်ပင်ကြီးရှိရာကို ပြန်ပြီးခုန်တယ်။

ဒီကြိုးပမ်းမှုဖြစ်စဉ်မှာ ဘုရားလောင်း မျောက်မင်းအတွက် ကြေကွဲစရာဖြစ်စေမယ့် အချက်တစ်ခု ပါဝင်နေတယ်။ အဲဒါက ဘာလဲဆိုတော့ မျောက်မင်းဟာ သူ့ခါးမှာ ပတ်ချည်မည့်ကြိုးရဲ့ အလျားကို ထည့်မတွက်မိဘဲ မေ့လျော့သွားတဲ့အချက်ပဲ။ ဒါကြောင့် ပြန်ခုန်လာတဲ့အခါမှာ သရက်ပင်ကြီးပေါ် သေသေချာချာ ပြန်မရောက်ဘဲ သရက်ကိုင်းတစ်ကိုင်းကို ဆွဲမိရုံပဲ ရောက်သွားရတဲ့ အဖြစ်ပါပဲ။

ဘုရားလောင်းမျောက်မင်းဟာ ကြိုးအသစ်လဲဖို့ ပြန်ပြီးခုန်လို့ ဖြစ်တော့ဖြစ်မှာပဲ၊ ဒါပေမဲ့... အင်မတန် ခွန်အားကြီးတဲ့သူဆိုတော့ သူ့ကျောပေါ်ကတစ်ဆင့် ကြိုးတန်းအတိုင်း မျောက်တွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆင်းသွားသည်အထိ သူ တောင့်ခံနိုင်တယ်လို့ ယုံကြည်ပုံရတယ်။ ဒါကြောင့်လည်း နောက်တစ်ခေါက် ကြိုးယူဖို့ ပြန်မခုန်တော့ဘဲ သူ့ကျောပေါ်ကတစ်ဆင့် ကြိုးတန်းအတိုင်း ဆင်းသွားကြဖို့ သူက အမိန့်ပေးလိုက်တယ်။ ပြီးတော့လည်း ဒီလုပ်ဆောင်ချက်ကို မိုးမလင်းမီ လုပ်ဆောင်ရမှာဆိုတော့ အချိန်မကုန်ချင်လို့ နောက်တစ်ခေါက် ကြိုးယူဖို့ ပြန်မခုန်တာလဲ ဖြစ်နိုင်ပါတယ်။

မျောက်တွေဟာ ဘုရားလောင်းမျောက်မင်း ညွှန်ကြားတဲ့အတိုင်း ကျောပေါ်မှတစ်ဆင့် ကြိုးတန်းအတိုင်း ဖက်တွယ်နင်းလျှောက်ပြီး ဆင်းကြတယ်။

နောက်ဆုံးကျန်နေတဲ့ မျောက်ကတော့ ဒေဝဒတ်အလောင်းမျောက်ဖြစ်တယ်။ ဘုရားလောင်း မျောက်မင်းကို မနာလိုမုန်းတီးတဲ့ ဒီဒေဝဒတ်လောင်း မျောက်အဖို့ အခုလို ဘုရားလောင်းမျောက်မင်း သစ်ကိုင်းကို ဆွဲထားလျက်ရှိနေရတဲ့ အခြေအနေဟာ သူ့အတွက် ယုတ်မာတဲ့အလုပ် ဘုရားလောင်းမျောက်မင်းအပေါ် လုပ်ဖို့အခွင့်ကောင်းကြီးတစ်ရပ် ဖြစ်နေတယ်။

ဒေဝဒတ်အလောင်းအလျာ မျောက် ဘာလုပ်သလဲဆိုတော့…ဘုရားလောင်းမျောက်မင်းရဲ့ ခါးပေါ်ကို တမင်သက်သက် အရှိန်ပြင်းပြင်းနဲ့ ခုန်ချလိုက်တယ်။ ဒီလိုခုန်ချလိုက်လို့ ဘုရားလောင်းမျောက်မင်းရဲ့ခါးဟာ သွင်သွင်ကျိုးသွားတယ်။ ဒီဒဏ်ရာနဲ့ပဲ မျောက်မင်းဟာ သရက်ပင်ကြီးပေါ်ကကျပြီး အသက်ကုန်ခဲ့ရတယ်။ တကယ်လို့သာ ခါးကိုပတ်မည့်ကြိုး အလျားကို သတိပြုခဲ့မယ်၊ တွေးသိမိခဲ့မယ်ဆိုရင် ဒီလိုကြေကွဲဖွယ်အဖြစ်မျိုးကို မျောက်မင်း ကြုံရမှာမဟုတ်ဘူး။ ဒီလိုယုတ်မာတဲ့ နောက်လိုက်မျောက်မျိုး သူ့အဖွဲ့အစည်း





ထဲမှာ ပါလာနိုင်တယ်ဆိုတာကို ထည့်မတွက်မိလို့ ခုလိုကြုံရတာလဲ ဖြစ်နိုင်ပါတယ်။

တစ်ခုသောဘဝမှာလည်း ဒေဝဒတ်လောင်းလျာက ဘုရင်ဖြစ်နေတယ်၊ ဘုရားလောင်းကတော့ ခန္တီဝါဒီရသေ့ဖြစ်တယ်။ သည်းခံနိုင်တဲ့ ရသေ့ ဟုတ်မဟုတ် သိရအောင်ဆိုပြီး ခန္တီဝါဒီရသေ့ရဲ့ ခြေတွေကိုဖြတ်ဖို့ခိုင်း၊ လက်တွေကိုဖြတ်ဖို့ခိုင်း၊ နားရွက်တွေကိုဖြတ်ခိုင်းနဲ့ သွေးသံရဲရဲနဲ့ အသက်ကုန်သည်အထိ ဒေဝဒတ်လောင်းလျာဟာ ရသေ့ရဲ့ဘဝကို ဖျက်ဆီးပစ်ရဲ့သူဖြစ်တယ်။ ဘုရားအလောင်းတော် ဘုရားအဖြစ် ရောက်လာတော့လည်း ဒေဝဒတ်ဟာ ဘုရားရှင်ကို သတ်ဖို့ အကြိမ်ကြိမ် အားထုတ်တယ်။

ဒေဝဒတ်ဟာ လောကီဈာန် အဘိညာဏ်တန်ခိုးတွေ ရတယ်လို့ အဆိုရှိတယ်၊ အဇာတသတ်မင်းသားငယ်ကို လူငယ်အသွင် ဖန်ဆင်းပြတာ၊ မြွေသတ္တဝါတွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဖန်ဆင်းပြနိုင်တာတွေရှိတယ်။ ဒါပေမဲ့ ဟိုလွန်ခဲ့တဲ့ ၅ ကမ္ဘာက သူနဲ့ ဘုရားအလောင်း ရွှေခွက်ကိစ္စနဲ့ပတ်သက်ပြီး ပြဿနာဖြစ်တာတွေကို ပြန်ပြီးသိမြင်နိုင်တဲ့ အဘိညာဏ် မရှိဘူးလားတော့ မသိဘူး၊ တကယ်လို့များ အဲဒီ ၅ ကမ္ဘာလောက်က ရွှေခွက်နဲ့စပ်လျဉ်းပြီး ဖြစ်ပျက်ခဲ့တာတွေကို အဘိညာဏ်နဲ့ အသေအချာ ပြန်ပြီးမြင်နိုင်ရင် နောင်တရမှုတွေဖြစ်နိုင်မလား မဆိုနိုင်ဘူး၊ ရွှေခွက်ကို ရွှေခွက်ပါလို့ အမှန်မဆိုခဲ့မိလို့ မလိုလားအပ်တဲ့ ပြဿနာတွေ ဘုရားလောင်းနဲ့ သူ့ကြား ဖြစ်ခဲ့တာကို နောင်တရနိုင်လေမလား။ ထူထူပိန်းပိန်း ဒေါသအာဃာတတွေ ဖုံးလွှမ်းနေရင်တော့ အမှန်ကိုမြင်ဖို့က မလွယ်၊ အမှန်ကို မြင်လာလို့ အမှားကိုပြင်မယ်ကြံတော့လည်း အချိန်တွေက သိပ်နောက်ကျသွားတာမျိုးတွေ ဖြစ်ကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝဒတ်ဟာ နောက်ဆုံးမှာ ဗုဒ္ဓဘုရားရှင်အပေါ် ပြုခဲ့မိတာတွေကို နောင်တအကြီးအကျယ်ရပြီး ဘုရားဆီကို ဖူးမြော်ရအောင်လာတယ်။ ဒေဝဒတ်ဟာ ၉ လကြာ မနာမကျန်းဖြစ်ပြီးမှ ခုလို နောင်တတွေရပြီး ဘုရားရှင်ထံ ဖူးမြော်ရအောင်လာတာ။ သူ့တပည့်တွေက သူ့ကို ညောင်စောင်းပေါ်မှာတင်ပြီး ဘုရားရှင်ဆီ ပို့ဖို့ သယ်ယူလာကြတယ်။ ဒီလို ဒေဝဒတ် ဘုရားရှင်ဆီလာနေတဲ့အကြောင်းကို ရဟန်းတော်တွေက ဘုရားရှင်ကို သတင်းပေးလျှောက်ထားကြတယ်။ ဒါပေမဲ့ ဘုရားရှင်က ရဟန်းတော်တွေကို "ငါဘုရားရှင်ကို ဒေဝဒတ် ဖူးမြော်ခွင့်မရနိုင်တော့ဘူး"လို့ မိန့်ဆိုတယ်။

ဒေဝဒတ်ဟာ အမှားကိုမြင်လို့ ပြင်ချင်ပေမဲ့ အချိန်က သိပ်နောက်ကျသွားပြီ။ သူပြုခဲ့တဲ့ မကောင်းမှုတွေက သူ့ကိုပြင်ဆင်ချိန်မရအောင် ဖန်တီးတယ်လို့ဆိုရမှာပဲ။ ဒေဝဒတ်ကို သယ်ယူလာကြတဲ့သူတွေဟာ ဇေတဝန်ကျောင်းတိုက်အနီးမှာရှိတဲ့ ရေကန်နားကို ရောက်တဲ့အခါမှာ ညောင်စောင်းကို ခေတ္တချပြီး ရေကန်တွင်းကို ဆင်းကြတယ်။ ဒီအခိုက်မှာ ဒေဝဒတ်က ညောင်စောင်းပေါ်ကထပြီး ခြေနှစ်ဖက်နဲ့ မြေကြီးပေါ်ချရင်း ထိုင်နေတယ်။ အဲဒီလို ထိုင်နေတုန်း ဒေဝဒတ်ရဲ့ ခြေတွေဟာ ဆွဲနှုတ်လို့မရအောင် မြေကြီးထဲကို ဝင်သွားတယ်။ နစ်ဝင်တာမှ... အစဉ်အတိုင်း ဖမျက်တိုင်အောင်... ပုဆစ်ဒူးတိုင်အောင်... ခါးတိုင်အောင်... ရင်ဝတိုင်အောင် ... လည်ပင်းတိုင်အောင်... နောက်ဆုံး... တစ်ကိုယ်လုံး မြေကြီးထဲကို ဝင်သွားတယ်။ မေးရိုး မြေကြီးထဲဝင်လုဆဲဆဲမှာ ဒေဝဒတ်က နှုတ်က ဘုရားရှင်ရဲ့ ဂုဏ်ပုဒ် တွေကိုဖော်ပြီး ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်ပါတယ်ဆိုတဲ့ ဂါထာကို ရွတ်ဆိုသွားတယ်။ ဒေဝဒတ်ဟာ





ဘုရားရှင် မိန့်ဆိုတဲ့အတိုင်း ဇေတဝန်ကျောင်းက ဘုရားရှင်ထံကို ရောက်မလာနိုင်တော့ဘူး။

တွေးကြံမိ မှားတာတွေ၊ ဆိုမိပြောမိမှားတာတွေ၊ ပြုမိဆောင်ရွက်မိ မှားတာတွေကို မှားမှန်းသိလို့ ပြင်မယ်ကြံတဲ့အခါ ပြင်လို့မရအောင် အချိန်တွေသိပ်နောက်ကျသွားပြီဖြစ်တဲ့ အဖြစ်မျိုးဟာ သိပ်ကို ကြေကွဲစရာကောင်းမှာပါပဲ။ ဆရာကြီး မင်းသုဝဏ်က 'နောင်တသံသရာ'ဆိုတဲ့ ကဗျာတစ်ပုဒ် ရေးဖူးတယ်။

**ကြံမိမှား၍**
**တရားနောင်တ၊ နေခြည်ပသို့**
**ရခဲ့သည်လည်း မျှားခဲ့ပြီ။**
**ဆိုမိမှား၍**
**တရားနောင်တ၊ နေခြည်ပသို့**
**ရခဲ့သည်လည်း မျှားခဲ့ပြီ။**
**ပြုမိမှား၍**
**တရားနောင်တ၊ နေခြည်ပသို့**
**ရခဲ့သည်လည်း မျှားခဲ့ပြီ။**
**နောင်တကင်းရာ၊ မြတ်ချမ်းသာကို**
**ငါလျှင်ဘယ်နှံ့၊ ရပါအံ့ဟု**
**မျှော်ငံ့ခိုက်တွင်၊ နေမင်းဝင်သည်**
**မှောင်တွင်စမ်း၍၊ လှမ်းရသော။**

ဆရာကြီးက သူ့ကိုယ်သူ နှိမ်ချစွာနဲ့ စပ်ဆိုထားတာပါ။ ဒါပေမဲ့ ဒီကဗျာဟာ လူတကာနဲ့ သက်ဆိုင်နေတဲ့ သတိပြုစရာကဗျာပါ။ မိမိရဲ့ ညီငယ် ညီမငယ်၊ အစ်ကိုကြီး၊ မိအို ဖအို စတဲ့ သူတွေကို မပြောသင့်တာတွေ ပြောမိ၊ မပြုမူသင့်တာတွေ ပြုမူမိ၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုစောင့်ရှောက်နိုင်ပါလျက် မကြည့်ရှု၊ မစောင့်ရှောက်မိ၊ သတိတရားရလို့ ကြည့်ရှုမယ်၊ စောင့်ရှောက်မယ်လုပ်တော့ မိအိုဖအို၊ အစ်ကိုကြီး၊ ဦးကြီး ဦးလေး ဆိုတာတွေက ကွယ်လွန်သွားနှင့်ခဲ့ကြပြီ၊ ညီငယ် ညီမငယ်ကလေးတွေကိုလည်း မစောင့်ရှောက်မိ၊ မကြည့်ရှုမိ၊ ကြည့်ရှုစောင်မဖို့ အသိဝင်လာချိန်မှာတော့ မိမိကိုယ်တိုင် မကူညီ မစောင်မနိုင်တဲ့ အဖြစ်မျိုးတွေနဲ့ကြုံ၊ လူမှုပြဿနာတွေနဲ့ ဘဝခရီးမှာ ကြုံတဲ့အခါမှာလည်း ဖြေရှင်းပုံ ဖြေရှင်းနည်းတွေကမှား၊ ဖြေရှင်းပုံ ဖြေရှင်းနည်း သိတဲ့အခါကျတော့လည်း အချိန်တွေကသိပ်နောက်ကျသွားပြီ။ ဒီလိုပြောခဲ့ဆိုခဲ့မိရင် အကောင်းသား၊ ဒီလိုပြုမူခဲ့၊ တွေးခေါ်မိခဲ့ရင် အကောင်းသား၊ အခုမှတော့ ပြင်လို့မရတော့ဘူး…ဆိုတဲ့ နောင်တတွေဖြစ်တယ်၊ အမှန်သိလို့ ပြင်တော့မယ် တကယ် အလုပ်လုပ်တော့မယ်၊ ဆောင်ရွက်တော့မယ်ဆိုတော့လည်း အချိန်မရှိတော့ဘူး၊ နေဝင်ပြီ။ နေကဝင်သွားပြီ။ နောက်ကျသွားပြီ၊ ဒီအခါ နောင်တတွေထပ်ဖြစ်၊ 'မှောင်တွင်စမ်း၍ လှမ်းရသော'ဆိုတဲ့ အတိုင်း နောင်တတွေနဲ့အတူ ဘဝအမှောင်ထဲမှာ စမ်းဝါးလျှောက်လှမ်းရင်း ပျောက်ကွယ်သွားရတဲ့ လူ့အဖြစ်ဟာ ကြေကွဲဖွယ်ကောင်းမှာပါပဲ။

ပြက္ခဒိန်ကို လှမ်းကြည့်မိရာက ဖြစ်ပေါ်လာတဲ့ အတွေးစကမဆုံးနိုင်ဖြစ်နေတယ်၊ ပြက္ခဒိန်နဲ့ စပ်ဆိုင်နေတဲ့ ဂျဲန်နပ်စ် Janus လို့ခေါ်တဲ့ ရောမနတ်ကိုလည်း သတိတရနဲ့ အတွေးကဆက်နေတယ်။

ဒီရောမနတ် ဂျဲန်နပ်စ် (Roman god) ကို ရောမမြို့သားတွေက 'တံခါးစောင့်နတ်'အဖြစ် သတ်မှတ်အလေးထားကြတယ်။ ဂျဲန်နပ်စ်ဟာ ကောင်းကင်ဘုံ တံခါးကိုလည်း စောင့်တယ်၊ နှစ်သစ်





New year ရဲ့ အဝင်ဝ Gateway ကိုလည်း စောင့်တယ်လို့ယုံကြတယ်။ နှစ်သစ်အဝင်ကို စောင့်တယ်ဆိုတဲ့ Janus ကို အစွဲပြုပြီး နှစ်သစ်ရဲ့ ပထမလကို January (ဇန်နဝါရီ)လို့ ခေါ်ဝေါ်လာကြတယ်လို့ အဆိုရှိတယ်။ အဲဒီ ဂျဲန်းနပ်စ် (ဒါမှမဟုတ်) ဇန်နဝါရီ နှစ်သစ်ဝင်ပေါက်ကို စောင့်တဲ့နတ်မှာ မျက်နှာနှစ်ခုရှိတယ်၊ ဦးခေါင်းရဲ့နောက်မှ မျက်နှာတစ်ခု၊ ဦးခေါင်းရဲ့ရှေ့မှာ မျက်နှာတစ်ခုရှိတဲ့ နှစ်မျက်နှာပိုင် နတ်ဖြစ်တယ်။ နောက်မျက်နှာက အတိတ်ကို နှစ်ဟောင်းကို ပြန်လည်သုံးသပ် ရှုမြင်ဖို့ဖြစ်ပြီး ရှေ့မျက်နှာကတော့ အနာဂတ်ကို ရင်ဆိုင်သွားဖို့ဖြစ်တယ်တဲ့။ ဟုတ်ပါရဲ့၊ အတိတ်က… နှစ်ဟောင်းက မှားခဲ့တာတွေကိုဘာကြောင့်မှားတယ်ဆိုတာကို ပြန်လည်ရှုမြင် သုံးသပ်ဖို့လိုမှာပဲ။ အတိတ်မှာ… နှစ်ဟောင်းဆီမှာ လူတွေဟာ မှားခဲ့ကြမှာပဲ။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းက ပြောဖူးတယ်။ "ကျုပ် ၉၉% ရာခိုင်နှုန်းမှားခဲ့တယ်"တဲ့။ အသေအချာ တွက်ချက်တွေးခေါ် ကြံဆတတ်တဲ့ အိုင်းစတိုင်းဟာ ရာနှုန်းပြည့်နီးပါး မှားနေရင် သာမန်လူတွေ ဘယ်မျှမှားမယ်ဆိုတာ မတွေးရဲစရာပဲ။ မှားတာတွေ၊ ချွတ်ချော်တိမ်းပါးတာတွေ၊ ဆုံးရှုံးနစ်နာရတဲ့ အတွေ့အကြုံတွေများလို့ စိတ်ပျက်အားငယ်နေရင်တော့လည်း အနာဂါတ်ကို ရင်ဆိုင်ဖို့၊ နှစ်သစ်ဝင်ပေါက်ကို ဝင်ရောက်ဖို့အတွက် တွေဝေနေနိုင်တယ်။ အနာဂတ်ခရီးကို ဆက်ဖို့ရန် တွန့်ဆုတ်နေနိုင်တယ်။ ဒဿနပညာရှင်ကြီး ဟေဂယ် Hegel က **"အမှားကိုကြောက်ခြင်း… မှားမှာကို ကြောက်နေခြင်းဟာ အောင်မြင်မှု သေဆုံးရပ်ဆိုင်းသွားခြင်းပဲ"** Panic of error is the death of progress လို့ ပြောဖူးတယ်။ ဒီတော့…



www.burmeseclassic.com

www.burmeseclassic.com

နန္ဒာသိန်းဇံ

ပြက္ခဒိန် အသစ်လဲရင်းနဲ့ ဂျန်းနပ်စ် Janus ကို အတုယူ၊ ဘာတွေမှားခဲ့သလဲဆိုတာကို သုံးသပ်၊ သူများတွေ ဘာတွေမှားခဲ့သလဲဆိုတာကိုလည်း လှမ်းကြည့်၊ သင်ခန်းစာယူသင့်တာတွေကို ယူပြီး ရှေ့ခရီးဆက်ဖို့ ဇန်နဝါရီ ဝင်ပေါက်ဆီကိုတော့ လျှောက်ရတော့မှာပါပဲ။ တကယ့်ဆန္ဒကတော့ "နောင်တကင်းရာ အနာဂတ်နဲ့ ဆုံတွေ့ချင်တာ" ဖြစ်ပါတယ်။

[ဓမ္မရိပ်၊ အတွဲ (၁)၊ အမှတ် (၁)၊ ၂၀၀၆ (၁) လ]





www.burmeseclassic.com

www.burmeseclassic.com

# သူတစ်ပါးကို ကူညီရင်းနဲ့ ...

## (၁)

"ချားစ်လ်ဒါဝင် (၁၈၀၉-၁၈၈၂) မတိုင်မီက အင်္ဂလိပ်တွေဟာ တိရစ္ဆာန်တွေ အကောင်ဘလောင်တွေကို အသတ်အဖြတ်သိပ်ကိုများခဲ့တယ်၊ သူတို့ရဲ့ အစဉ်အလာ ဘာသာရေးယုံကြည်မှုအရဆိုရင်... တိရစ္ဆာန်သတ္တဝါတွေမှာ အတ္တ-ဝိညာဉ် (soul or self) ဆိုတာ ရှိတာမဟုတ်ဘူး၊ လူမှာသာပဲ အတ္တ-ဝိညာဉ်ဆိုတာရှိတယ်။ ဒီလို အတ္တ-ဝိညာဉ် ရှိနေလို့ လူသည်သာပဲ ကမ္ဘာကြီး ပျက်ပြီးတဲ့နောက် တစ်ချိန်မှာ ရှင်ပြန်ထမြောက်နိုင်တယ်၊ ကယ်တင်ခြင်းကို ခံရနိုင်တယ်၊ တိရစ္ဆာန်မှာတော့ အတ္တဝိညာဉ်ဆိုတဲ့စိတ် အခြေခံဝတ္ထု mental substance မရှိလို့ လူလို ရှင်ပြန်ထမြောက်နိုင်မှု၊ ကယ်တင်ခံခြင်းကို ခံရမှုမရှိဘူးလို့ ယုံကြည်နေကြတယ်။ တိရစ္ဆာန်မှာ အတ္တဝိညာဉ် မရှိတဲ့အတွက်ကြောင့် သူတို့ကို ဘယ်လောက်သတ်သတ်၊



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိဘူး၊ ပါဏာတိပါတကံ မထိုက်ဘူးလို့လည်း ယုံကြည်ကြတယ်၊ ဒါကြောင့်လည်း တိရစ္ဆာန်တွေကို ထင်တိုင်းသတ်ခဲ့ ဖြတ်ခဲ့ကြတယ်တဲ့ဗျ၊

ဒါပေမဲ့… ဒါဝင်ပေါ်ပေါက်လာလို့ သူ့ရဲ့ The Origin of Species by means of Natural selection ဆိုတဲ့စာအုပ် ထွက်ပေါ်လာတဲ့နောက်ပိုင်းမှာတော့ တိရစ္ဆာန်တွေကို သတ်ဖြတ်မှု သိသိသာသာကြီး လျော့ကျသွားတယ်လို့ အဆိုရှိတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီစာအုပ်မှာ လူဟာလည်း တိရစ္ဆာန်တစ်မျိုးပဲ ဖြစ်တဲ့အကြောင်း၊ လူဟာ အင်ထရိုပွိုက်လို့ခေါ်တဲ့ မျောက်မျိုးရိုးစုကနေပြီး တဖြည်းဖြည်း တရွေ့ရွေ့ ဖြစ်စဉ် (အီဗော်လျူးရှင်းဖြစ်စဉ်)အရ အခုလို လူအဖြစ် ရောက်လာခဲ့တဲ့အကြောင်းတွေ ဖော်ပြထားတယ်။ ဒီဖော်ပြချက်ကိုထောက်ပြီး တိရစ္ဆာန်တွေဟာ လူရဲ့ ဆွေမျိုးသားချင်းတွေဖြစ်နေပါရောလားလို့ မြင်လာကြတယ်တဲ့ဗျ…

“ဒီအမြင် ဒီအသိတွေ ဖြစ်လာလို့ ကိုယ့်ဆွေမျိုးသားချင်း တိရစ္ဆာန်တွေကို ကြင်နာမှု၊ စာနာထောက်ထားမှုတွေ ပိုပြီးဖြစ်လာတယ်၊ ဒီလိုဖြစ်လာလို့ တိရစ္ဆာန်တွေကို အသတ်အဖြတ် နည်းလာတယ်၊ တိရစ္ဆာန်တွေအနေနဲ့ ကျေးဇူးတင်တတ်မယ်ဆိုရင်တော့ ဒါဝင်ကို ကျေးဇူးတင်သင့်တာပေါ့။ ဒါပေမဲ့ဗျာ…

“ကြင်နာသနားပေမယ့်… သတ်ပစ်ရတာမျိုး တစ်ချို့တော့ရှိတယ်။ မြင်းတွေနဲ့ စစ်တိုက်ရတဲ့ ခေတ်ကာလတွေတုန်းက… ကိုယ်စီးလာတဲ့မြင်းဟာ စစ်တိုက်ရင်း စစ်မြေပြင်မှာ ခြေကျိုးသွားတာမျိုး၊ ပြင်းထန်တဲ့ ဒဏ်ရာရသွားတာမျိုးတွေရှိတယ်။ စစ်ပွဲအတွင်းဆိုတော့ ကိုယ့်မြင်းကို ဘယ်လောက်ပဲ ကြင်နာကြင်နာ ပြုစုကုသပေးခွင့် ဘယ်မှာရနိုင်မှာလဲ။ ဒီမြင်းကို သယ်ယူသွားဖို့လည်း မဖြစ်နိုင်





တော့ဘူး။ ဒီလိုအခြေအနေမျိုးမှာ… ဒဏ်ရာနဲ့ မချိတင်ကဲ ဝေဒနာခံစားနေရတဲ့ ကိုယ့်မြင်းကို အကြာကြီး ဝေဒနာခံစားနေရမှာကို မကြည့်ရက် နိုင်တော့လို့ မြန်မြန်သေအောင် သတ်ပစ်လိုက်တယ်။ မြန်မြန်သေမှ ဒီမြင်းဟာ မချိတင်ကဲ ကြာရှည်ခံစားရမည့် ဝေဒနာတွေက လွတ်မယ်လို့ ထင်မှတ်မှုနဲ့ သတ်တာပဲ။ ဒါကို Mercy killing **‘ကြင်နာစွာနဲ့ သတ်ပေးခြင်း’**လို့ ခေါ်ရမှာပေါ့…

“မကြာခင်ကလည်း… ဘဂ္ဂဒက်မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရလို့ သေလုမျောပါး လူးလိမ့်ခံစားနေရတဲ့ အီရတ်တစ်ယောက်ကို အမေရိကန် ဆာဂျင်တစ်ဦးက မြန်မြန်သေအောင် ပစ်သတ်ပေးလိုက်တယ်။ အဲ့ဒီ ဆာဂျင်ခမျာ… တရားရုံးတက်ခဲ့ရတယ်။ တရားရုံးမှာ ဒီဆာဂျင် ဖြောင့်ချက်ပေးတာက …သူဟာ… ဒဏ်ရာရနေတဲ့ အီရတ်ကို မတရားသတ်တာ မဟုတ်ပါဘူး။ သူ့ဒဏ်ရာတွေနဲ့ မချိတင်ကဲ ခံစားနေရတဲ့ ဝေဒနာတွေကနေ သက်သာရာရသွားအောင် ကူညီလုပ်ဆောင်ပေးလိုက်ခြင်းသာ ဖြစ်ပါတယ်တဲ့ဗျာ။ တရားဥပဒေကတော့ သူ့ကို ရာထူးချပြီး ထောင်သုံးနှစ်ကျခံစေဖို့ အမိန့်ချလိုက်တယ်တဲ့။ ဒီဆာဂျင်ဘက်က ကြည့်ရင်တော့ စေတနာကောင်းနဲ့ ဝေဒနာတွေ ပြင်းထန်စွာ ခံစားနေရသူကို အကူအညီပေးလိုက်တာ ဖြစ်မှာပေါ့။”

“ဗြိတိသျှဘုရင်မကြီး အယ်လိဇဘက်ဟာလည်း ‘ကြင်နာစွာသတ်ပေးခြင်းအမှု’ကို ပြုခဲ့ဖူးတယ်ဗျ၊ ဆန်းဒေးမေးလ် သတင်းစာမှာ ‘သက်သတ် ဘုရင်မကြီး’ဆိုတဲ့ ခေါင်းစီးစာလုံးကြီးတွေနဲ့ အယ်လိဇဘက် ဘုရင်မကြီးက သေလုမျောပါး ဒုက္ခဝေဒနာ ခံစားနေရတဲ့ ရစ်ငှက်တစ်ကောင်ရဲ့ လည်မျိုကို ညှစ်သတ်နေတဲ့ ဓာတ်ပုံတွေကို ဖော်ပြထားတယ်၊ အင်္ဂလန်နိုင်ငံ နော်ဖော့မှာရှိတဲ့ ဆန်ဒရင်ဘမ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်နန်းတော်ဝင်းမှာ မွေးထားတဲ့ ရစ်ငှက်ဟာ ဒဏ်ရာဒဏ်ချက်တစ်ခုနဲ့ အသက်ငင်နေတာ တွေ့ရတော့ ဘုရင်မကြီးက သိပ်ကိုသနားသွားတယ်။ ဒီရစ်ငှက် ဝေဒနာခံစားနေရတာကို ဘုရင်မကြီးမကြည့်ရက်နိုင်တော့ဘူး။ ရစ်ငှက်ဟာ အသက်ပြန်ရှင်ဖို့ အခြေအနေလည်း မရှိတော့ဘူး၊ ဒါနဲ့… ဘုရင်မကြီးဟာ ရစ်ကောင်ကလေးရဲ့လည်မျိုကိုညှစ်ပြီး သတ်လိုက်တယ်။ ဘုရင်မကြီးရဲ့ စေတနာကတော့ 'ဒီရစ်ကောင်လေး ဝေဒနာပြင်းထန်စွာ ခံစားနေရခြင်းမှ မြန်မြန်လွတ်မြောက် သက်သာသွားပါစေ' ဆိုတဲ့ စေတနာနဲ့ ဖြစ်ပါလိမ့်မယ်"။

"ဒီဘုရင်မကြီးရဲ့ လုပ်ရပ်ကို တိရစ္ဆာန်အခွင့်အရေး စည်းရုံးလှုံ့ဆော်သူတွေက ပြစ်တင်ဝေဖန်ကြတယ်၊ ဘုရင်မကြီးကတော့ ဘာမှတုံ့ပြန်ပြောဆိုခြင်း မပြုပါဘူးတဲ့။"

တစ်ချို့ဆရာဝန်တွေဟာလည်း အသက်ပြန်ရှင်လာဖို့ မျှော်လင့်ချက်မရှိတော့တဲ့ လူနာတွေကို Mercy killing လုပ်ပေးခဲ့ကြတယ်။ ဒါကို တရားဥပဒေနဲ့ ငြိစွန်းတယ်ဆိုပြီး စွဲချက်တင်လို့ဆရာဝန်တွေနဲ့ တရားရုံးမှာ ရင်ဆိုင်ခဲ့ရတဲ့ အဖြစ်တွေလည်းရှိတယ်။

လူနာတစ်ဦးဟာ ပြန်ပြီးအသက်ရှင်နိုင်လောက်တဲ့ အခြေအနေလည်း မရှိတော့ဘူး၊ လူနာရှင်ဘက်က မိဘဆွေမျိုးသားချင်းတွေမှာလည်း အဲဒီလူနာကို ဆက်လက်ပြီး ဆေးကုသစရာ ငွေကြေးလည်း မရှိတော့ဘူးဆိုရင် ဆရာဝန်ဟာ လူနာကိုရော၊ လူနာရှင်ဘက်က လူမှုရေးအခြေအနေတွေကိုရော ထောက်ထားပြီး လူနာကို Mercy killing လုပ်ပေးသင့်သလား၊ စေတနာကောင်းနဲ့ သတ်ပေးသင့်သလားဆိုတဲ့ ပြဿနာဟာ ဒီနေ့ ကိုယ်ကျင့်တရားပညာနယ်ပယ်မှာ အရေးတကြီး ဆွေးနွေးကြတယ်၊ အဖြေတွေ ဖြေရှင်းချက်ပေးပုံတွေကတော့ အမျိုးမျိုးပေါ့။





တချို့ ဘာသာရေးသမားတွေကတော့ ဆရာဝန်ဟာ လူနာကို Mercy Killing လုပ်မပေးသင့်ဘူးလို့ မြင်ကြတယ်၊ ဒီအမြင်ဟာ ဘာသာရေးဘက်ကမြင်တဲ့ အမြင်ပါ။ ဘုရားသခင် ဖန်ဆင်းပေးထားတဲ့ ခန္ဓာကိုယ်ကို ဆရာဝန်က ကြားဝင်ပြီး သတ်ပေးစရာမလိုဘူး။ ဒီလို ကြားဝင်လုပ်ဆောင်ပေးမှုဟာ ဘုရားသခင်ပေးအပ်ထားတဲ့ ခန္ဓာကိုယ်ကို ဖျက်ဆီးရာရောက်တယ်၊ ဒီလိုဖျက်ဆီးတာဟာ အပြစ်ရှိတယ်လို့ မြင်ကြတယ်။ တချို့ကတော့လည်း 'သတ္တဝါတစ်ခု၊ ကံတစ်ခု' ဆိုတာလို လူနာဟာ ကိုယ့်ကံနဲ့ကိုယ်၊ ကိုယ့်ဝေဒနာကို ကိုယ်ပဲခံရမယ်၊ ဒီလူနာ ဝေဒနာခံစားနေရတာကို မကြည့်ရက်နိုင်ဖြစ်တာဟာ … ဒေါသစိတ်တစ်မျိုးသာဖြစ်တယ်၊ ဒါကို တချို့က ဒေါသအနုစားလို့ ပြောကြတယ်။ ဒီဒေါသစိတ် အနုစားနဲ့ လူနာဝေဒနာခံနေရတာကို မကြည့်ရက်နိုင်ဖြစ်ပြီး လူနာကို သတ်လိုက်တာဟာ အပြစ်ရှိတယ်တဲ့။ ဆိုလိုတာက …လူနာ ဝေဒနာခံစားနေရတာကို မကြည့်ရက်နိုင်လို့ သနားပြီး စေတနာကောင်းနဲ့ သတ်ပေးလိုက် တာဟာလည်း ဒေါသစိတ်တစ်မျိုးနဲ့ သတ်ပေးလိုက်တာဖြစ်လို့ အပြစ်ရှိတယ်တဲ့…။

"ဒါဖြင့် လူနာရှင်နဲ့ ဆရာဝန်ဟာ ဝေဒနာခံစားနေရတဲ့ လူနာကို ဘယ်လိုသဘောထားရမှာလဲ။ ဒီအတိုင်းပဲ ကြည့်နေရမှာလား၊ အမယ်လေးဘလေး အော်ဟစ်ပြီး ဒုက္ခဝေဒနာ ခံစားနေရသူကို ဒီအတိုင်းကြီး ကြည့်နေတယ်ဆိုတာ… မရက်စက်လွန်းဘူးလား။ လူမှုရေးကို နားမလည်စွာနဲ့ လူနာကို ဒီအတိုင်းကြည့်နေတာဟာ ကောင်းတဲ့စိတ်ထားမှ ဟုတ်ရဲ့လားလို့ ကျွန်တော်က အမျိုးစုံတွေးတယ်"။



www.burmeseclassic.com

www.burmeseclassic.com




"တကယ်လို့များ လူနာကို မကြည့်ရက်နိုင်လို့ ကြင်နာမှုတွေ၊ လူမှုရေး ထောက်ထားမှုတွေနဲ့ လူနာကို သက်သာစွာနဲ့ သေစေလိုက်တဲ့ ဆရာဝန်ကို အပြစ်ရှိတယ်ဆိုပြီး ငရဲကိုပို့လိုက်တယ်ဆိုပါတော့၊ ကျွန်တော်သာ ငရဲမှာ ယမမင်းဖြစ်နေလို့ အဲဒီဆရာဝန်ရဲ့အမှုကို စစ်ဆေးရမယ်ဆိုရင်... ဆိုရင်ပေါ့၊ ကျွန်တော်ကတော့ ဆရာဝန်ရဲ့ လူမှုရေးကို ကြည့်တတ်မှု၊ တစ်ဖက်သားရဲ့ အကျိုးကို ကြည့်တတ်မှု စတဲ့ အချက်တွေကို ထောက်ထားပြီး အဲဒီဆရာဝန်မှာ အပြစ်မရှိပါကြောင်း အဆုံးအဖြတ်ပေးပြီးတော့ သူတစ်ပါးအကျိုး ဆောင်ရွက်ဖို့ သူ့ကို လူ့လောကဆီကိုပဲ ပြန်ပို့ပေးမှာပဲ။ မပို့ခဲ့မိရင် နောင်တတွေ အများကြီး ရမိနေမယ်လို့ထင်တယ်။ ခင်ဗျားတို့ကကော... ဘယ်လိုသဘောရသလဲ..."

(၂)

အထက်ပါအကြောင်းအရာတို့ကို ပြောပြပြီး အထက်ပါ အတိုင်း သူက ကျွန်တော်တို့ကို လှမ်း၍မေးမြန်းနေပါသည်။ "ခင်ဗျားတို့ကကော ဘယ်လိုသဘောရသလဲ..."ဆိုသော သူ့အမေးကို ထိုနေ့ ညနေက ကျွန်တော်တို့ အဖြေပေးရန် ကြိုးစားနေကြသော ကြောင့် စကားဝိုင်း၌ အတော်ကြာ ဆိတ်ငြိမ်မှု ကြီးစိုးနေသည်ကို သတိရနေပါသည်။

[ပိတောက်ပွင့်သစ် (၆–၃–၂၀၀၆)]




www.burmeseclassic.com

www.burmeseclassic.com

# တွင်းနက်နဲ့ ဝဲအလည့်

(၁)

သူပြောနေတဲ့ အကြောင်းအရာကို ကြားဖူးပြီးဖြစ်ပေမဲ့ သူ့ဇာတ်အခင်းအကျင်းက မူရင်းနှင့် အတန်ငယ်ကွဲလွဲနေတဲ့အတွက် ကျွန်တော်က နားစိုက်ထောင်နေပါတယ်။ သူ့ဇာတ်အခင်းအကျင်းက ဒီလိုပါ။

သဲကန္တာရကြီးကို ဖြတ်ကျော်ပြီး ခရီးသွားကြမည့် ခရီးသည်တစ်စုဟာ နေ့အချိန်မှာ ပူပြင်းလွန်းတဲ့အတွက် အပူသက်သာတဲ့နေရာတစ်ခုမှာ နားနေကြတယ်။ သူတို့က ညလထွက်လာတဲ့အချိန်မှ ခရီးဆက်မယ်လို့ သဘောတူထားကြတယ်။

လထွက်လာတဲ့အချိန်မှာ ခရီးသည်တွေဟာ ခရီးထွက်ဖို့ပြင်ဆင်ကြတယ်။ အဲဒီခရီးသည်တွေထဲက လူငယ်တစ်ဦးဟာ ခရီးမဆက်ခင် ခြေထောက်မှာ ဒဏ်ရာအနည်းငယ်ရနေတဲ့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုလားအုပ်ကို ကောင်းကောင်းသွားနိုင် မသွားနိုင် စမ်းသပ်တဲ့ အနေနဲ့ အနီးဝန်းကျင်ကို လှည့်ပြီးမောင်းကြည့်တယ်။ ခပ်လှမ်းလှမ်း အရောက်မှာ တွင်းကြီးတစ်တွင်းကိုတွေ့တယ်။ ဒါနဲ့ ကုလားအုပ် ပေါ်ကဆင်းပြီး တွင်းကြီးထဲ ငုံ့ကြည့်လိုက်တော့ လရောင်ကြောင့် ပြိုးပြိုးပျက်ပျက် လင်းလက်နေတဲ့ အရာတွေကို တွင်းကြီးအောက် ခြေမှာ မြင်ရတယ်။ ဒီလူငယ်က အဲဒီပြိုးပြိုးပျက်ပျက် အရာတွေဟာ အင်မတန် တန်ဖိုးရှိတဲ့ စိန်တုံးတွေ၊ ကျောက်သံပတ္တမြားတွေလို့ ထင်နေတာ၊ ဒါကြောင့် ကုလားအုပ်ပေါ် ပြန်တက်ပြီး သူ့လူတွေဆီ ကို အမြန်ပြန်လာပြီး တွင်းကြီးထဲက အရာတွေအကြောင်း၊ အဲဒီ တွင်းထဲဆင်းဖို့ ရသမျှကြိုးတွေ ယူခဲ့ဖို့အကြောင်းပြောတယ်၊ ရသမျှ ကြိုးတွေယူပြီး တွင်းကြီးဆီသွားကြတယ်။ စောစောကလူငယ်ဟာ ရသမျှကြိုးတွေကို ဆက်ပြီး အရင်အဦး တွင်းကြီးထဲကိုဆင်းတယ်။ တွင်းက ထင်ထားတာထက် ပိုပြီးနက်နေတော့ ကြိုးက အောက်ကို မရောက်ဘူးဖြစ်နေတယ်။ ဒါနဲ့ အပေါ်ကလူတွေက ကြိုးစားပြီး ကြိုးကိုဆက်တယ်၊ နောက်ဆုံးမှာ မိမိတို့ဝတ်ဆင်ထားတဲ့ အဝတ် အစားတွေကိုပါ ကြိုးအဖြစ် အသုံးပြုကြတယ်။

မကြာခင် စောစောကလူငယ်ဟာ တွင်းအောက်ခြေကိုရောက် တယ်၊ ရောက်တော့မှ သူထင်ထားတာနဲ့ တကယ့်လက်တွေ့ဟာ တခြားစီဖြစ်နေတာကို တွေ့ရတယ်။ တကယ်က လရောင်ကြောင့် သူမြင်ခဲ့ရတဲ့ ပြိုးပြိုးပျက်ပျက် အရာတွေဟာ စိန်တုံးတွေမဟုတ်ဘဲ လရောင်ကြောင့် လင်းလက်နေတဲ့ မြွေမျက်လုံးတွေဖြစ်နေတာတဲ့။ ရောမမြွေကြီးတွေ တွင်းရဲ့အောက်ခြေမှာ စုပြုံနေကြတာတဲ့။ အပေါ် ကနေပြီး တွင်းထဲကို ငုံ့ကြည့်နေသူတွေကလည်း အဲဒီ မြွေမျက်လုံး





တွေကို တကယ့်စိန်တွေလို့ထင်ပြီး ဆင်းဖို့တကဲကဲ လုပ်နေကြတယ်။ အောက်ရောက်သွားတဲ့ လူငယ်က အပေါ်ကလူတွေကို “ဟေး မဆင်းကြနဲ့… စိန်တွေမဟုတ်ဘူး၊ မြွေတွေ… မြွေတွေ…”လို့ လှမ်းအော်ပြောတယ်။ ဒီလိုအော်တာကို အပေါ်ကလူတွေက သူတို့ ကို ဆင်းမလာစေချင်လို့… စိန်တွေကို မရစေချင်လို့ အော်တာလို့ ထင်ပြီး တစ်ဦးသောသူက စိန်လောဘတက်ပြီး ဆင်းလိုက်သွား တယ်။ ပထမဆုံး လူငယ်ရဲ့ အသံပျောက်သွားတယ်၊ မြွေပေါက်ခံရ လို့ သေသွားတာဖြစ်မှာပေါ့၊ အော်သံမကြားရဘဲ ဆိတ်ငြိမ်နေတာ ကိုပဲ တခြားလူတွေက သူတစ်ဦးထဲ စိန်တွေကို ကြိတ်ပြီးယူနေတာလို့ ထင်နေတယ်။ အပေါ်ကကြည့်တော့ လရောင်မှာ တကယ်ပဲ စိန် တွေလို ကျောက်သံပတ္တမြားတွေလို ပြိုးပြိုးပျက် လက်နေတာ မြင်ရ တော့ အော်ပြောသူရဲ့စကားကို မယုံနိုင်ဘူးပေါ့။

ဒုတိယ ဆင်းသွားသူကလည်း အောက်ရောက်တော့ တကယ့် မြွေတွေဖြစ်မှန်း သိရတယ်၊ ဒါကြောင့် ပထမဆင်းသွားသူလိုပဲ အပေါ်ကို အော်ပြောတယ်။ “ဆင်းမလာကြနဲ့၊ စိန်တွေမဟုတ်ဘူး၊ မြွေတွေ…” လို့ အော်တယ်၊ ဒါပေမဲ့လည်း အပေါ်ကလူတွေက… ဒီကောင်တွေ တို့ကို ဝေမျှမပေးချင်တာနဲ့ ကြိတ်ပြီးစိန်တွေကို ယူနေ ကြပြီလို့ထင်တယ်။ ဒီလိုအထင်နဲ့ တစ်ယောက်ပြီးတစ်ယောက် လိုက်ဆင်းကြတယ်။ ဆင်းသူတိုင်းက အောက်ရောက်ရင် အပေါ် ကလူတွေကို “မဆင်းနဲ့… စိန်တွေမဟုတ်ဘူး၊ မြွေတွေ… မြွေတွေ” လို့ အော်တယ်။ အော်သူက အော်ပြောပေမဲ့ ဆင်းသူကလည်း ဆင်းလိုက်သွားတာပဲ၊ ဒါနဲ့ နောက်ဆုံးမှာ ခရီးသည်အားလုံးဟာ အဆိပ်ပြင်းထန်လှတဲ့ မြွေတွေရဲ့အစား အမျိုခံရပြီး အသက်ကုန်သွား ကြတယ်… တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးတယ်မဟုတ်လား၊ 'ဃရာဝါသ ကိစ္စမြားမြောင် လှုတို့ဘောင်'ဆိုတာလေ။ အင်မတန်မှ ဒုက္ခတွေများတယ်၊ အိမ်ထောင်ကျပြီဟေ့ဆိုတာနဲ့ တစ်နေ့ပြီးတစ်နေ့ သားကိစ္စ၊ သမီးကိစ္စ၊ မယားကိစ္စ၊ ယောက္ခမကိစ္စ၊ ဟိုလူ့ကိစ္စ၊ ဒီလူ့ကိစ္စ၊ ဟိုအရေးကိစ္စ ဒီအရေးကိစ္စတွေနဲ့ ရှုပ်လိုက်တာမှ အသက်ရှင်ခိုက် ကိုယ့်ဘဝကိုယ် အဓိပ္ပာယ်ရှိအောင် မနေရတော့ဘူး။ စကားတစ်ခုရှိတယ်။ လူ့ဘဝဖြစ်စဉ်မှာ အဖြစ်အပျက် သုံးခုရှိတယ်တဲ့၊ မွေးဖွားခြင်း၊ အသက်ရှင်နေခြင်းနဲ့ သေခြင်းဆိုတာပဲတဲ့။ "မွေးဖွားခဲ့တာကိုတော့ မမှတ်မိတော့ဘူး၊ သေခြင်းတရားနဲ့ ကြုံလာတော့ တုန်လှုပ်ချောက်ခြားတယ်။ ဘဝမှာ အသက်ရှင်နေခိုက် နေဖို့ကိုတော့ မေ့သွားတယ်"ဆိုတဲ့ စကားပေါ့။ အမှန်က ဘဝအသက်ရှင်ခိုက် နေဖို့ကို မေ့တာတော့မဟုတ်ဘူး။ နေဖို့ကို အချိန်မရ ဖြစ်သွားတာ။ သားကိစ္စ၊ မယားကိစ္စ၊ စီးပွားရေး ကြီးပွားရေးကိစ္စ ကိစ္စပေါင်းစုံနဲ့ အဓိပ္ပာယ်ရှိအောင် နေဖို့အချိန်မရတာပါ။ ဒါကြောင့် ဃရာဝါသဆိုတဲ့ အိမ်ထောင်သားမွေး အလုပ်ကို မလုပ်ကြနဲ့၊ မိန်းမ မယူကြနဲ့ အင်မတန်ဒုက္ခများတယ်လို့ ရှေ့ကလူတွေက ပြောခဲ့ကြတာပဲ၊ ဒါပေမဲ့... စောစောက တွင်းကြီးထဲဆင်းတဲ့ ပုံပြင်ထဲက အော်ပြောသူတွေလိုပေါ့ဗျာ။ ဆင်းမလာကြနဲ့လို့ ရှေ့ကအော်ပေမဲ့ နောက်လူကလည်း ဆင်းတာပဲ။ အဲဒီအတိုင်းပဲ၊ ရှေ့ကလူတွေက အိမ်ထောင်မပြုကြနဲ့၊ မိန်းမ မယူကြနဲ့လို့ ပြောပေမဲ့ ... နောက်လူက အိမ်ထောင်ပြုတာပဲ၊ မိန်းမယူဖြစ်အောင် ယူတော့တာပဲ။ ဒုက္ခတွင်းကြီးအကြောင်း အစဉ်အဆက် သတိပေးပြောသူက ပြောပေမဲ့ ခုန်ချသူကလည်း ခုန်ချနေတာပဲ။ တစ်ဦးပြီးတစ်ဦး စဉ်ဆက် ခုန်ချလျက်ပေါ့ဗျာ...။





(၂)

သူက ဆက်ပြောပြန်ပါတယ်။ "ကျုပ်တို့ ဗုဒ္ဓစာပေမှာ ဥပမာတစ်ခုရှိတယ်ဗျ။ ဘာလဲဆိုတော့ သံသရာဆိုတဲ့ ရေပြင်ကျယ်ကြီးဟာ ကျယ်ဝန်းလှတဲ့အတွက် ကူးမြောက်ဖို့ ခက်ခဲရတဲ့အထဲ **'ဝဲ'** ဆိုတာရှိသေးတယ်တဲ့။ ရေပြင်ကျယ်ကြီးမှာ ရှိနေတဲ့ ဝဲလှည့်နေတဲ့ အထဲရောက်သွားရင် အဲဒီဝဲက လှည့်ပတ်စုတ်ယူ ဆွဲဆောင်သွားတာပြင်းထန်လို့ အဲဒီဝဲထဲကနေ ပြန်ထွက်ဖို့ ပေါ်လာဖို့ သိပ်ခက်ခဲတယ်။။ မာတုဂါမဆိုတဲ့ မိန်းမဟာ အဲဒီရေပြင်ကျယ်မှာရှိတဲ့ ဝဲနဲ့တူတယ်တဲ့ဗျ။ အဲဒီမိန်းမရဲ့ အချစ်၊ အကြိုက်၊ အမူအနွဲ့ မူယာမာယာထဲ ရောက်သွားလို့ကတော့ ယောကျ်ားတစ်ဦးအဖို့ ပြန်ပေါ်လာဖို့ မလွယ်တော့ဘူး၊ အမယ်... ဒီလိုမာတုဂါမ မိန်းမရဲ့ အဖမ်းအယူခံရပြီး တဏှာရာဂ ဝဲကြီးထဲ ရောက်ရတာကိုပဲ ယောကျ်ားဆိုတဲ့သူက ဂုဏ်ယူနေတတ်သေးတယ်။ ငါ့မှာ မိန်းမတွေ ကြိုက်ချစ်နှစ်သက်တဲ့ ရုပ်လက္ခဏာရှိလို့၊ ငါကတော်တဲ့ တတ်တဲ့ ယောကျ်ားဖြစ်လို့၊ အစွမ်းအစရှိတဲ့သူမို့လို့ မိန်းမတွေက ငါ့ကိုကြိုက်တာ...ဆိုပြီး မိန်းမဝဲထဲ ရောက်တာကိုပဲ ဂုဏ်ထူးဝိသေသလို့ ထင်တတ်သေးတယ်တဲ့ဗျ၊ အင်း... ရှိစေတော့၊ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရေးဆိုတဲ့ ဃရာဝါသ ဝဲထဲနစ်မြုပ်ပြီဆိုရင်တော့ ထွက်စရာလမ်းက အခက်သားလား၊ ပြောခဲ့တဲ့အတိုင်း သားကျွေးမှု၊ မယားကျွေးမှု၊ ဂုဏ်သိက္ခာရရှိရေးဆိုတဲ့ အမှုကိစ္စတွေနဲ့ လုပ်လိုက်ရတဲ့ စီးပွားရေး၊ ကြီးပွားရေးတွေ ပြီးနိုင်တယ်ရယ်မရှိဘူး။ ဆုံးနိုင်တယ်ရယ် မရှိဘူး...။"



www.burmeseclassic.com

www.burmeseclassic.com



## (၃)

အထက်ပါ သူ့စကားတွေကို နားထောင်ရင်းက ကျွန်တော့် ညာဘက်တွင်ထိုင်ရင်း ကျွန်တော့်လိုပဲ နားထောင်နေတဲ့ ကျွန်တော့် မိတ်ဆွေ လူပျိုကြီးကို လှမ်းကြည့်လိုက်တော့ သူက လှုပ်ရှားလာပြီး အသံခပ်နိမ့်နိမ့်နဲ့ "ကျုပ်ကတော့ တွင်းနက်ကြီးထဲ အတင်းခုန်ချခဲ့တာပဲ၊ ဘယ်လိုဖြစ်ပြီး မကျတာလဲ မသိပါဘူးဗျာ။ ဝဲတွေ စုပ်ချင်လည်းစုပ်ဆိုပြီး မျှောလိုက်လာတာ ဘယ်ဝဲကမှလည်း ကျုပ်ကိုယ်ကို ဆွဲယူမသွားဘူး။ အဲဒီအဖြစ်ဟာ ကံကောင်းတာလား၊ ကံဆိုးတာလားဗျာ ... ပြောစမ်းပါအုံး ..."ဟု ကျွန်တော့်ကို ပြောနေပါတယ်။

ကျွန်တော် သူ့ကို ထိုနေ့က ချက်ချင်း စကားမတုံ့ပြန်နိုင်ခဲ့ပါ။ 'ဝဲ' ဆိုတဲ့နေရာမှာ အလှည့်အပတ်၊ အညာအလှိုင်း၊ အဖြိုးအဖြန်းတွေနဲ့ မိန်းမကို ဆက်ဆံတတ်တဲ့ 'ယောကျ်ား' ကို အလင်္ကာပြုရင်ကော မဖြစ်နိုင်ဘူးလားလို့ တွေးနေမိတဲ့အတွက် ဖြစ်ပါတယ်။

ပြီးတော့ ဃရာဝါသ ကိစ္စမြားမြောင် လူတို့ဘောင်ဆိုတဲ့ အတိုင်း များမြောင်လှတဲ့ ပြဿနာတွေကြားမှာ ပြုမိမှား၊ ပြောမိမှားခြင်းတွေနဲ့ ရလိုက်ရတဲ့ မဆုံးနိုင်တဲ့ 'နောင်တ' တွေ အကြောင်းကို ... အတွေးဆန့်နေတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။

[ **Perfect နိုဝင်ဘာ၊ ၂၀၀၈**]



www.burmeseclassic.com

www.burmeseclassic.com

# ရတနာကောင်းရဖို့

(၁)

ဆောင်းရာသီ နံနက်တွေမှာ မိတ်ဆွေဆရာဝန်တစ်ဦးနှင့် လမ်းလျှောက်ဖြစ်ပါသည်။ ရပ်ကွက်တစ်ခုအလွန်တွင် မိတ်ဆွေဖြစ်သူက အောက်ပါကဲ့သို့ စကားစပါသည်။

(၂)

အိုင်ယာလန် နိုင်ငံသား သောမတ်စ် ရောဘတ်မားလ်သျှူးစ် (Thomas Robert Maltus 1766-1837) က လူဦးရေနဲ့ စပ်လျဉ်းတဲ့ သဘောတရားတစ်ရပ်ကို ဖော်ထုတ်ခဲ့ဖူးတယ်။ ၁၇ ရာစု၊ ၁၈ ရာစုနှစ်တွေမှာ ကမ္ဘာ့လူဦးရေတွေ တိုးတက်လာတာ တွေ့ရတယ်။ လူဦးရေတိုးတက်မှုနဲ့ စားနပ်ရိက္ခာ ရရှိနိုင်မှုအပေါ် လေ့လာတွေးခေါ်စရာတွေ ဖြစ်လာတယ်။

မားသျှူးစ်က ကမ္ဘာ့လူဦးရေဟာ ဂျော်မေထရီနည်းအရ နှစ်ဆနှုန်းဖြင့် တိုးပွားလေ့ရှိတယ်။ ဥပမာ ၁–၂–၄–၈–၁၆–၃၂–၆၄–၁၂၈ စသည်ဖြင့်ပေါ့။ ဒါပေမဲ့ စားနပ်ရိက္ခာကတော့ သင်္ချာနည်းသဘောအရ အခြေခံကိန်းတစ်ဆသာလျှင် တိုးတက်တယ်၊ ဥပမာ ၁–၂–၃–၄–၅–၆–၇–၈–၉ စသည် အားဖြင့်ပေါ့။ ဒီတော့ လူဦးရေ



www.burmeseclassic.com

ဟာ စားနပ်ရိက္ခာထက် အများကြီး ကျော်လွန်နေတယ်ဆိုတာကို တွက်ပြတယ်။

ဒီလို လူဦးရေတွေ အဆမတန် များလာတဲ့အတွက် ဆင်းရဲမှုတွေ၊ ဝတ်မွတ်ခေါင်းပါးမှုတွေ၊ ရောဂါဘယ ထူပြောမှုတွေဟာလည်း လိုက်ပါဖြစ်ပေါ်လာတယ်။ လူဦးရေ တိုးပွားသလောက် စားနပ်ရိက္ခာတွေက တိုးတက်လာတာ မဟုတ်ဘူး၊ စားနပ်ရိက္ခာ လုံလောက်မှုမရှိရင် အာဟာရချို့တဲ့မှုတွေ ဖြစ်မယ်၊ ဆိုခဲ့တဲ့ ရောဂါဘယတွေ ထူပြောမယ်။ အကျင့်စာရိတ္တတွေလည်း ချို့ယွင်းမှာပေါ့။ ဒါကြောင့် လူဦးရေး မတိုးတက်အောင်၊ လူဦးရေ ထိန်းချုပ်တတ်အောင် ပညာပေးရမယ်လို့ မားသျူးက အကြံပြုခဲ့တယ်တဲ့ဗျ။

လွန်ခဲ့တဲ့ရက်က အမ်အင်အေရိုက်တာသတင်း[၁]မှာ ကမ္ဘာ့လူဦးရေဟာ သန်း ၆၀၀၀ ပြည့်ဖို့ အဆက်မပြတ် တိုးပွားနေတယ်။ ဒါပေမဲ့ မိသားစု စီမံကိန်းနဲ့ အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာ တစ်ကမ္ဘာလုံး အသုံးစရိတ်ဟာ ရည်မှန်းချက်အောက် ဒေါ်လာသန်း ထောင်ပေါင်းများစွာ လျော့ကျနေတယ်လို့ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ (ယူအင်အက်ဖ်ပီအေ) ညွှန်ကြားရေးမှူးက ပြောထားတာ ရှိတယ်။

ဒီလို လျော့ကျနေရတာဟာ ဘာကြောင့်လဲဆိုရင် လွန်ခဲ့တဲ့ ငါးနှစ်က ကိုင်ရိုမြို့မှာ ကျင်းပခဲ့တဲ့ လူဦးရေဆိုင်ရာ ညီလာခံမှာ ပေးခဲ့တဲ့ ကတိတွေကို ဖွံ့ဖြိုးပြီး နိုင်ငံတွေက အကောင်အထည် မဖော်ခဲ့တာကြောင့် ဖြစ်တယ်တဲ့၊ ကမ္ဘာ့လူဦးရေဟာ တစ်နှစ်ကို ၇၈ သန်းနှုန်းနဲ့ တိုးပွားနေဆဲဖြစ်တယ်။ အထူးသဖြင့် ဆင်းရဲတဲ့

၁။ မြန်မာ့အလင်းသတင်းစာ (၂၄၊ ၉၊ ၉၉)





နိုင်ငံများရဲ့ လူဦးရေ တိုးတက်နှုန်းဟာ ပိုပြီးများလာတယ်။ ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ကျော်ဟာ စားဝတ်နေရေး အခက်အခဲများနဲ့ ကြုံတွေ့နေကြရတယ်တဲ့။ သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေဟာ သန်း ၈၉၀၀ အထိ ဆက်လက်တိုးပွားနေမယ်လို့ ပြောသွားတယ်တဲ့ဗျ။*

လူဦးရေတွေ တိုးတက်တော့ အစားအစာ အလုံအလောက်ရဖို့ ခဲယဉ်းမယ်၊ ဝတ်ရေးနေရေး ပြဿနာတွေလည်း တက်လာမယ်။ အစာအာဟာရ လုံလောက်မှုမရှိရင် ကျန်းမာရေးတွေ ချို့ယွင်းမယ်။ ဝတ်ရေးနေရေး မပြေလည်မှုတွေကပါ ထပ်ဆင့်လာတဲ့အခါ ကျန်းမာရေးသာမက ကိုယ့်ကျင့်တရားရေးရာတွေပါ ပျက်စီးယိုယွင်းလာမယ်။ ဆင်းရဲတဲ့ မိသားစုမှာ လူဦးရေ တိုးတက်လာရင် ကျန်းမာရေး၊ ကိုယ်ကျင့်တရားရေး ပျက်စီးမှာစိုးတဲ့အတွက် သားဆက်ခြားဖို့၊ ကလေးမွေးမှု ထိန်းချုပ်ဖို့ကို ကျွန်တော်တို့က ပညာပေးခဲ့ကြတာပဲ။ ဒီအလုပ်ကို ကျွန်တော့်လိုပဲ လုပ်ခဲ့တဲ့ မိတ်ဆွေဆရာဝန်တစ်ဦးက အဖြစ်အပျက်တစ်ခုကို ပြောဖူးတယ်။

ကလေး ၈ ယောက် မွေးထားတဲ့ ဆင်းရဲတဲ့ မိသားစုနဲ့ တွေ့တဲ့အခါမှာ ဆရာဝန်တစ်ဦးက ဆူပူတဲ့သဘောမျိုးနဲ့ ဆင်းရဲပါလျက်နဲ့ ဘာကြောင့် ဒီလောက်များများ ကလေးတွေမွေးရတာလဲလို့ဆိုတော့ သားသည်အမေ အမျိုးသမီးက "ကျွန်မတို့မှာ စောင် အလုံအလောက် မရှိလို့ပါရှင်"လို့ ပြန်ပြောတယ်တဲ့ဗျာ။ သူက

* လန်ဒန် မေ ၃၀ ရက်၊ အမ်အင်န်အေရိုက်တာ သတင်းပါ ဂျီနီဗာအခြေစိုက် တစ်ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာဖိုရမ် (ဂျီအိတ်ချ် အက်ဖ်)ရဲ့ ဖော်ပြချက်အရ အခုအခါ ကမ္ဘာ့လူဦးရေဟာ (၆ ဒသမ ၇ ဘီလီယံ) ခန့် ရှိတယ်လို့ ဖော်ပြထားပါတယ်။

www.burmeseclassic.com



မေးတော့ ဟိုကလည်း ဖြေတာပေါ့ဗျာ။ အမျိုးသမီးဖြေတာကို ရုတ်တရက် သဘောမပေါက်တော့ ဆရာဝန်က ထပ်ပြီး ဆူဆူပူပူတွေ လုပ်တယ်။ အမျိုးသမီးကလည်း စောင်အလုံအလောက် မရှိတာကိုပဲ ပြောနေတယ်တဲ့။ အမျိုးသမီးဆိုလိုတာက သူ့မိသားစုက ဆင်းရဲတယ်၊ ဒါကြောင့် ခြံစရာစောင် အလုံအလောက် မဝယ်နိုင်ဘူး၊ စောင်အလုံအလောက် မရှိတော့ ချမ်းအေးတဲ့ ခြင်ကိုက်တဲ့အခါ ယောကျ်ားဖြစ်သူနဲ့ စောင်တစ်ထည်ကို နှစ်ယောက်ခြုံပြီး အိပ်ရတယ်။ ဒီအခါ ကာမဂုဏ်အာရုံတွေကလည်း ဖြစ်ပေါ်လာပြီး ကလေးတွေ ခုလိုများများရသွားတာ ဖြစ်တယ်လို့ဆိုလိုတာပေါ့။ ဒါကို နောင်ကျမှ ဆရာဝန်က သဘောပေါက်သွားတဲ့ ဇာတ်လမ်းကလေးကို ပြောပြတာပါ။ ကျွန်တော်ကလည်း လူဦးရေထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ပြောမိရင် အဲဒီဇာတ်ပုံပြင်တစ်ခုကို အမှတ်ရလေ့ရှိပါတယ်။

ဒီလိုတဲ့ဗျ၊ ခြင်္သေ့မဟာ တစ်ခါမွေးရင် တစ်ကောင်ပဲမွေးတယ်၊ ဒါကို မြေခွေးမက အထင်အမြင်သေးတယ်။ တစ်ကောင်တည်းပဲ မွေးနိုင်ရှာတယ်ဆိုတဲ့ သဘောနဲ့ အထင်သေးတာဖြစ်မှာပေါ့၊ မြေခွေးဆိုတာကတော့ တစ်ခါမွေးလိုက်ရင် ကောင်ရေ မနည်းဘူး။ ဒါကြောင့် မြေခွေးမက ခြင်္သေ့ကလေးမွေးတဲ့ ခြင်္သေ့မဆီသွားပြီး "တစ်ကောင်းတည်းပဲလား"လို့ သရော်ပြောင်လှောင်စကား ဆိုတဲ့အခါမှာ ခြင်္သေ့မက "အေး… တစ်ကောင်တည်းပဲ။ ဒါပေမဲ့… ခြင်္သေ့ဟဲ့"လို့ ပြန်ပြောတယ်တဲ့ဗျ။ ခြင်္သေ့ဆိုတာ တစ်ကောင်တည်းပေမဲ့ တောတိရစ္ဆာန် သတ္တဝါအများကြီးကို မင်းမူနိုင်တဲ့၊ လွှမ်းမိုးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်။ မြေခွေးဆိုတာကတော့ မလေးစားလောက်တဲ့ သတ္တဝါပဲ၊ ဟုတ်တိပတ်တိ စွမ်းဆောင်နိုင်တဲ့ သတ္တဝါမှ





မဟုတ်ပဲကိုး၊ ဆိုလိုတာကတော့ အရေအတွက်ထက် အရည်အချင်းရှိဖို့က အရေးကြီးတယ်ဆိုတာကို ဒီပုံပြင်လေးက ဖော်ကျူးလိုတာပါ။ ကျွန်တော်ကတော့ ဒီပုံပြင်လေးကပေးတဲ့ သင်ခန်းစာကို စိတ်ထဲမှာထားပြီး မိခင်တွေကို… ကလေးတွေ အများကြီး မလိုပါဘူး။ မိမိအကျိုး အများအကျိုး သည်ပိုးစွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိတဲ့ သားသမီးမျိုးကိုပဲ ရဖို့လိုပါတယ်လို့ ပြောမိပါတယ်။ ကလေးအများကြီးယူတော့ အရည်အချင်းကောင်းရှိတဲ့ သားကောင်းသမီးကောင်းဖြစ်အောင်၊ မထိန်းသိမ်း မစောင့်ရှောက်နိုင် ဖြစ်ရတတ်ကြောင်း ပြောရတယ်။ အဲဒီဇာတ်ပုံပြင်ကို ပြောဖို့က အချိန်ကရမှ မရနိုင်ပဲဗျာ။

(၃)

မိတ်ဆွေဆရာဝန်၏ ခြံဝသို့ရောက်လာပြီဖြစ်၍ နှုတ်ဆက်ရင်း ကျွန်တော်က ဆက်လျှောက်ခဲ့ပါသည်။ ကျွန်တော့်အိမ်နားက မိသားစုက သားသမီး ၉ ယောက် ထွန်းကားသည်။ ၉ ယောက်မြောက် ကလေးက ကံဆိုးစွာဖြင့် ဉာဏ်ရည်မမှီဖြစ်နေသည့် ရောဂါသည်ကလေးအဖြစ် မွေးဖွားလာခဲ့သည်။ ဤကလေးအတွက် မိဘနှစ်ဦးလုံး နောင်တမျိုးစုံ ရနေကြသည်ကို ကျွန်တော် မြင်ယောင်လာခဲ့ပါသည်။

[**Phoenix** ဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၂၄)၊ (၂၄-၇-၀၉)]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အပြစ်တင်လိုလျှင်

(၁)

"အဲဒီပုဂ္ဂိုလ် ပြောပြခဲ့တာကို ကျွန်တော်က ခင်ဗျားတို့ကို ပြန်ပြောပြမယ်။ သူက...

တစ်နေ့... ရုံးကအပြန်မှာ... ဒီနေ့ညစာကို ကြက်သားဆီပြန်ဟင်းနဲ့ စားရရင် သိပ်ကောင်းမှာပဲလို့ တွေးမိလာတယ်တဲ့။ အိမ်ရောက်တော့ သူ့အိမ်ရှင်မကို... ဘာဟင်းချက်သလဲလို့ လှမ်းမေးတယ်၊ သူ့အိမ်ရှင်မက ကြက်သားဆီပြန်ဟင်း ချက်တယ်လို့ဖြေတယ်။ အင်း... ငါ ကံကောင်းလိုက်တာ...လို့ တွေးမိတယ်တဲ့ဗျ။ စားချင်တဲ့အတိုင်း ကြက်သားဆီပြန် ချက်ထားတယ်ဆိုတာကိုး။ ဒါနဲ့ အဝတ်အစားလဲ၊ ရေမိုးချိုးပြီးတော့ ထမင်းစားခန်းဝင်၊ ထမင်းစားပွဲမှာထိုင်၊ ထမင်းပန်းကန်ထဲကို စားချင်နေတဲ့ ကြက်သားကို ခပ်ထည့်ပြီး စားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားတာနဲ့ တလွဲဖြစ်သွားတယ်၊ ကြက်သားဟင်းက ငန်နေတယ်။ အနံ့လည်း မကောင်းလှဘူး၊ အရသာမရှိဘူး ဖြစ်နေတယ်။ ကံဆိုးတယ်လို့ တွေးမိတယ်တဲ့။ မျှော်လင့်ထားသလို မဖြစ်လာတော့ စိတ်ဆိုး ဒေါသဖြစ်တယ်။ ကြက်သားဟင်း အချက်မကောင်းတဲ့ သူ့အိမ်ရှင်မကို မြင်ယောင်ပြီး စိတ်ဆိုးဒေါသဖြစ်လာတယ်၊ ဒါကို သူ ပြန်စဉ်းစားတယ်တဲ့၊ ဘယ်လိုလဲဆိုတော့... ငါ အခုလို ဆီပြန်ဟင်း စားချင်ပါလျက်နဲ့ အကောင်းမစားနိုင်ဖြစ်ရတာဟာ စိတ်ဆင်းရဲစရာပဲ။ နေဦး၊ ဒီစိတ်ဆင်းရဲစရာ ဖြစ်လာတာဟာ ကောင်းတဲ့အကျိုးလား၊ မကောင်းတဲ့အကျိုးလား...လို့ တွေးကြည့်တယ်။ ဒါဟာ မကောင်းတဲ့အကျိုးဖြစ်တယ်လို့ အဖြေထွက်လာတယ်။ တစ်ခါဆက်ပြီးတွေးတယ်။ ဒီလို မကောင်းတဲ့အကျိုးဟာ 'ကုသလ ဝိပါက်'လား၊ 'အကုသလဝိပါက်'လားလို့ တွေးတယ်။ နှစ်လိုဖွယ် မဟုတ်တဲ့ စိတ်ဆင်းရဲစရာ ဖြစ်လာတာဟာ အကုသလဝိပါက်ပဲ ဖြစ်ရမယ်။ စိတ်ဆင်းရဲစရာ ဖြစ်လာတဲ့ အကုသလဝိပါက်ဟာ ဘယ်သူ့ရဲ့ မကောင်းမှုအကုသိုလ်ကြောင့် ဖြစ်ပေါ်လာတာလဲ... လို့ တွေးပြန်တဲ့အခါ... ကြက်သားဆီပြန် စားချင်သူ မိမိရဲ့ အကုသိုလ်ကြောင့်ပဲ ဒီမကောင်းကျိုးဖြစ်တဲ့ အကုသလဝိပါက် ဖြစ်ရတာလို့ အဖြေပေါ်လာတယ်။"

"ကိုယ့်အကုသိုလ်ကြောင့် ကိုယ့်မှာ မကောင်းကျိုးဖြစ်ရတာပဲလို့ သဘောပေါက်လိုက်တဲ့အခါမှာ ဟင်းချက်သူ အိမ်ရှင်မကို စိတ်ဆိုးတော့မည့် ဒေါသတွေ ပြယ်လွင့်သွားတယ်တဲ့၊ တကယ်က... ကိုယ့်အကုသိုလ်ကြောင့် ကိုယ့်မှာ ဆင်းရဲဒုက္ခဖြစ်ရတယ်၊ ကိုယ့်မှာ မကောင်းကျိုးဖြစ်ရတယ်၊ ကိုယ့်ရဲ့ ကုသိုလ်ကောင်းမှုကြောင့်





ကိုယ့်မှာ ကောင်းကျိုးကုသလဝိပါက် ဖြစ်ရတာပဲ မဟုတ်လားလို့ အဲဒီပုဂ္ဂိုလ်က ပြောပြတယ်။"

သူ့သဘောကတော့... ဖြစ်ဖြစ်သမျှဟာ ကိုယ့်ကြောင့်ချည့်။ အတိတ်ကပြုခဲ့တဲ့ ကိုယ့်ကံကြောင့်ချည့် ဖြစ်ရတာ။ သူတစ်ပါးကို ဘာမှအပြစ်တင်နေစရာ မလိုဘူးဆိုတဲ့ သဘောပေါ့။ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ပြီး သူတစ်ပါးကို အပြစ်မတင်ဘဲ နေနိုင်ရင်တော့ လူမှုပြဿနာတွေ မရှိဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်မယ်လို့ သူက ပြောချင်တာဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့... ကျွန်တော့်အမြင် ပြောရရင်တော့... ပြုပြင်သင့်တာကို ပြုပြင်ဖို့ တစ်ဖက်လူကိုလည်း ပြောသင့် ပညာပေးသင့်တယ်လို့ ထင်တာပဲ။ ဒါဟာ ပစ္စုပ္ပန်ကံကို ထူထောင်ရာရောက်ပါတယ်။ အခုန ဆားငန်နေချက်တဲ့ အိမ်ရှင်မကို ဟင်းငန်နေတယ်၊ ပေါ့သွားအောင် တစ်ခုခုရောလိုက်။ ဒီလိုမပြောချင်လည်း နောင်ကို ခပ်ပေါ့ပေါ့ချက်၊ ပေါ့တာကို ငန်အောင်လုပ်ဖို့လွယ်တယ်... စသည်ဖြင့်ပြောတာ၊ ပြုပြင်နိုင်းတာဟာ ပစ္စုပ္ပန်ကံကို ပြုတာပဲ မဟုတ်လား၊ ဗုဒ္ဓဝါဒဟာ အတိတ်ကပြုခဲ့တဲ့ ကံကိုချည်း ပုံချတဲ့ ဝါဒ မဟုတ်ဘူးလို့ ထင်တာပဲ။

ဟို... ဇာတ်တော်တစ်ခုရှိတယ် မဟုတ်လား၊ တက္ကသိုလ်က ပြန်လာတဲ့ မင်းသား ပဉ္စာဝုဓဆိုတာလေဗျာ။ တောအုပ်တစ်ခု အလယ်ရောက်တော့ ဘီလူးကြီးနဲ့တွေ့တယ်။ ဘီလူးကြီးက အကြီးကြီး၊ အရပ်ကလည်း အမြင့်ကြီး၊ ဦးခေါင်းကလည်း အကြီးကြီး၊ သူ့မျက်လုံးကြီးတွေက သပိတ်လောက်ကြီးတာတဲ့၊ အစွယ်ကြီးနှစ်ချောင်းကလည်း ငှက်ပျောဖူးပမာဏ...ဆိုပဲ။ မင်းသားက ဘီလူးကြီးကို သူ့မှာပါလာတဲ့ လေးနဲ့ပစ်သတ်ဖို့ ကြိုးစားတယ်၊ မြှားအစင်းငါးဆယ်ကုန်အောင်ပစ်တယ်။ အဲဒီမြှားတွေအားလုံး ဘီလူးကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမွေးမှာ ကပ်ကုန်တယ်။ မြွားကုန်တော့ မင်းသားက ဘီလူးကို သံလျက်နဲ့ခုတ်တယ်။ သူ့မှာပါသမျှ လက်နက်တွေနဲ့ ဘီလူးကို တိုက်ခိုက်တယ်၊ လက်နက်တွေအားလုံး ဘီလူးရဲ့အမွေးမှာ ကပ်ကုန်တယ်၊ ဒီလက်နက်တွေလောက်နဲ့ ဘီလူးက မဖြုံပါဘူး။ လက်နက်တွေကုန်တော့ လက်တွေခြေတွေနဲ့ တိုက်ခိုက်တယ်၊ လက်တွေခြေတွေလည်း အကုန် ဘီလူးကြီးမှာ ကပ်နေတယ်၊ နောက်ဆုံး… မင်းသားဟာ သူ့ဦးခေါင်းနဲ့ ဘီလူးကြီးကို တိုက်ခိုက်တယ်။ ဘီလူးဟာ ဒီလို ဆတ်ဆတ်ကြဲ မင်းသားလို လူမျိုးကို မတွေ့ကြုံဖူးတော့ သိပ်အံ့သြနေတယ်၊ ဒီလို အံ့သြခြင်းတွေနဲ့ ဘီလူးက မင်းသားကို "သင်… သေရမှာ မကြောက်ဘူးလား"လို့မေးတယ်။ ဒီလိုမေးတော့ မင်းသားက "ဘာလို့ ငါက ကြောက်ရမှာလဲ၊ သင် ငါ့ကို စားရဲရင် စားကြည့်၊ ငါ့ဝမ်းထဲမှာ ဝရဇိန်လက်နက်ရှိတယ်၊ ငါ့ကို သင် စားလိုက်ရင် ဒီဝရဇိန်လက်နက်က သင့်အူတွေကို အပိုင်းပိုင်းဖြတ်ပစ်ပြီး သင့်ကို အသေသတ်မှာပဲ"လို့ပြောတယ်။

ဒီဇာတ်တော်ကိုကြည့်ရင် မင်းသားဟာ ငါ ကံမကောင်းလို့ ဒီဘီလူးကြီးနဲ့ ကြုံရတာပဲလို့ ငြီးညူနေဟန် မတွေ့ပါဘူး။ အတိတ်ကံအပေါ်ပဲ အပြစ်ပုံချနေဟန်လည်း မရှိပါဘူး။ ဘီလူးဘေးကလွတ်နိုင်တဲ့ စွမ်းဆောင်မှုမှန်သမျှကို လုပ်တာပဲ။ ဒါဟာ ပစ္စုပ္ပန်ကံကို ထူထောင်နေတာ မဟုတ်လား၊ ပြီးခဲ့တာတွေဟာ ပြီးခဲ့ပြီ။ အတိတ်ကံဆိုတာကို ပြန်သွားပြီး အကောင်းအဆိုး ပြင်လို့မရနိုင်တော့ဘူး၊ အခုလက်ရှိအခြေအနေမှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ပဲ ရှိတော့တယ်။ မင်းသားဟာ လုပ်သင့်လုပ်ထိုက်တာတွေကို အကုန်လုပ်တာပဲ။ စွမ်းနိုင်သမျှကို သူ စွမ်းဆောင်တာပဲ။ သူ့စွမ်းဆောင်မှု





သူ့လုပ်ရပ်ကြောင့် ဘီလူးက ကြောက်လန့်ပြီး လွှတ်လိုက်လို့ မင်းသားဟာ အသက်ဘေးက လွတ်သွားခဲ့တယ် မဟုတ်လား။

မင်းသားရဲ့ စွမ်းဆောင်မှုဟာ ကံနဲ့ပတ်သက်တဲ့ ဗုဒ္ဓဝါဒရဲ့ အလိုကျ စွမ်းဆောင်မှု၊ လုပ်ဆောင်မှုဖြစ်တယ်လို့ ကျွန်တော်ကတော့ ထင်တာပဲ။ ဒီလိုစွမ်းဆောင်မှု၊ လုပ်ဆောင်မှုတွေ မပြုမိသူဟာ တစ်ချိန်ချိန်မှာ "ငါမပြုခဲ့မိလေခြင်း"ဆိုပြီး နောင်တအကြီးအကျယ် ရနိုင်တယ်။

(၂)

အိမ်ရှင်မိတ်ဆွေက အထက်ပါအကြောင်းအရာများကို ပြောပြပြီးနောက် "ခင်ဗျားတို့ အမြင်ကကော ဘယ်လိုလဲ"ဟု အလေးအနက် မေးနေပါသည်။ ထိုအိမ်ရှင် မိတ်ဆွေ တည်ခင်းကျွေးမွေးသမျှကို အားပါးတရ စားနေကြသော ကျွန်တော့်အနီးမှ မိတ်ဆွေတစ်ဦးက "ဆားငန်ငန်ချက်တဲ့ အိမ်ရှင်မကိုလည်း ပြုပြင်ခိုင်းဖို့ မကြိုးစား၊ မပြေလည်မှုတွေနဲ့ ကြုံတဲ့အခါ လုပ်သင့်လုပ်ထိုက်တာတွေကို အစွမ်းရှိသမျှ မလုပ်ဘဲ အတိတ်ကံ မကောင်းခြင်းကိုပဲ အပြစ်ပုံချတတ်သူ ကိုတော့ အပြစ်တင်သင့်ပါကြောင်း" အတိတ်ကံမကောင်းပါဘူးလို့ အတိတ်ကံကို ပုံချတတ်သူမျိုးဟာ ဘဝခရီးမှာ နောင်တတွေ ပတ်လည်ဝိုင်းခံရသူ ဖြစ်နိုင်ပါကြောင်း ပြန်၍ပြောလိုက်သည်ကို အမှတ်တရ ဖြစ်နေပါသည်။

**[Phoenix ဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၂၂)၊ (၁၀–၇–၀၉)]**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကိုယ်လျှောက်မည့်လမ်း

လူမှာ ဖြစ်လာသမျှ အကောင်းအဆိုး အမှန်အမှားဆိုတာတွေဟာ အတိတ်ကံကြောင့် ဖြစ်ရတာလို့ အတိတ်ကံကိုချည်း ရိုးမယ်ဖွဲ့ပြီး ပြောဆိုယုံကြည်နေသူမှာ စိတ်ဓာတ်ခွန်အား လျော့နည်းနေပြီလို့ ယူဆနိုင်တယ်။ “ငါအဖြစ်နိုင်ဆုံး ကြိုးစားမယ်”ဆိုတဲ့ စိတ်ရဲ့ ခိုင်ခံ့မှု၊ အရှုံးမပေးလိုမှုတွေ အဲဒီလိုလူမျိုးမှာ ရှိလိမ့်မယ်လို့ မမျှော်လင့်နိုင်တော့ဘူး။

နေ့စဉ်ဘဝမှာ လူတွေဟာ ရွေးချယ်မှုတွေကို လုပ်နေကြတာပဲ။ ဒီအလုပ်ကို ငါလုပ်မယ်လို့ ရွေးတယ်။ ဒီလမ်းကို ငါလျှောက်မယ်လို့ရွေးတယ်။ ဒါကို ငါရအောင် ကြိုးစားယူမယ်၊ ငါ့ဘဝကို ဒီလိုတည်ဆောက်မယ်… စသည်ဖြင့် ရွေးတယ်။ လူတွေဟာ တစ်နည်းမဟုတ်တစ်နည်း ရွေးနေကြတယ်။ ဒီအလုပ်ကို ငါ မလုပ်တော့ဘူး။ ဒီလမ်းမျိုးကို ငါ မလျှောက်၊ မလှမ်းတော့ဘူး ဆိုတာဟာလည်း ရွေးတာပဲ။ မလုပ်တာ… မလျှောက်တာကို ရွေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြစ်တည်မှု ပဓာနဝါဒီ Existentialist တွေက ပြောကြတယ်။ လူဟာ ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်ဘဝအဓိပ္ပာယ်ကို ကိုယ်ကပဲ ဖော်နေရတာတဲ့။ ကိုယ်လုပ်ချင်တဲ့အလုပ်ကို ကိုယ်က ရွေး၊ ကိုယ်သွားလိုတဲ့လမ်းကို ရွေးပြီး ကိုယ်ဖြစ်ချင်တဲ့ဘဝမျိုးကို ကိုယ်ကပဲ တည်ဆောက်ရတာဖြစ်တယ်တဲ့။*

ငါ ဘယ်ဘဝကလာခဲ့တာလဲ… ဆိုတာကို မသိနိုင်ဘူး၊ ဟိုဘက်က အတိတ်ဘဝ ရှိမရှိဆိုတာကို ကြည့်လို့လည်း မမြင်ဘူး။ ခံစားကြည့်တော့လည်း မတွေ့ရဘူး။ အနာဂတ်ဘဝဆိုတာလည်း ဒီလိုပဲ။ လှမ်းကြည့်တော့လည်း မမြင်နိုင်ဘူး၊ ခံစားကြည့်လို့လည်း မရနိုင်သေးဘူး။ အနာဂတ်ဘဝဆိုတာ… ငါ ဘယ်ဘဝသွားမလဲဆိုတာဟာ မသေချာတဲ့ အဖြစ်ပဲ။ သူများတွေကပြောလို့သာ အတိတ်ဘဝဆိုတာ ရှိတယ်၊ အနာဂတ်ဘဝဆိုတာ ရှိတယ်လို့ ယုံနေကြတာ၊ ကိုယ်တိုင်ကြည့်ကြည့်တော့လည်း အဲဒီဘဝတွေဆိုတာ တွေ့ရတာ မဟုတ်ဘူး၊ ဘဝတွေရှိတယ်ဆိုတာကို သက်သေပြကြတော့လည်း ခိုင်လုံတဲ့ သက်သေပြချက်ရယ်လို့ မတွေ့ရဘူး၊ အတိတ်ဘဝဆိုတာတွေ အနာဂတ်ဘဝဆိုတာတွေဟာ မရေရာ မသေချာပေမဲ့… ရေရာသေချာတာတစ်ခုတော့ရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ ဒီရုပ်ဒီခန္ဓာနဲ့ အခု အသက်ရှင်နေတယ်ဆိုတာကတော့ သေချာတယ်။

အဲဒီ အသက်ရှင်နေတဲ့အဖြစ်… အဲဒီ အသက်ရှင်နေတဲ့ ဘဝကို အသေအချာကြည့်တော့လည်း ဘာအဓိပ္ပာယ်မှလည်း မရှိဘူး၊

---

* ဒီနေရာမှာနဲ့ ရှေ့မှာပြောမည့် ဘဝဖြစ်တည်မှုဝါဒီက အယူအဆတွေဟာ ပဓာနအားဖြင့် ယန်ပေါလ်ဆာ့တ် Jean-Paul Sartre အဲလ်ဘတ်ကာမြူး Albert Camus စတဲ့ ဘုရားမဲ့ ဘဝဖြစ်တည်မှုဝါဒီတွေ Atheistic Existentialists ရဲ့ အယူအဆတွေ ဖြစ်ပါတယ်။





ဘာအနှစ်သာရမှလည်း မရှိဘူး။ ဒီတော့ ကိုယ့်အဖြစ်၊ ကိုယ့်ဘဝကို ကိုယ်လိုချင်တဲ့ အဓိပ္ပာယ်ကို ရွေးချယ်ပြီး ကိုယ့်ဟာကိုယ် အဓိပ္ပာယ်ရှိအောင် ဖော်ဆောင်ဖို့လိုတယ်။ ကိုယ်ရချင်တဲ့ အနှစ်သာရ ကိုကိုယ်ကပဲ ရွေးချယ်ရှာယူပြီး ကိုယ့်ဟာကိုယ် အနှစ်သာရကို ရှာယူရမှာပဲလို့ အဲဒီဖြစ်တည်မှု ပဓာနဝါဒီတွေက ဆိုကြတယ်။

ဒီနေရာမှာ… အတိတ်ကံ ကြမ္မာကို ရိုးမယ်ဖွဲ့နေသူ (ပုဗ္ဗေကတဟေတုဝါဒီ) ဟာ ဖြစ်တည်မှုပဓာနဝါဒီလို ဖွဲ့သတ္တိ မရှိနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အတိတ်ကြမ္မာကို ရိုးမယ်ဖွဲ့သူမှာ အောင်မြင်ခြင်းဆီကိုသွားတဲ့ လမ်းကိုရွေးပြီး ပန်းတိုင်ရောက်သည်အထိ ကြိုးစားရုန်းကန်မယ်ဆိုတဲ့ ဆန္ဒတွေ၊ ဝီရိယတွေ ရှိလိမ့်မယ်မဟုတ်ဘူး။ အခြေအနေက ပေးထားတဲ့အတိုင်းပဲ သူဟာ အသက်ရှင်နေထိုင်နေမှာပဲ။ ပြီးတော့… သူတစ်ပါးအသက်ကို သူ သတ်ဖြစ်တာ၊ သူတစ်ပါး ပစ္စည်းကို ခိုးဝှက်တာ၊ သူတစ်ပါးကို လိမ်လည်ပြောဆိုမိတာဟာလည်း အတိတ်က ကံကြမ္မာကြောင့် သတ်ဖြစ်၊ ခိုးဖြစ်၊ လိမ်ဖြစ်သွားတာပါလို့ သူ ပြောမလား၊ တကယ်တော့ ကံကြမ္မာ၏ ပြဋ္ဌာန်းထားမှုအတိုင်း ဖြစ်ရတာပါ… ပြုရတာပါလို့ ယူဆသူဟာ လူ့အဖြစ်မှ လျှောကျသွားခြင်းဖြစ်တယ်လို့ ဘဝဖြစ်တည်မှု ပဓာနဝါဒီတွေကတော့ ပြောကြမယ်။ လူဟာ လူ့အဖြစ်မှ လျှောကျသွားတယ်ဆိုတာ “လူဟာ လူမပီသတော့ဘဲ အရာဝတ္ထုအဖြစ်သို့ ရောက်သွားတယ်” လို့ ဆိုလိုတာပဲ။

သစ်ပင်တို့၊ စားပွဲ၊ ထိုင်ခုံတို့ဆိုတာ စိတ်မရှိတဲ့ အရာဝတ္ထုသဘောတွေဖြစ်တယ်၊ အရာဝတ္ထုတွေဖြစ်တဲ့အတွက် ပတ်ဝန်းကျင်အခြေအနေပေးသလောက်ပဲ သူတို့ဟာ တည်နေကြတယ်၊ ဒီစားပွဲကို ဒီနေရာကနေ ဟိုနေရာကို ရွှေ့လို့ရတယ်၊ ရွှေ့ပြီးထားတဲ့ နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစားပွဲဟာ တည်နေရတယ်။ ဒီလိုတည်နေမှုသဘောဟာ စိတ်မရှိတဲ့ အရာဝတ္ထုတွေရဲ့ တည်နေရမှုကို ရည်ညွှန်းတယ်။ လူကတော့ သိစိတ်ရှိတယ်၊ ဒါကြောင့် လူဟာ စိတ်မဲ့အရာဝတ္ထုမဟုတ်ဘူး။ ဒါကြောင့် အရာဝတ္ထုလို ဒီနေရာကနေ ဟိုနေရာကို အရွှေ့ခံ၊ အရွှေ့ခံရတဲ့ နေရာမှာပဲ ဖြစ်တည်နေ…ဆိုတာမျိုး လူကတော့ မဖြစ်ဘူး။ သူ့စိတ်ကူး၊ သူ့ရွေးချယ်မှုနဲ့ သူနေချင်သလိုပြောင်းနေ မှာပဲ။ ဒီလို သူ့စိတ်ကူးနဲ့သူ၊ သူ့ရွေးချယ်မှုနဲ့သူမတည်နေဘူးဆိုရင် အဲဒီလူဟာ လူနဲ့မတူတော့ဘဲ အရာဝတ္ထုလိုဖြစ်သွားမယ်။ အရာဝတ္ထုအဖြစ်သို့ လျှောကျသွားမယ်လို့ ဆိုလိုတာပဲ။

ဒီတော့ လူဟာ လူအဖြစ်မှ မလျှောကျဘဲ လူအဖြစ်နဲ့ လူပီသစွာ ဖြစ်တည်နေသူဖြစ်တယ်ဆိုရင်… မသတ်ဖို့ရှောင်ခြင်း၊ မခိုးဖို့ရှောင်ခြင်း၊ မလိမ်ဖို့ရှောင်ခြင်းတွေကို ရွေးချယ်ပြီး တကယ်ရှောင်နိုင်သူဖြစ်အောင် ကြိုးစားလုပ်ဆောင်ရတာပဲ။ ဒီလို ကြိုးစားပြုမူ လုပ်ဆောင်နေသူဟာ လူအဖြစ်မှ မလျှောကျဘူး၊ ဆိုခဲ့တဲ့ ပုဗ္ဗကတဟေတုဝါဒီ (အတိတ်ကြမ္မာကို ရိုးမယ်ဖွဲ့သူ)လို အတိတ်ကြမ္မာကြောင့်သတ်ရပါတယ်၊ ခိုးရပါတယ်၊ လိမ်ရပါတယ်ဆိုရင်တော့ အဲဒီလူဟာ လူအဖြစ်မှ… အရာဝတ္ထုအဖြစ်သို့ လျှောကျသူ ဖြစ်သွားပြီလို့ ဆိုရလိမ့်မယ်။

ပုဗ္ဗကတဟေတုဝါဒီနဲ့ ခပ်ဆင်ဆင်တူတဲ့ သူကတော့ ဣဿရနိမ္မာနဝါဒီဖြစ်တယ်။ သူ့အမြင်က လူဟာ ဖန်ဆင်းရှင်… တန်ခိုးရှင်ရဲ့ အလိုတော်အတိုင်း ဖြစ်နေရတာ…တဲ့။ မိမိဘဝရဲ့ အောင်မြင်မှု၊ ဆုံးရှုံးမှု၊ ကောင်းမှု၊ ဆိုးမှု၊ အသက်ရှည်မှု၊ တိုမှုစတဲ့ လူ့ဘဝဖြစ်ရပ်တွေဟာ ဖန်ဆင်းရှင်ရဲ့ အလိုအတိုင်း ဖြစ်ပေါ်နေရတာ





လို့ ဆိုလိုပါတယ်။ ဒီလိုဖန်ဆင်းရှင်ရဲ့ အလိုအတိုင်းဖြစ်ရတာလို့ ယုံကြည်တာဟာလည်း ဘဝဖြစ်တည်မှု ပဓာနဝါဒီတွေရဲ့ အမြင်အရကတော့ (ဒီနေရာမှာ ဘုရားမဲ့ဘဝ ဖြစ်တည်မှုပဓာနဝါဒီတွေရဲ့ အမြင်ကို ပဓာနအားဖြင့် ဆိုလိုပါတယ်) လူ့အဖြစ်က လျှောကျသွားသူရဲ့ အမြင်ပဲဖြစ်တယ်။ စိတ်မဲ့ဖြစ်တဲ့ သစ်ပင်တို့၊ စားပွဲ၊ ကုလားထိုင်တို့ဟာ ပတ်ဝန်းကျင်က ပြုသမျှ… ပြဋ္ဌာန်းသမျှအတိုင်း ဖြစ်တည်နေကြရတယ်။ သူတို့မှာ ရွေးချယ်စရာမရှိဘူး။ ပြဋ္ဌာန်းခံရတဲ့အတိုင်း… ဒါမှမဟုတ် ပြဋ္ဌာန်းသူရဲ့ အလိုအတိုင်း လုပ်နေရတယ်၊ ဖြစ်နေရတယ်။

ဒီနေရာမှာ ယူဆစရာရှိတာက… ပြဋ္ဌာန်းသူရဲ့ အလိုအတိုင်း လုပ်နေရတာဖြစ်တယ်ဆိုရင်… လုပ်တဲ့သူမှာ ဘာတာဝန်မှမရှိဘူး ဖြစ်နေတယ်၊ ဘာအပြစ်မှလည်း မရှိဘူးလို ဖြစ်နေတယ်။ သတ်ရတာ၊ ခိုးရတာ၊ လိမ်ရတာဟာ ပြဋ္ဌာန်းသူအလိုအတိုင်း လုပ်ရတာတွေဖြစ်တယ်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုလုပ်တာ မဟုတ်ဘူး။ ကိုယ့်ဆန္ဒနဲ့ကိုယ် ရွေးတာမဟုတ်ဘူး။ ပြဋ္ဌာန်းသူက ခိုင်းလို့၊ ပြဋ္ဌာန်းပေးလို့ လုပ်ရတာ သာဖြစ်လို့ သူ့မှာ ဘာအပြစ်မှ မရှိဘူးဖြစ်နေတယ်။ အဲဒီလူမှာ ဘာတာဝန်မှလည်း မရှိဘူးလို ဖြစ်နေတယ်။

တကယ်တော့ အဲဒီလူမှာ တာဝန်ရှိပါတယ်။ သတ်တာ၊ ခိုးတာ၊ လိမ်တာကို… မသတ်ဖို့၊ မခိုးဖို့၊ မလိမ်ဖို့ကို ရွေးခြင်းမရွေးခြင်းဟာ အဲဒီလူအပေါ်မှာ မူတည်တယ်။ ရွေးချယ်ပြီး လုပ်ဆောင်ခြင်း၊ မလုပ်ဆောင်ခြင်းအတွက် သူ့မှာ တာဝန်ရှိတယ်။ ပြဋ္ဌာန်းသူရဲ့ အလိုကျ ခိုင်းလို့လုပ်ရခြင်းသာ ဖြစ်ပါတယ်ဆိုပြီး သူ့တာဝန်ကို ရှောင်လို့မရဘူး၊ ပြဋ္ဌာန်းသူအပေါ်ကိုလည်း တာဝန်လွှဲမချသင့်ဘူး။ သူများတွေအပေါ်လည်း အပြစ်ပုံမချသင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝန်ကို ကိုယ့်တာဝန်အဖြစ်နဲ့သိပြီး တာဝန်မယူဘဲ သူတစ်ပါးအပေါ် ပုံချခြင်းတွေနဲ့ အသက်ရှင်တတ်တဲ့လူရဲ့ ဘဝကို "မစစ်မှန်တဲ့ဘဝ" inauthentic existence လို့ ခေါ်တယ်။ လူမစစ်တဲ့ ဖြစ်တည်မှုဘဝလို့ ဆိုလိုတာဖြစ်ပါလိမ့်မယ်။ ရွေးချယ်ရမှာကို မရွေး၊ တာဝန်ယူရမှာကို မယူဘဲဖြစ်တည်နေတဲ့ ဘဝမျိုးဟာ လူအုပ်ကြီးထဲမှာ ရောထွေးပါသွားတဲ့သူနဲ့ တူတယ်လို့ ဘဝဖြစ်တည်မှု ပဓာနဝါဒီတွေက ပြောတတ်ကြတယ်။ လူအုပ်ကြီးထဲမှာ ရောထွေးပါသွားပြီး လူအုပ်ကြီးထိုင်ရင် လိုက်ထိုင်၊ ထရင်လိုက်ထ၊ လူအုပ်ကြီးသွားရင် လိုက်သွားနဲ့ သူ့ကိုယ်ပိုင်ရွေးချယ်ဆုံးဖြတ် လုပ်ဆောင်မှုနဲ့ တာဝန်ယူမှုဆိုတာတွေလည်း မရှိဘူး၊ ဒီတော့ ဘာမှသူလိုလူမျိုးရဲ့ ဖြစ်တည်မှုဟာလည်း ပေါ်လွင်ပီသမှုလည်း မရှိဘူး။ အဲဒီလို ပေါ်လွင်ပီသမှု... လူပီသမှုမရှိ ဖြစ်နေတာကိုပဲ 'မျက်နှာမရှိတဲ့လူ'လို့ ခေါ်တတ်သေးတယ်။

ဗုဒ္ဓကလည်း ဆိုခဲ့တဲ့ ပုဗ္ဗေကတဝါဒကိုရော၊ ဣဿရနိမ္မာနဝါဒကိုပါ လက်မခံဘူး။ အကြောင်းတရားကိုပယ်တဲ့ အဟေတုကဝါဒက ရှုမြင်တဲ့...လူရဲ့ အကောင်းအဆိုး ဖြစ်ရပ်တွေဟာ ဖြစ်ချင်သလို ဖြစ်လာနိုင်တာပဲဆိုတဲ့ အမြင်မျိုးကိုလည်း လက်မခံဘူး၊ ဗုဒ္ဓဝါဒ အလိုအရကတော့... လူဟာ မိမိအပြုအမူအတွက် တာဝန်ရှိတယ်။ မိမိ ရွေးချယ်ပြုလုပ်တဲ့ ကုသိုလ်အကုသိုလ်အတွက် မိမိမှာ တာဝန်ရှိတယ်။

ဗုဒ္ဓဟာ လူကို ရွေးချယ်နိုင်တဲ့ သတ္တဝါအဖြစ် ရှုမြင်တယ်။ ပဋိစ္စသမုပ္ပာဒ် ဘဝဖြစ်စဉ်ကြီးမှာ လူဟာ အဲဒီဘဝဖြစ်စဉ်ကြီးထဲက လွတ်မြောက်ရာလမ်းကို ရွေးနိုင်တယ်။ ရွေးပြီး လွတ်မြောက်သည်





အထိ ကြိုးစားနိုင်တယ်။ အကယ်၍ လူဟာ လွတ်မြောက်ရာလမ်း (ဝေဒနာနှင့် တဏှာတို့ရဲ့ကြားကလမ်း)ကို မရွေးနိုင်ဘူး၊ ဒီလမ်းအတိုင်း မလျှောက်နိုင်ဘူးဆိုရင်တော့ ဝဋ်သုံးပါး (ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်)ရဲ့ ပြဋ္ဌာန်းမှုကို ခံမြဲခံနေရမယ်လို့မြင်တယ်။ လူဟာ အဲဒီဝဋ်တွေကနေပြီး လွတ်မြောက်အောင် ကြိုးပမ်းစွမ်းဆောင်နိုင်သူဖြစ်တယ်လို့ ဗုဒ္ဓဝါဒကမြင်တယ်။ အဲဒီအမြင်ကိုပဲ ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ခေါ်ခြင်းဖြစ်ပါတယ်။

ဒီသမ္မာဒိဋ္ဌိအမြင်နဲ့မှ ဘဝခရီးကို မသွားရင်တော့ နောင်တရစရာတွေနဲ့ ကြုံနိုင်တယ်လို့ ယူဆရမှာပဲ။

[နိုင်ငံတော်၏ ပရိယတ္တိသာသနာတက္ကသိုလ်မဂ္ဂဇင်း၊ ရန်ကုန်၊ ၂၀၀၇]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နောင်မှတတဲ့ နောင်တ

## (၁)

လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က အဆိုအမိန့်တွေဟာ ဒီနေ့လူတွေအတွက် အသုံးမှကျသေးရဲ့လား… အသုံးဝင်နေမှုရှိပါရဲ့လားလို့ ကျွန်တော်က ခဏခဏ တွေးမိတယ်။ အခြေအနေ အချိန်အခါတွေက အများကြီးပြောင်းခဲ့ပြီ မဟုတ်လား။ အခု ကျွန်တော် ရွတ်ဆိုပြမှာတွေကို ခင်ဗျားတို့ နားထောင်ကြည့်၊ ကျွန်တော် ရွတ်ဆိုပြတဲ့အချက်တွေဟာ ခင်ဗျားတို့အတွက် အသုံးဝင်သေးရဲ့လား၊ အသုံးမဝင်တော့ဘူးလားဆိုတာကို ခင်ဗျားတို့ ကိုယ်တိုင်ပဲ ဆုံးဖြတ်ပေါ့၊ ကျွန်တော်ကတော့ ဒီအဆိုအမိန့်တွေကို နှစ်သက်သဘောကျလို့ အလွတ်ရအောင်ကို ကျက်မှတ်ထားတယ်။ အခု ရွတ်ပြမည့် အဆိုအမိန့်တွေက ဇနသန္ဓလို့ခေါ်တဲ့ မင်းကြီးက သတိပေး ဆိုမိန့်ခဲ့တာတွေပဲဗျ။[၁]

---

၁။ မိတ်ဆွေဖြစ်သူ ပြောဆိုသော ဇနသန္ဓမင်းအကြောင်းကို ဥါ်ဒသနိပါတ် ဇာတ်ဝတ္ထုတွေထဲက ငါးနမြောက်ဇာတ်တော်ဖြစ်တယ်လို့ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"…ဤ ဆယ်ပါးသော အကြောင်းအရာ၊ လုပ်ငန်းကိစ္စတို့ကို ရှေးအခါက မပြုလုပ် မဆောင်ရွက်ခဲ့မိသောသူသည် နောင်အခါ၌ စိုးရိမ်ပူပန်ရတတ်၏။

(၁) ရသင့်ရထိုက်သော ဥစ္စာပစ္စည်းကို မရသည်ရှိသော် စိုးရိမ်ပူပန်ရ၏။ ငါသည် ငယ်ရွယ်စဉ်အခါက ပစ္စည်းဥစ္စာကို မဆည်းပူး၊ မစုဆောင်းခဲ့မိဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

(၂) အတတ်ပညာမရှိသူအား အသက်မွေးရခြင်းသည် ဆင်းရဲငြိုငြင်လှ၏။ ငါသည် ငယ်ရွယ်စဉ်အခါ၌ အတတ်ပညာကို မသင်ကြားခဲ့မိဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၃) ငါသည် ငယ်ရွယ်စဉ်အခါ၌ ကောက်ကျစ်စဉ်းလဲသော အမှုကို ပြုမိခဲ့၏။ သူတစ်ပါး၏ ကျောကုန်းသားကို စားသကဲ့သို့ ချော်ပစ်ကုန်းတိုက်သောစကားကို ဆိုခဲ့မိ၏။ ကြမ်းကြုတ်သောစကားကို ဆိုခဲ့မိ၏ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၄) ငါသည် ငယ်ရွယ်စဉ်အခါ သူ့အသက်ကို သတ်မိ၏။ ရက်စက်ကြမ်းကြုတ်ခဲ့၏။ ယုတ်မာခဲ့၏။ သတ္တဝါတို့အပေါ် သနားကြင်နာခြင်းကို မပြုခဲ့မိဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၅) ငါသည် ငယ်ရွယ်အခါ သူတစ်ပါးတို့ မသိမ်းဆည်းအပ်သော မိန်းမများရှိပါလျက် သူတစ်ပါးမယားကို မှီဝဲကျူးလွန်မိ၏ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။





(၆) ငါသည် ငယ်ရွယ်စဉ်အခါ ထမင်းအဖျော် ဥစ္စာစီးပွားရှိပါလျက် အလှူဒါနကို မလှူဒါန်းမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၇) ငါသည် ငယ်ရွယ်အခါက ဥစ္စာအား၊ ကိုယ်အားဖြင့် စွမ်းနိုင်ပါလျက် အိုမင်းသော အမိအဖတို့ကို မကျွေးမွေးမိခဲ့၊ မပြုစုမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၈) လက်ဦးဆရာဖြစ်၍ ဆုံးမပဲ့ပြင်လျက် အလုံးစုံသော အရာတို့ကို ငါ့အားပေး၍ ကျွေးမွေးပြုစုသော အဖကို ငါသည် မထေမဲ့မြင်ပြုခဲ့မိ၏ဟု နောင်အခါ စိုးရိမ်ပူပန်ရ၏။

(၉) သီလရှိ၍ ဗဟုသုတများသော ရဟန်း၊ သူတော်သူမြတ်တို့ကို ငါသည် ရှေးအခါက မဆည်းကပ်မိခဲ့ဟု နောင်အခါ စိုးရိမ်ပူပန်ရ၏။

(၁၀) ငါသည် ရှေးအခါက ငြိမ်သက်သော၊ ဆည်းကပ်အပ်သော ခြိုးခြံသော အကျင့်မျိုးကို မကျင့်မိခဲ့ဟု နောင်အခါ စိုးရိမ်ပူပန်ရ၏။

…ဤဆယ်ပါးသော အကြောင်းအရာ လုပ်ငန်းကိစ္စတို့ကို ပြုလုပ်ခဲ့မိသောသူသည် နောင်အခါ စိုးရိမ်ပူပန်ခြင်း မရှိနိုင်…။

အထက်ပါ (၁၀) မျိုးကို အလွန်နောင်တရစရာ (၁၀) မျိုး အနေနဲ့ ကျုပ်ကတော့ ခေါင်းစဉ်တပ်ချင်တယ်။

(၃)

အထက်ပါပုဂ္ဂိုလ်ရဲ့ စကားအဆုံးမှာ မိတ်ဆွေတစ်ဦးက 'နောင်တ'နဲ့ပတ်သက်ပြီး ဆရာကြီး ပီမိုးနင်း သတိပေးစကား ပြောခဲ့ပုံကို ပြောပြပါတယ်။ သူက…



www.burmeseclassic.com

www.burmeseclassic.com



'အချိန်'ဆိုတာဟာ အဖိုးမဖြတ်နိုင်တဲ့ အရင်းအနှီးဖြစ်တယ်။ အဲဒီ အချိန်ဆိုတဲ့ အရင်းအနှီးနဲ့ 'ကျန်းမာခြင်း'ဆိုတဲ့ အရင်းအနှီးကို ရတဲ့သူမှာ ငွေအရင်းအနှီး၊ ပညာအရင်းအနှီးရဖို့ မခက်တဲ့ အကြောင်းကို ဆရာကြီး ပီမိုးနင်းက အလေးထားပြီး ပြောခဲ့တာ။

နပိုလျံဟာ ဝယ်လင်တန်ကိုတိုက်ဖို့ ဝါတာလူးစစ်ပွဲကို ရောက်တော့ နေဝင်တော့မည့်အချိန် ဖြစ်နေတယ်။ နပိုလျံဟာ နောက်ကျသွားတယ်။ ဒီအခါမှာ နပိုလျံဟာ စစ်မြေပြင်မှာရပ်ပြီး နေလုံးကြီးဆီ လှမ်းကြည့်ပြီးတော့ "ဒီနေ့အတွက် ၂ နာရီလောက် သင့်ကို ငါ တားလို့ရမယ်ဆိုရင် လောကမှာ ဘာမဆို ငါပေးနိုင်ပါရဲ့"လို့ ညည်းတွားတယ်တဲ့၊ အဲဒီစစ်ပွဲဟာ နပိုလျံရဲ့ ဘုန်းမီးကို အပြီးတိုင်ငြိမ်းစေတဲ့ စစ်ပွဲဖြစ်တယ်တဲ့။ အဲဒီ နပိုလျံလို နောက်ကျမှ နောင်တရသူတွေ လောကမှာ မရေမတွက်နိုင်အောင် ရှိမှာပဲတဲ့။ အသက်လို့ဆိုရတဲ့ နေရောင်ရဲ့ အဆုံးနားကျခါမှ လွန်ခဲ့ကုန်ခဲ့တဲ့ အချိန်တွေကို ပြန်မျှော်ရင်း ဝင်လုဆဲနေရောင်မှာ မြင်နေရတဲ့ တောင်ထွတ်တောင်ထိပ်တွေကို ငါရောက်အောင် မတက်မိလေခြင်းလို့ နောင်တကြီးစွာ ရသူတွေ အများကြီးရှိမှာပဲ။ ဒီလူတွေဟာ အချိန်ရှိခိုက်လုပ်ရမည့်အရာတွေကို မလုပ်ဖြစ်တဲ့သူတွေဆိုတော့ နောင် တမလွန်ဘဝမှာလည်း ဒီလိုပဲ နောင်တရကြမယ့် အထုံဓလေ့ကို သူတို့နဲ့အတူ မကွဲမကွာ ဆောင်ယူသွားကြမှာပဲတဲ့။

လူတစ်ဦးရဲ့ တစ်သက်တာအတွင်းမှာ ရရှိတဲ့အချိန်ဟာ သိပ်မများလှဘူး။ ဥပမာ အသက် ၆၀ နေရသူမှာ နှစ်ပေါင်း နှစ်ဆယ်လောက်ဟာ အိပ်ရာမှာ ကုန်သွားတယ်၊ သက်တမ်းရဲ့ နှစ်ပေါင်း ၂၀ လောက်ကို အိပ်ပစ်တယ်ပေါ့။





စားတာသောက်တာအတွက် ကုန်တဲ့အချိန်က ၃ နှစ်ကျော်တယ်တဲ့ဗျ။

စားပွဲမှာ စားသောက်ရာမှာ ပွဲရုံအပြောင်းအလဲမှာ စောင့်ဆိုင်းရတဲ့အချိန်က ၉ လလောက် ကုန်တယ်။

အလုပ်အတွက် ၁၇ နှစ်ခွဲလောက် အချိန်ရတယ်။ အပျော်အပါးအတွက် ၇ နှစ်ခွဲလောက်၊ လမ်းလျှောက်တာ၊ ကစားတာအတွက် ၆ နှစ်နဲ့ ၇ လလောက်၊ ဝတ်စားဆင်ယင်ရေးအတွက် ၂ နှစ်ခွဲလောက် ကုန်တယ်။

ဘာမှမလုပ်ဘဲနေနေတဲ့ အချိန်မျိုးကလည်း ၂ နှစ်ခွဲလောက် ကုန်သွားတာပဲတဲ့။ ကျုပ်အဖြစ်က ဆရာပီမိုးနင်း ပြောတာထက် အချိုးနှိုး အချိန်တွေကုန်ခဲ့တယ်ဗျ။ အခု ကျွန်တော် ပင်စင်ယူပြီးလို့ ကိုယ့်ဘဝရဲ့ အတိတ်ကို ပြန်ကြည့်လိုက်တဲ့အခါမှာ... မပျော်ပိုက်တဲ့ အလုပ်ခွင်မှာချည့် ငါ့ဘဝဟာ အချိန်ကုန်ခဲ့ရပါလားလို့ နောင်တတွေ အကြီးအကျယ်ရမိတယ်ဗျာ၊ ရှေ့မှာလည်း ဘယ်လိုနောင်တတွေ ရဦးမယ် မသိဘူး။ ကျွန်တော်ကတော့ နောင်တ သံသရာထဲမှာ တဝဲဝဲလည် ဖြစ်နေဦးမယ် ထင်ပါရဲ့။

## (၄)

အထက်ပါမိတ်ဆွေရဲ့ စကားဆုံးတဲ့အခါမှာ အခြားမိတ်ဆွေ တစ်ဦးက ဆရာကြီး ရွှေဥဒေါင်းရဲ့ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်ထဲက ဆရာကြီးရွှေဥဒေါင်း ငယ်စဉ်က ကျောင်းပြေးတဲ့အတွက် အရိုက်ခံရပုံအကြောင်းကို ပြောပါတယ်။ သူ ပြောခဲ့တာတွေကို ပြန်ရေးဖို့အတွက် သေချာအောင် ဆရာကြီး ရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ပထမတွဲကိုရှာပြီး ပြန်ဖတ်ကြည့်တော့ ဆရာကြီး ရေးပြပုံက မိတ်ဆွေပြောတာထက် အများကြီး စိတ်ထိခိုက်ဖွယ်ရာတွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ကျောင်းပြေးမိတဲ့အတွက် အရိုက်ခံခဲ့ရပုံကို ဆရာကြီးက…

"ဆရာတော် သည်ကျောင်းပြေးသော ကျောင်းသားအား ကြမ်းပြင်တွင် အလျားမှောက်စေ၍ ခြေလက်များကို ကျောင်းသားလေးယောက်တို့က တစ်ဖက်စီကိုင်ထားစဉ် ကြိမ်လုံးဖြင့် ၁၀ ချက်စီ ရိုက်လေ့ရှိ၏။ ကျွန်ုပ်တို့ အရိုက်ခံရခြင်းကို ဖခင် မြင်ရသော်လည်း မကျေနပ်သေးသဖြင့် အိမ်သို့ရောက်သောအခါ၌ ထပ်၍ရိုက်သေး၏။ ဖခင်၏လက်မှာ အသက်ကြီးလာပြီဖြစ်သော ဆရာတော်၏လက်ထက် ပြင်းသောကြောင့် နှစ်ဆသုံးဆ ပို၍နာ၏။ တစ်ခါက ကျွန်ုပ်အား ဖခင်ကရိုက်၍ မောင်ပုအား (သူ့အဖေ)က ရိုက်လေရာ သမီးယောက်ဖနှစ်ယောက်သည် ကိုယ့်သားကို ကိုယ်ရိုက်ကြရာတွင် တစ်ယောက်နှင့်တစ်ယောက် သူ့ထက်ငါသာအောင် လက်စွမ်းပြကြသည့် လက္ခဏာနှင့် ဖခင်က ကျွန်ုပ်လက်မောင်းကို ဆေးပြင်းလိပ်မီးနှင့် ထိုးဆဲတွင် ဦးကြီးက မောင်ပု၏ ငယ်ထိပ်ကို ပိန်းတန်းဖိနပ်ဖြင့် ခုတ်လိုက်သည်နှင့် သွေးများဖြာဆင်း၍ လာတော့သည်။ မောင်ပုမှာလည်း ကျွန်ုပ်၏ မေးစေ့အမာရွတ်ကဲ့သို့ ထိပ်လည်တည့်တည့်တွင် သုံးလက်မခန့်ရှိသော အမာရွတ်ကြီးတစ်ခု သေရာပါသွားရှာသည်။" စသည်ဖြင့် ရေးပြထားပါသည်။

ဆရာကြီး အသက် ၁၄–၁၅ နှစ်လောက် ရောက်သည့်အရွယ်၌ သူငယ်ချင်းဖြစ်သူ၏ အဆွယ်ကောင်းမှုကြောင့် နော်မန်ကျောင်းသူကလေးတို့နှင့် တွေ့ဆုံရန် ကျောင်းပြေးမိ၍ အရိုက်ခံရပုံကို ဆရာကြီးက…





"ကျွန်ုပ် အိမ်သို့ပြန်ရောက်သောအခါ ဖခင်ရော မိခင်ပါ မျက်နှာထားတစ်မျိုး ဖြစ်နေကြခြင်းကို မြင်လိုက်ရသဖြင့် ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွား၏။… ကျွန်ုပ်သည် မိဘများ၏ မျက်နှာထားမဟန်ခြင်းကို မြင်ရ၍ ရင်ဖိုလှိုက်လျက် အိမ်ပေါ်သို့တက်ပြီးလျှင် စာအုပ်ကလေးများကို စားပွဲပေါ်သို့ ပစ်တင်ဆဲတွင် မိခင်ရော ဖခင်ပါ လိုက်လာကြ၍ ကျွန်ုပ်၏ အဝတ်အစားများကို ဆွဲချွတ်ကြသည်။ ကျွန်ုပ်က ငြိမ်သက်စွာမခံဘဲ ရုန်းကန်သည်တွင် အလုပ်သမားနှစ်ယောက် သုံးယောက်ကိုခေါ်၍ ၎င်းတို့၏ အကူအညီဖြင့် ကျွန်ုပ်၏ အင်္ကျီများရော လုံချည်ကိုပါ တစ်ကိုယ်လုံး တုံးလုံးချွတ်ကြ၏။ ထို့နောက် ကျွန်ုပ်အား အိမ်အပေါ်ထပ်မှ အောက်သို့ဆွဲချလာကြ၍ အိမ်ရှေ့သို့ ဆွဲခေါ်ကြ၏။ အိမ်ရှေ့၌ ရေတွင်းရှိလေရာ တုံးလုံးဖြစ်နေသော ကျွန်ုပ်အား ရေတွင်းတိုင်၌ ချည်ထားကြလေ၏။ ဤနည်းဖြင့် နာရီဝက်ခန့် (ကျွန်ုပ်အထင်မှာ တစ်နှစ်လောက်ကြာသည်) တုံးလုံးပစ်ထားလေရာ အရပ်ထဲမှ ကလေးလူကြီးများသည် ခပ်လှမ်းလှမ်းမှကြည့်၍ ပြုံးကြရယ်ကြလေသည်။ အလွန်ရှက်လျက်ရှိသော ကျွန်ုပ်ကမူ ခပ်နီးနီးကပ်၍ ကြည့်သောသူများကို ဆဲ၍လွှတ်မိပါသည်။ ချည်တုပ်ထားရာမှ ဖြေပြီး အဝတ်များဝတ်ရသောအခါတွင် ဆံပင်ညှပ် ကုလားတစ်ယောက်ကိုခေါ်၍ ကျွန်ုပ်၏ ဗိုလ်ကေကိုဖြတ်ပြီး ခေါင်းတုံးရိပ်စေပါသည်။"

"ကျွန်ုပ်သည် ကျွန်ုပ်၏ မိုက်မဲခြင်းကို ကျပ်ပြည့်တင်းပြည့် ဝန်ခံပါသည်။ သို့ရာတွင် ကျွန်ုပ်၏အပြစ်မှာ မိဘအား မလေးမစားပြုခြင်းလည်းမဟုတ်၊ စော်ကားမော်ကား ပြောမိခြင်းလည်းမဟုတ်၊ မရိုမသေပြုမိခြင်းလည်းမဟုတ်၊ ရူးမိုက်မိခြင်းသက်သက်မျှသာ ဖြစ်ပါသည်။ ဤမျှလောက်သော ပြစ်ချက်နှင့် ဤမျှလောက် စိတ်ထိ



www.burmeseclassic.com

www.burmeseclassic.com



ခိုက်အောင် ဒဏ်ပေးဆုံးမခြင်းမှာ များလွန်းသည်ဟုထင်ပါသည်။ ကျွန်ုပ်၏ မိဘများ နားမလည်ရှာကြသော အချက်မှာ သားသမီးကို အရှက်ခွဲသောနည်းဖြင့် ဆုံးမခြင်းသည် ကောင်းသည်၊ လိမ်မာစေသည်၊ နောင်ကြဉ်သည်ဟု ထင်မှတ်ရှာကြခြင်းပင် ဖြစ်သည်။ 'နောင်ကြဉ်သည်'ဆိုခြင်းကား ဟုတ်လေမည်လော မဆိုနိုင်၊ ခံရသော သားသမီး၏စိတ်ကို နုံချာသွားစေခြင်းကိုမူကား ခံရဖူးသော ကျွန်ုပ်သိပါသည်။ လူဟူသည်မှာ သူ့အရွယ်ကလေးနှင့် သူကိုယ့်ကိုယ်ကို လေးစားမှု self-respect ရှိကြရမည်။ ရှိအောင်ကြိုးစားကြရမည်ဖြစ်ရာ မိဘများ၏ ဆုံးမပုံမှုကား ကျွန်ုပ်၏စိတ်ကို အညွန့်ချိုးလိုက်ဘိသကဲ့သို့ ဖြစ်သွားပါတော့သည်။ ကျွန်ုပ်သည် အရပ်ထဲ၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း၊ ကလေးလူကြီးများ၏ မျက်နှာကို ရဲရဲမကြည့်ဝံ့အောင် ဖြစ်ရပါသည်။ (ကျွန်ုပ်တွင် သက်သာရာရစေသော အချက်တစ်ခုမှာ ၁၅ နှစ်သားဆိုသော်လည်း ကြီးထွားမှုနောက်ကျ၍ ကြီးကောင်မဝင်သေးခြင်းပင် ဖြစ်သည်။ သို့မဟုတ်ပါက ၎င်းဒဏ်ချက်သည် သေသည်အထိ ပါလိမ့်မည်ထင်၏။) ဤသို့သော ဆုံးမနည်းကြောင့် ကျွန်ုပ်၏ သဘာဝတွင် 'ဆူးကြီး'တစ်ချောင်း ပေါ်ပေါက်လာရုံမျှမက နုံသောစိတ်ဓာတ် Inferiority Complex ဝင်လာခြင်းကိုလည်း သတိပြုမိပေရာ ကြီးပြင်းလာသောအခါတွင် အနောက်တိုင်း စာကောင်းပေကောင်းကြီးများကို ဖတ်ရှုကာ ဆင်ခြင်သုံးသပ်ခွင့်ရသောအခါမှ အတော်အတန် လျော့ပါးသွားသည်ဟု ထင်မိပါသည်။ နားမလည်ရှာကြ၍ စေတနာကောင်းနှင့် (လိမ္မာအောင်) ဆုံးမကြသော မိဘနှစ်ပါးအပေါ်၌ စိတ်နာခြင်းမရှိသော်လည်း ကျွန်ုပ်၌ ရံဖန်ရံခါ ပေါ်တတ်သည့် နုံနဲ့ပျော့ညံ့သော သဘာဝကို တွေ့ရသည့်အခါတိုင်း အထက်ပါအဖြစ်အပျက်ကို သတိ





ရ၍ ငါ၏ ကံမကောင်းခြင်းပေတည်းဟု အောက်မေ့မိပါတော့သည်" လို့ ရေးပြထားတယ်။ ပြီးတော့ ဆရာကြီးက ဆက်ပြီးတော့... "ကိုယ့်ကိုယ်ကိုယ် နုံချာသည်ထင်သော စိတ်မှုကား ဤမျှလောက် ဖျောက်ဖျက်ဖို့ မလွယ်ကူသဖြင့် အသက်လေးငါးဆယ်အရွယ်တိုင်အောင် အစွန်းထင်လျက်ရှိပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ အနည်းငယ် စကားထစ်ခဲ့ရာမှ ကိုယ့်ကိုယ်ကိုယ် ပို၍သတိပြုမိသည့်အတွက် ပို၍ဆိုးလာပါသည်"လို့ ရေးတယ်။

အဲဒီဆရာကြီး ရွှေဥဒေါင်းရဲ့ ငယ်စဉ်ဘဝအကြောင်း ရေးသားထားတာတွေနဲ့ ပတ်သက်ပြီး ပြောပြတဲ့ မိတ်ဆွေက...

"ကျုပ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးဟာ သူ့ရဲ့သားကို ဆရာကြီးရွှေဥဒေါင်း ငယ်စဉ်က လူတွေရဲ့ မြင်ကွင်းမှာ အပြစ်ပေးအရှက်ခွဲတာမျိုး လုပ်ခဲ့ဖူးတယ်တဲ့ဗျ၊ အဲဒီအပြစ်ပေးခံခဲ့ရတဲ့ သားဟာ ငယ်ငယ်က သွက်လက်ချက်ချာတဲ့ ကလေးဖြစ်ခဲ့ပေမဲ့ အပြစ်ပေးခံရပြီးနောက်ပိုင်းမှာ တဖြည်းဖြည်း တွေတွေဝေဝေ ဖြစ်လာတာတွေ့ရတယ်တဲ့။ စာဆက်သင်လို့လည်း မရဘူးဖြစ်သွားတယ်။ ဆရာကြီးလို စကားထစ်တာမျိုး မဖြစ်ပေမဲ့ အင်မတန် စကားနည်းသွားတဲ့ ကလေးဖြစ်လာတယ်။ အဆိုးဆုံးကတော့ အဲဒီ သူ့သားငယ်မှာ အင်မတန် ရက်စက်တဲ့ အမူအကျင့်တွေကို တွေ့ရတာပဲတဲ့။ အိမ်က ခွေးကလေး ကြောင်ကလေးတွေ သူ့အနားကို လာလို့မရဘူး၊ လာရင် ခုတ်ပိုင်းသတ်ဖြတ်တတ်လို့ အိမ်မှာ ခွေးကြောင်မမွေးခဲ့ရဖူးတဲ့၊ ကျုပ်မိတ်ဆွေဟာ သူ့သားကို အပြစ်ပေးခဲ့မိတာ မှားလေခြင်းဆိုတဲ့ နောင်တတွေ အမြဲရနေပုံပေါ်တယ်။ သားအတွက် အဖေဖြစ်သူ ကျုပ်သူငယ်ချင်းဟာ သားအတွက် နောင်တတွေနဲ့ ကွယ်လွန်ခဲ့တယ်လို့ ဆိုရမလားပဲ"လို့ ပြောပြနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

အထက်ပါပုဂ္ဂိုလ်၏ စကားပြီးဆုံးသောခါ မိတ်ဆွေများက နောင်တနဲ့ စပ်လျဉ်းတဲ့ အကြောင်းအရာတစ်ခုခု ပြောပြဖို့ ကျွန်တော့်ကိုလည်း တိုက်တွန်းကြပါတယ်။ နောင်တတွေ အများကြီး စိတ်မှာသိုလှောင်ထားခဲ့မိတဲ့ ကျွန်တော်က "မပြောပါရစေနဲ့"လို့ အနူးအညွတ် တောင်းပန်ခဲ့ပါတယ်။

[Phoenix ဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၂၀)၊ (၂၆-၆-၀၉)]





www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဦးနှစ်ဖက် အကျိုးများစေဖို့...

(၁)

တာဝန်ဝတ္တရားတွေအကြောင်း၊ မေတ္တာစေတနာတွေအကြောင်း ပြောကြရင်းမှ ဗုဒ္ဓခေတ်က အဇာတသတ်မင်းနဲ့ သူ့ရဲ့ နောင်တတရားတွေအကြောင်းကို ထိုနေ့က စကားဝိုင်းမှာ ပြောဖြစ်နေကြပါတယ်။

(၂)

ဝေဒေဟီ မိဖုရားရဲ့ဝမ်းမှာ အဇာတသတ်ကို ပဋိသန္ဓေရှိတယ်ဆိုရင်ပဲ ဗိမ္ဗိသာရမင်းကြီးရဲ့ ညာလက်ရုံးသွေးကို သောက်ချင်တယ်ဆိုတဲ့ 'ချင်ခြင်းတပ်မှု'တွေ ဝေဒေဟီမိဖုရားမှာ ဖြစ်တယ်တဲ့။ ဒီလိုချင်ခြင်းတပ်မှု ဘာကြောင့်ဖြစ်တာလဲလို့ ဘုရင်က သူ့ရဲ့ ပရောဟိတ်တွေကိုမေးတယ်၊ ပရောဟိတ်တွေက မိဖုရားကြီး ဝေဒေဟီရဲ့ဝမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ သားဟာ အရှင်မင်းကြီးကိုသတ်ပြီး မင်းအဖြစ်ကို ယူလိမ့်မယ်၊ ဒီလိုယူမှာမို့လို့ ဒီလိုချင်ခြင်းတပ်မှု ဖြစ်တဲ့အကြောင်း လျှောက်ထားကြတယ်၊ ဒါပေမဲ့ ဗိမ္ဗိသာရမင်းဟာ မွေးလာမည့်သားကို ချစ်တဲ့စောနဲ့ သူ့ညာလက်ရုံးကို ကိုယ်တိုင်ဖောက်ပြီး လက်ရုံးသွေးကို မိဖုရားကို သောက်စေခဲ့တယ်။

ဝေဒေဟီမိဖုရားဟာ သူကမွေးလာမည့်သားဟာ ဖခင်ကိုသတ်မည့်သား ဖြစ်လာရင် ဘာအကျိုးရှိမှာလဲဆိုပြီး ကိုယ်ဝန်ကို အမျိုးမျိုးဖျက်ချဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ကိုယ်ဝန်က မပျက်ဘူး၊ ဒါနဲ့ အဇာတသတ်ကို မွေးရောဆိုပါတော့၊ ဒီသားဟာ မမွေးဖွားမီကတည်းက အဘရဲ့ ရန်သူဖြစ်နေတဲ့သူ ဖြစ်ခဲ့တဲ့အတွက် 'အဇာတသတ်'လို့ အမည်တွင်နေတယ်။

ဂေါတမမြတ်စွာဘုရားဟာ ဗိမ္ဗိသာရမင်းကို သားဖြစ်တဲ့ အဇာတသတ်က သတ်ပြီး မင်းပြုမှာကို သိနေတယ်။ ဒါကြောင့် ဗိမ္ဗိသာရမင်းကြီး သတိတရားရစေဖို့အတွက် ဗုဒ္ဓမြတ်စွာက ဇာတ်တော်တစ်ခုကို ဟောတယ်။ အဲဒီဇာတ်တော်ရဲ့ အမည်က 'ထုသဇာတ်'လို့ခေါ်တယ်။

အဲဒီဇာတ်တော်ကို ဟောတဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးဟာ သူ့သား အဇာတသတ်ကို သူ့ပေါင်ပေါ်မှာထားပြီး ယုယနေတယ်၊ သားကိုချစ်တဲ့ စောတွေ များနေတော့ ဘုရားဟောတဲ့တရားကို ဂရုတစိုက် မနာယူနိုင်ဘူး ဖြစ်နေတယ်၊ ဒါကို ဗုဒ္ဓက သတိပေးယူရတယ်။

ထုသဇာတ်မှာ မင်းလုပ်ချင်တဲ့သားက မိမိရဲ့ ဖခင်ဘုရင်မင်းမြတ်ကို အမျိုးမျိုးသတ်ဖို့ ကြိုးစားတယ်၊ အဲဒီလိုသတ်ဖို့ ကြိုးစားတဲ့သားကို ဖခင်ဘုရင်ကြီးက ဘယ်လိုထိန်းသိမ်းစောင့်ရှောက်လိုက်





တယ်ဆိုတာကို ဟောပြတာပဲ။ ဒီထုသဇာတ်ရဲ့ ဇာတ်ကြောင်းကို နည်းနည်းပြောချင်တယ်။

ဗာရာဏသီမင်းရဲ့ သားတော်တစ်ပါးဟာ ဒိသာပါမောက္ခဆရာကြီးတစ်ဦးရဲ့ထံမှာ ပညာသင်တယ်၊ ပညာစုံတဲ့အခါမှာ ပြည်တော်ကို ပြန်မယ်ဆိုပြီး ဆရာကြီးထံသွားပြီး ပန်ကြားနှုတ်ဆက်တယ်။ ဒီလို ပန်ကြားနှုတ်ဆက်လာတဲ့ တပည့်မင်းသားကို ဆရာကြီးက အင်္ဂဝိဇ္ဇာအတတ်နဲ့ ကြည့်တယ်။ ဒီမင်းသား မင်းအဖြစ်ရောက်မယ်။ ဒီလိုမင်းအဖြစ် ရောက်လာတဲ့အခါမှာ သူ့ရဲ့သားက သူ့ကိုသတ်ပြီး မင်းလုပ်မယ်ဆိုတာကိုမြင်တယ်။ ဒီလို သားဖြစ်တဲ့သူရဲ့ သတ်ဖြတ်ခြင်း ဘေးအန္တရာယ်က ကင်းလွတ်အောင်ဆိုပြီး ဆရာကြီးက ဂါထာလေးပုဒ်ကို မင်းသားကိုပေးတယ်။ ပေးပြီးတော့ ဆရာကြီးက "မင်းသား... (၁) အသင် မင်းအဖြစ်ကိုရောက်ပြီးတဲ့နောက် သင်ရဲ့ သားတော် အသက်ဆယ့်ခြောက်နှစ် ရောက်တဲ့အခါ သင်ပွဲတော်တည်စားသုံးနေစဉ်မှာ ပထမဂါထာကိုရွတ်ပါ။ (၂) အသင့်ကို အခြွေအရံများစွာနဲ့ ပရိသတ်တွေက အကြီးအကျယ်ခစားနေတဲ့ အခါမျိုးမှာ ဒုတိယဂါထာကိုရွတ်ပါ။ (၃) သင်... ပြသဒ်ကိုတက်တဲ့အခါ စောင်းတန်းဦးမှာရပ်ပြီး တတိယဂါထာကိုရွတ်ပါ။ (၄) စတုတ္ထ ဂါထာကို ကျက်သရေခန်း အိပ်ယာကိုဝင်တဲ့အခါ တံခါးဝမှာရပ်ရင်း ရွတ်ပါလို့ မှာလိုက်တယ်။

မင်းသားဟာ ဒိသာပါမောက္ခဆရာကြီးကို အရိုအသေပြုပြီး ဗာရာဏသီကိုပြန်တယ်။ မကြာမီပဲ မင်းအဖြစ်ရောက်တယ်။ မင်းအဖြစ်ရတဲ့နောက်မှာပဲ သူ့မိဖုရားက သားတော်တစ်ပါး ဖွားတယ်။ အဲဒီမင်းသား အသက်ဆယ့်ခြောက်နှစ်အရွယ်ကို ရောက်လာတဲ့အခါမှာ မင်းမြှောင်တွေက ဖခမည်းတော်ကိုသတ်ပြီး နန်းလုဖို့



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပင့်ပေးကြတယ်။ မင်းစည်းစိမ်ကို အငမ်းမရ လိုချင်နေတဲ့ မင်းသားငယ်ဟာ မြှောက်ပေးသူတွေ အကြံပေးတဲ့အတိုင်း ခမည်းတော်ကိုသတ်ဖို့ နေ့ရှိသ၍ ကြံစည်နေတယ်။

တစ်နေ့မှာ သားတော်မင်းသားဟာ ဖခင်ဘုရင်မင်းမြတ်ရဲ့ စားတော်မှာ အဆိပ်ခပ်ဖို့ ဘုရင်ကြီးရဲ့ ပွဲတော်အုပ်နားကို ကပ်လာတယ်၊ ဒီအခါမှာ ဘုရင်ကြီးက သားတော် အသက်တဆယ့်ခြောက်နှစ် ပြည့်လာပြီဆိုတာကို သတိရလာတယ်၊ ဒီလိုသတိရလာတာနဲ့ ဆရာကြီးရဲ့ ဩဝါဒအတိုင်း သားတော်မင်းသားကိုကြည့်ပြီး ပထမဂါထာကို ရွတ်လိုက်တယ်၊ ဂါထာရဲ့ အဓိပ္ပာယ်က…

"ကြွက်တွေဟာ မှောင်ထဲမှာလည်း ဖွဲနဲ့ဆန်ကို ခွဲခြားပြီး သိတယ်။ ဒါကြောင့် ဖွဲကိုဖယ်ပြီး ဆန်ကိုစားကြတယ်"လို့ အဓိပ္ပာယ်ရတယ်။ ဒီဂါထာကိုကြားတော့ မင်းသားငယ်က… ငါ ကြံစည်နေတာကို ငါ့ခမည်းတော် ကွဲကွဲပြားပြား သေသေချာချာ သိသွားပြီလို့ ထင်ပြီးတော့ အဆိပ်မခပ်ဖြစ်တော့ဘူး။

နောက်တစ်ကြိမ်ကတော့ ဘုရင်ကြီးဟာ ဥယျာဉ်တော်မှာ ပရိသတ်အများကြီးရဲ့ အခစားကို ခံတော်မူချိန်မှာ သားတော် မင်းသားက ဖခင်ကိုသတ်ဖို့ ကြိုးစားတယ်၊ ဒီလို ဥယျာဉ်တော်ထွက်ပြီး ခစားခံနေချိန်မှာ ဖခင်ဘုရင်ကြီးဟာ ဒုတိယဂါထာကို ရွတ်ဖို့သတိရလာတယ်။ ဒီလို သတိရပြီး ရွတ်တဲ့ဂါထာက…

"ဥယျာဉ်မှာ၊ ရွာမှာ လျှို့ဝှက်တိုင်ပင်ပြီး ငါ့ကိုသတ်ဖို့ ကြံစည်နေတယ်၊ ဒီလို ကြံစည်နေတာကို ငါသိတယ်"လို့ အဓိပ္ပာယ်ရတယ်။ ဒီလိုဂါထာရွတ်တာကို ကြားတဲ့အခါမှာ မင်းသားငယ်ဟာ "ငါ့ အကြံကို ဖခင်သိသွားပြန်ပြီ"လို့ ယူဆပြီး မလုပ်ကြံဖြစ်ပြန်ဘူး။





နောက်တစ်ခါကတော့… ပြဿဒ်တန်ဆောင်းလှေကားရင်းနားမှာ မင်းသားငယ်ကို လှမ်းမြင်လိုက်ရတယ်။ မင်းသားငယ်ဟာ သံလျက်ကို လျှို့ဝှက်ဆောင်ထားပြီး ခမည်းတော်ကို လုပ်ကြံသတ်ဖြတ်ဖို့ စောင့်နေတာ၊ ဒီအချိန်မှာ ဘုရင်ကြီးဟာ ဒိသာပါမောက္ခ ဆရာကြီးရဲ့စကားကို သတိရလာပြီးတော့ တတိယဂါထာကို ရွတ်လိုက်တယ်။ ဂါထာက…

"အဖေဖြစ်တဲ့ မျောက်ဟာ သားဖြစ်တဲ့မျောက်ငယ်ရဲ့ မျိုးစေ့ကို ငယ်စဉ်ကတည်းက သွားနဲ့ကိုက်ဖြတ်ပြီးတော့ မိမိရဲ့ ကာမဂုဏ်ချမ်းသာတွေကို မလုမယက်နိုင်အောင် အဖိုသတ္တဝါအဖြစ်ကို ဖျက်ဆီးတယ်"လို့ အဓိပ္ပာယ်ရတယ်။

ဒီဂါထာရွတ်သံကို ကြားတဲ့အခါမှာလည်း မင်းသားငယ်ဟာ သူ့အကြံအစည်ကို ခမည်းတော် သိသွားပြီအထင်နဲ့ မလုပ်ကြံဖြစ်ပြန်ဘူး။

ခမည်းတော်ကိုသတ်ဖို့ မင်းသားငယ်ဟာ စတုတ္ထအကြိမ်မြောက် ကြိုးစားပြန်တယ်။ ဒီတစ်ခါ ဘယ်လိုလုပ်သလဲဆိုတော့… ဖခင် အိပ်ပျော်နေချိန်မှာ အဆုံးစီရင်မယ်ကြံပြီး ခုတင်ညောင်စောင်းအောက်မှာ ပုန်းအောင်းနေတယ်။ ခမည်းတော်ဘုရင်ကြီးဟာ အချိန်ရောက်လို့ စက်တော်ခေါ်ဖို့ ကျက်သရေခန်း အိပ်ယာကိုဝင်လာတဲ့အခါမှာ ဆရာကြီးရဲ့ စတုတ္ထမြောက်ဂါထာကို သတိရလာလို့ အဝင်ဝမှာရပ်ပြီး ရွတ်ဆိုလိုက်တယ်။ ဒီစတုတ္ထဂါထာက …

"သင်သည် မုန်ညှင်းခင်းသို့ ဝင်လာသော ဆိတ်ကန်းကဲ့သို့ ကြောက်လန့်ခြင်းတွေနဲ့ တုန်လှုပ်နေတယ်။ ငါ့ကို သတ်မယ်ကြံပြီး ညောင်စောင်းအောက်မှာ ပုန်းနေတာကို ငါသိတယ်"လို့ အဓိပ္ပာယ်ရတယ်။ ဒီဂါထာရွတ်သံလည်းဆုံးရော မင်းသားဟာ ကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စွာနဲ့ ညောင်စောင်းအောက်က ထွက်လာတယ်၊ သံလျက်ကို ဖခင်ဘုရင်ကြီးရှေ့မှာ ချထားပြီး တောင်းပန်တိုးလျှိုးတယ်၊ ဘုရင်ကြီးဟာ မှူးကြီးမတ်ရာတွေကို အရေးပေါ်ဆင့်ခေါ်ပြီး မင်းသားကို သံခြေကျဉ်းခတ်၊ နှောင်အိမ်သွင်းစေ…လို့ အမိန့်ပေးလိုက်တယ်။

ဘုရင်ကြီးဟာ မိမိအသက်အန္တရာယ်ကို ကာကွယ်ပေးတဲ့ ဒိသာပါမောက္ခဆရာကြီးရဲ့ ကျေးဇူးဂုဏ်တော်ကို ရှိခိုးလိုက်တယ်။ ဘုရင်ကြီးဟာ သူ့သားတော်ကို မိမိ နတ်ရွာစံသည်အထိ အကျဉ်းချထားစေ၊ ငါမရှိတော့မှ သားတော်ကို မင်းမြှောက်စေလို့ အမိန့်တော်မှတ်တယ်။ ဘုရင်ကြီးဟာ အန္တရာယ်ပြုမည့် သားတော်မင်းသားငယ်ကို လုံခြုံစိတ်ချရတဲ့နေရာမှာ အကျဉ်းချပြီးတဲ့နောက် တရားနဲ့အညီ တိုင်းပြည်ကို အုပ်ချုပ်တော်မူတယ်။

ဇာတ်ပေါင်းတဲ့အခါ "ဒိသာပါမောက္ခဆရာကြီးဟာ ယခု ငါ ဘုရားဖြစ်တော်မူခဲ့ပြီ"လို့ ဟောကြားတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ ဗိမ္ဗိသာရမင်းကြီးကို သားတော် အဇာတသတ်နဲ့ စပ်လျဉ်းပြီး ဘယ်လိုပြုမူ သဘောထားသင့်တယ်ဆိုတာကို အချိန်မီ တွေးသိနိုင်အောင် ဒီထုသဇာတ်ကို ဟောခဲ့တာလို့ ထင်ပါတယ်။ ဒါပေမဲ့ သားကိုချစ်တဲ့ အချစ်တွေ၊ သားကိုစွဲတဲ့ အစွဲတွေဟာ ဗိမ္ဗိသာရမင်းကြီးကို ဖုံးလွှမ်းအချစ်တွေ၊ သားကိုစွဲတဲ့ အစွဲတွေဟာ ဗိမ္ဗိသာရမင်းကြီးကို ဖုံးလွှမ်းထားတော့ အဇာတသတ်ကို ဘယ်လိုအချိန်ရောက်ရင် အကျဉ်းချရမယ်ဆိုတဲ့ စိတ်ကူးမျိုး ဖြစ်ပေါ်လာဟန်မတူဘူး။ အဇာတသတ်အရွယ်ရောက်လာရင် နန်းစည်းစိမ်ဟူသမျှကို လွှဲပေးပြီး ဘုရင်လုပ်ခိုင်းမယ်၊ ဒါဆိုရင် သူ့အသက်ကို ရန်ရှာမှာမဟုတ်ဘူးလို့ တွေးထားတာလည်း ဖြစ်ချင်ဖြစ်မယ်လို့ တချို့က ထင်မြင်ချက်တွေပေးတတ်ကြတယ်။ သားအပေါ် အချစ်တွေပိုနေတော့ ဖခင်ရဲ့တာဝန်





တွေ ပျက်တယ်။ တကယ်လို့သာ ထုသဇာတ်ထဲက မင်းသားငယ်ကို အကျဉ်းချထားလိုက်သလို အဇာတသတ်ကိုလည်း အကျဉ်းချသင့်တဲ့အချိန်မှာ အကျဉ်းချထားလိုက်မယ်ဆိုရင် မိမိအတွက်ရော အဇာတသတ်အတွက်ပါ အကျိုးကျေးဇူးများမှာပဲ။ အဇာတသတ်ကို အကျဉ်းချထားလိုက်ရင် ဖခင်ကိုသတ်တဲ့ ကံကြီးမျိုး အဇာတသတ်မှာ ထိုက်စရာမရှိဘူး။ ဖခင်ကို မသတ်မိရင် ငရဲကို ရောက်စရာလည်းမရှိဘူး၊ ဝေဒေဟီမိဖုရားကြီးရော ဗိမ္ဗိသာရမင်းကြီးရော သောကဗျာပါရတွေ၊ နှောင်တရစရာတွေ ကြုံရမှာမဟုတ်ဘူး။

အဇာတသတ်ဟာ ဖခင်ဗိမ္ဗိသာရကို သတ်မိတဲ့အတွက် နှောင်အခါမှာ နှောင်တတွေ ကြီးစွာရတယ်။ နှောင်တတရားတွေနဲ့ ညအခါတွေမှာ အိပ်မပျော်နိုင်တဲ့ ရောဂါတွေရတယ်။ ဂေါတမမြတ်စွာဘုရားကိုလည်း သူ သွားပြီးဖူးမျှော်လိုပေမဲ့လည်း ဖခင်ကိုသတ်ထားသူဆိုတော့ သွားရောက်ဖို့ မဝံ့မရဲဖြစ်နေတယ်။ ဒါပေမဲ့ တစ်ခုသော တန်ဆောင်မုန်းလပြည့်ညမှာ သမားတော် ဇီဝကရဲ့ အလျှောက်ကောင်းမှုကြောင့် ဂေါတမမြတ်စွာဘုရားထံ သွားရောက်ဖူးမျှော်မယ်လို့ အဇာတသတ်မင်းဟာ ဆုံးဖြတ်လိုက်တယ်။ အဲဒီညမှာ ဆင်အစီး ငါးရာနဲ့ မီးရှူးတန်ဆောင်တွေ ထွန်းညှိစေပြီးတော့ အဇာတသတ်ဟာ ဗုဒ္ဓကို ဖူးတွေ့ဖို့လာခဲ့တယ်။ သူ့ဘေးမှာ သမားတော်ဇီဝကမှလွဲ၍ ယောက်ျားတစ်ယောက်မှ မပါဘူး။ ဆင်အစီးငါးရာပေါ်မှာ စစ်သည်တော်တွေအဖြစ် လိုက်ပါလာသူတွေဟာလည်း နန်းတော်သူ မိန်းမတွေဖြစ်တယ်။ လုပ်ကြံသတ်ဖြတ်ခြင်း အန္တရာယ်က ကင်းဝေးအောင် ဒီလိုမိန်းမတွေကိုပဲ စစ်သည်တော်အဖြစ် လိုက်ပါစေတာဖြစ်မယ်။ မီးရှူးတန်ဆောင်တွေ ထွန်းညှိပြီး ဆင်တွေနဲ့ မြို့တော်မှထွက်ပြီး ဂေါတမမြတ်စွာဘုရား သီတင်းသုံးနေတဲ့ အရက်



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်အနီးကို ရောက်တဲ့အခါမှာ အဇာတသတ်မင်းဟာ ကြောက်ရွံ့သလိုဖြစ်လာတယ်။ ဘာကြောင့်ဆိုတော့ သရက်ဥယျာဉ်မှာ ဂေါတမမြတ်စွာဘုရားနဲ့အတူ ရဟန်းသံဃာ ထောင့်နှစ်ရာကျော် သီတင်းသုံးနေတယ်လို့ဆိုပေမဲ့ လူသူတစ်ယောက်မှ မရှိသလို သရက်ဥယျာဉ်ကြီးက တိတ်ဆိတ်နေတယ်၊ ဒါကို အဇာတသတ်က ထိတ်လန့်လာတာဖြစ်တယ်။ သူ့အနားမှာ သမားတော် ဇီဝကမှလွဲ၍ တခြားယောက်ျားလည်း မပါဘူး၊ ပြီးတော့… သရက်ဥယျာဉ်က သမားတော် ဇီဝကပိုင်တဲ့ ဥယျာဉ်ဆိုတော့ ဇီဝကဟာ ဥယျာဉ်ထဲခေါ်လာပြီး သူ့ကို လုပ်ကြံမှာလေလားဆိုတဲ့ အတွေးနဲ့ ထိတ်လန့်မိတာဖြစ်မယ်။ ဒါကြောင့် သူက ဇီဝကကို…

"ဘယ်လိုလဲ… အဆွေဇီဝက၊ သင် ငါ့ကို လှည့်စားပြီးခေါ်လာတာလား၊ ရဟန်းသံဃာတော်တွေ တစ်ထောင့်နှစ်ရာကျော် ဒီဥယျာဉ်ထဲမှာ ရှိတယ်ဆိုတယ်၊ ဒီလောက်များတဲ့ ရဟန်းတွေဆီက ချောင်းဟန့်သံ၊ ချီဆတ်သံတောင်မှ မကြားရပါလား၊ စကားသံဆိုလို့လည်း ဘာမှမကြားရပါလား" လို့ ပြောတယ်။ ဒီအခါမှာ သမားတော်ဇီဝက က…

"ကြောက်ရွံ့တော်မမူပါနဲ့ မဟာရာဇာ… အရှင်မင်းကြီးကို ကျွန်ုပ် လှည့်စားဖြားယောင်းပြီး ခေါ်လာခဲ့တာ မဟုတ်ပါဘူး၊ ရန်သူ့လက်အပ်ဖို့လည်း မဟုတ်ပါဘူး၊ ရှေ့ကိုဆက်ပြီးသာ ကြွတော်မူပါ၊ ရှေ့က တန်ဆောင်းဝန်းမှာ မီးတွေလင်းနေပါတယ်၊ အဲသည်မှာ မြတ်စွာဘုရားနဲ့ သံဃာတွေရှိနေပါတယ်"လို့ လျှောက်တယ်။ အဇာတသတ်မင်းဟာ ဆင်နဲ့သွားလို့ ရနိုင်တဲ့နေရာအထိသွားပြီးတဲ့နောက် ဆင်ပေါ်ကဆင်းတယ်၊ ဆင်းပြီးတဲ့နောက် သမားတော်ဇီဝကနဲ့အတူ တန်ဆောင်းဝန်းဆီကို လျှောက်လာတယ်၊ တန်ဆောင်း





ဝန်းတံခါးအနီးကိုရောက်တော့ အဇာတသတ်မင်းက ဇီဝကကို "ဘုရားရှင် ဘယ်မှာလဲ"လို့ မေးတယ်။ သမားတော်ဇီဝကက–

"မဟာရာဇာ… အရှေ့ဘက်အရပ်ကိုမျက်နှာမူပြီး … ရဟန်းတော်တွေ ဝိုင်းရံထိုင်နေတဲ့အလယ် … တန်ဆောင်းဝန်းရဲ့ အလယ်တိုင်ကိုမှီပြီး သီတင်းသုံးထိုင်နေတဲ့သူဟာ မြတ်စွာဘုရားဖြစ်ပါတယ်" လို့ လျှောက်တယ်။

ဂေါတမမြတ်စွာဘုရားဟာ သမားတော်ဇီဝက လျှောက်တဲ့အတိုင်း အလယ်တိုင်ကိုမှီပြီး ထိုင်နေတယ်။ အရှေ့ဘက်ကို မျက်နှာမူပြီး သီတင်းသုံးထိုင်နေတော်မူတာဖြစ်တယ်။ ဒီလိုသီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို ရဟန်းတော်တွေက ရိုသေစွာနဲ့ ဝိုင်းရံပြီး ထိုင်နေကြတယ်။

အဇာတသတ်မင်းဟာ မြတ်စွာဘုရားဆီ ချဉ်းကပ်သွားပြီးတော့ ရှိခိုးရင်း တစ်နေရာမှာ ရပ်တယ်၊ ဒီလိုရပ်ပြီးတော့ … ကြည်လင်တဲ့အိုင်ကြီးလို ငြိမ်သက်တိတ်ဆိတ်နေကြတဲ့ ရဟန်းတော်တွေကို နှစ်လိုစွာနဲ့ အကြိမ်ကြိမ်ကြည့်ပြီးတော့…

"ယခုအခါ ရဟန်းသံဃာသည် အကြင်ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏။ ငါ၏သား ဥဒယဘဒ္ဒမင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း"လို့ ဥဒါန်းကျူးတယ်။ အခု သူမြင်တွေ့ရတဲ့ ရဟန်းသံဃာတော်တွေထဲက ရဟန်းတော်တစ်ဦးလို သူ့သားကိုလည်း ငြိမ်သက်တည်ကြည်သူ ဖြစ်စမ်းစေချင်တဲ့စိတ်နဲ့ နှုတ်ကကျူးရင့်လိုက်မိတာပဲ။

အဇာတသတ်မင်းဟာ ဂေါတမမြတ်စွာဘုရားကို ရှိခိုးပြီး ရဟန်းသံဃာတော်တွေကိုလည်း လက်အုပ်ချီရင်း သင့်တင့်တဲ့နေရာမှာထိုင်တယ်။ အဲဒီနောက် မြတ်စွာဘုရားကို သူသိလိုတဲ့ ရဟန်းပြု



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် ယခုဘဝမှာပဲ ဘယ်လိုအကျိုးရနိုင်သလဲဆိုတာကို မေးလျှောက်ပါတယ်။ မြတ်စွာဘုရားကလည်း ပြည့်ပြည့်စုံစုံ လိုလေသေးမရှိ ပြန်ပြီးအဖြေပေးခဲ့ပါတယ်။ ဒါပေမဲ့ အဇာတသတ်ဟာ မဂ်ဖိုလ်တရားထူးကို မရခဲ့ရှာဘူး။ ဖခင်ကိုသတ်ခဲ့မိတယ်ဆိုတဲ့ နောင်တတွေနဲ့ဆိုတော့ မဂ်ဖိုလ် ဉာဏ်အမြင်ကို ဖြစ်စေတဲ့စိတ်ရဲ့ ခိုင်ခံ့တည်ကြည်မှုကို မရလို့ပဲ။ ဒါကြောင့် အဇာတသတ်မင်း ဘုရားထံမှနေပြီးပြန်သွားတဲ့အခါမှာ ဂေါတမမြတ်စွာဘုရားက အဇာတသတ်မင်းတရားမရနိုင်ခြင်းနဲ့ စပ်လျဉ်းပြီး ရဟန်းတော်တွေကို…

"ရဟန်းတို့… ဤမင်းသည် မိမိတည်ရာကို မိမိတူးဖြိုခဲ့သူဖြစ်တယ်။ ဤမင်းသည် တရားသဖြင့် အုပ်ချုပ်တဲ့ ခမည်းတော်ကိုမသတ်ခဲ့ဘူးဆိုလျှင် ဤနေရာမှာပဲ ကိလေသာ အညစ်အကြေးကင်းတဲ့ တရားမျက်စိ (သောတာပတ္တိမဂ်ဉာဏ်) ဖြစ်ပေါ်နိုင်တယ်"လို့ မိန့်တော်မူတယ်။

(၃)

အထက်ပါ အကြောင်းအရာကို ပြောပြသူက ပဋ္ဌာနန္တရိယက်ရဲ့ ကြီးလေးပုံတွေအကြောင်းကို ဆက်ပြီးရှင်းပြနေပါတယ်။ သူပြောတာတွေကို နားထောင်နေကြသူတွေထဲက တစ်ယောက်က "မြန်မာ ဗုဒ္ဓဘာသာဝင်တွေဟာ အဇာတသတ်ကို အဖေသတ်တဲ့သားဆိုပြီး အများအားဖြင့် အဇာတသတ်ကို ရှုံ့မုန်းတဲ့စကား ပြောတတ်ကြတယ်။ ကျုပ်ကတော့ ဗိမ္ဗိသာရမင်းကြီးကြောင့် အဇာတသတ်ရဲ့ ဇာတ်လမ်းက မကောင်းဘူးဖြစ်သွားရတာလို့ထင်တယ်။ အဇာတသတ်ကို အကျဉ်းချထားလိုက်ရင် ဖခင်ကိုသတ်တဲ့ ကံကြီးမျိုး အဇာတသတ်မှာ ထိုက်စရာမရှိဘူး၊ ဖခင်ကို မသတ်မိရင်





ဘုရားနဲ့တွေ့လို့ တရားနာရတဲ့အခါမှာ အဇာတသတ်ဟာ မဂ်ဖိုလ်ဉာဏ်တွေကို ရသွားမှာပဲ။ ငရဲကိုရောက်သည်အထိ အဇာတသတ်ရဲ့ဘဝဇာတ်လမ်း ညှိုးဖျင်းသွားရခြင်းမှာ တာဝန်အရှိဆုံးသူဟာ ဖခင်ဗိမ္ဗိသာရပဲလို့ ကျုပ်ကတော့ ဆိုချင်တယ်" လို့ ပြောနေပါတယ်။ သူ့စကားအဆုံးမှာ "ခင်ဗျားတို့ကကော ဘယ်လိုထင်လဲ"လို့ လှမ်းမေးပြီး ကျွန်တော်တို့ရဲ့ ထင်မြင်ချက်ကို တောင်းနေပြန်ပါတယ်။

မိတ်ဆွေတွေကို ကြည့်လိုက်တော့ "ဖခင်တွေ" များနေတာတွေ့ရပါတယ်။ ဘယ်သူကမှ ထင်မြင်ချက်ပေးတာ မတွေ့ရဘဲ တိတ်ဆိတ်စွာနဲ့ အဲဒီနေ့က သူတို့ထိုင်နေကြပုံကို မြင်ယောင်နေပါတယ်။

[Perfect ဇူလိုင်၊ ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အချိန်မီ

▲

"ကျွန်တော် မူးပေမယ့် ကျွန်တော့်ဒဿနကတော့ မမူးပါဘူး"တဲ့။ မူးလာရင် ဒီစကားကို သူက ပြောနေကျ...။

"ကျွန်တော် သောက်တာက ကြိုက်လို့သောက်တာပါ၊ ကြိုက်တာကလည်း ကောင်းလို့ပေါ့၊ ကောင်းလို့ကြိုက်တာပဲ ဖြစ်ရမှာပေါ့။ ကောင်းတယ်ထင်လို့ လူတွေလုပ်ကြတာပဲ၊ ကျွန်တော်ကတော့ ကောင်းမှန်းသိလို့ကို သောက်တာ၊ ကောင်းတယ်ဆိုပြီး လုပ်ခဲ့တာတွေဟာပဲ အခုတော့ မကောင်းတာတွေ ဖြစ်လာပြီ"

ဒီစကားတွေကလည်း မူးလာရင် သူပြောနေကျ။

ဟုတ်ပါရဲ့၊ သူ့မျက်နှာ၊ သူ့အသားအရည်တွေက အရင်ကလို စိုစိုပြည်ပြည်မရှိကြတော့... သူ့မျက်စိတွေက အရင်တစ်ခါတွေ့တုန်းကထက် ပိုပြီးမှုန်ဝါးသွားတာ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောဖူးတယ်… ဟုတ်၊ အဲဒီတုန်းက ဟသ်ာနှစ်ကောင်နဲ့ သစ်ပင်စောင့်နတ်ကြီးကြားက ဒိုင်ယာလော့ကို ဒီလောက်အရေးကြီးမှန်းမသိခဲ့ဘူး။"

ဒီစကားကလည်း မူးလာလို့တွေ့ကြရင် သူပြောနေကြစကား…။

သူပြောတဲ့ သစ်ပင်စောင့်နတ်ကြီးဆိုတာက ရေခံတက်ပင်စောင့် ရုက္ခစိုးကို ဆိုလိုတာပါ။

ရေကန်ကြီးတစ်ခုအနားမှာ ရေခံတက်ပင်တစ်ပင်ရှိတယ်။ အဲဒီရေခံတက်ပင်ကို အမှီပြုပြီး ရုက္ခစိုးနတ်က ဘုံဗိမာန်လုပ်နေရတယ်။ အဲဒီ ရေခံတက်ပင်ပေါ်ကို ဟသ်ာနှစ်ကောင်က လာလာပြီးနားလေ့ရှိတယ်။ လာပြီး နားနေပါများတော့ ရုက္ခစိုးနဲ့ ဟသ်ာနှစ်ကောင်က ရင်းနှီးသူတွေ ဖြစ်လာတယ်။ တစ်နေ့မှာ ညောင်ပင်ငယ်ကလေးတစ်ပင် အဲဒီရေခံတက်ပင်ရဲ့ အကိုင်းခွကြားတစ်ခုမှာ ပေါက်နေတာကို ဟသ်ာတွေက မြင်တယ်၊ မြင်တော့… အမြော်အမြင်ရှိကြတဲ့ ဟသ်ာတွေက ရုက္ခစိုးကို သတိပေးတယ်။ အဲဒီညောင်ပင်ကို မြန်မြန်ရှင်းပစ်လိုက်၊ **အချိန်မီ** မရှင်းလို့ နောင် ကြီးထွားလာရင် ရေခံတက်ပင်ကို မြိုသွားမယ်။ ဒီအခါမှာ ရုက္ခစိုးအတွက် နေစရာဗိမ္မာန်ပျောက်သွားမယ်လို့ ပြောပြကြတယ်။ ဒါပေမဲ့… ရုက္ခစိုးက အလေးအနက်လည်း မထားတတ်ဘူး။ ဒီတော့… ညောင်ပင်ငယ်ကို ငယ်တုန်း ဖယ်ရှားမပစ်မိဘူး။ ဒီတော့ တဖြည်းဖြည်းနဲ့ ညောင်ပင်ငယ်ဟာ ကြီးထွားခွင့်ရလာတယ်။ နောက်ဆုံးမှာ ကြီးမားတဲ့ ညောင်ပင်ကြီးဟာ ရေခံတက်ပင်ကို အကုန်လုံး ဝါးမျိုပစ်လိုက်လို့ ရုက္ခစိုးခမျာ ဘုံပျောက်ခဲ့ရတယ်။

အကျင့်စရိုက်ဆိုးဆိုတာကိုလည်း နတုန်းငယ်တုန်းမှာ ဖယ်ရှားပစ်ရတယ်။ မဖယ်ရှားဘဲ ကြီးထွားခွင့်ပေးလိုက်ရင် အဲဒီအကျင့်





ဆိုးဟာ ဘဝတစ်ခုလုံး မြိုတော့တာပဲ၊ ရုက္ခစိုးက ဘုံပျောက်ရုံပျောက်တာ၊ အကျင့်ဆိုး အမြိုခံရသူကတော့ ဘဝတစ်ခုလုံးဆုံးမှာ။

ရုက္ခစိုး ဘုံပျောက်သွားတဲ့နေရာအထိ ပြောလာပြီးရင် သူက… "ကျွန်တော့်ဒသသနက မမူးပါဘူး"လို့ ပြောပြန်ရော။ ဟသ်ာနှစ်ကောင်နဲ့ သစ်ပင်စောင့်နတ်ကြီးကြားက ဒိုင်ယာလော့ကို ဒီလောက်အရေးကြီးမှန်း မသိခဲ့ဘူး"လို့ ပြောပြန်ရော။ ပြီးတော့…

**ကျွန်တော့်ကို အနုအရက်က မြိုနေပြီ၊ သိတယ်၊ မြိုခွင့်ပေးခဲ့မိတာကိုး၊ သိတယ်။ ဒီသောက်တဲ့အကျင့်ကို ဖယ်ခဲ့ရမှန်းသိတယ် … ဖယ်ရမှန်းသိတယ်။ ကျွန်တော့်ဒသသန မမူးပါဘူး၊ သိတယ်၊ သိပေမယ့် ဖယ်လို့က မရတော့ဘူး၊ မရနိုင်တော့ဘူး…**

ဒီစကားတွေကလည်း သူ မူးယစ်နေချိန် တွေ့လိုက်ရင် ပြောနေကျစကားတွေပါ။

▲ ▲

လကုန်ရက်တွေမှာ သူ ရောက်လာလေမလားလို့ မျှော်မိပါသေးတယ်။

သူ ရောက်မလာတော့ပါ။

သူ… **နောင်တကင်းရာဘဝ**ကို ရောက်ပါစေလို့ပဲ ဆုတောင်းရပါတယ်။

[အင်တာဗျူးဂျာနယ်၊ ဇူလိုင် ၂၀၀၂]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## မအိုဆေး

လွန်ခဲ့သော ရက်သတ္တပတ်က ပုဂံလေ့လာရေးအဖွဲ့နှင့် လိုက်ပါသွားဖြစ်သည်။

ပေါင်းတည်မြို့သို့အရောက်တွင် အဖွဲ့၌ပါလာသော ပေါင်းတည်သူ ဆရာမက အိမ်သို့ခေါ်သွားဝင်သည်။ အိမ်သူအိမ်သားတွေက ဝမ်းပန်းတသာဖြင့် ကျွန်တော်တို့အဖွဲ့ကို ဆီးကြိုကြသည်။ ကျွေးမွေးလိုက်သည်မှာလည်း အလျှံပယ်။

အိမ်မှပြန်အထွက်တွင် ဆရာမ၏ လက်ထဲတွင် လတ်လတ်ဆတ်ဆတ် ဖရုံညွန့်တွေ တစ်ပွေ့ကြီးပါလာသည်ကို မြင်လိုက်မိသည်။

စိတ်ဆိုသည်မှာဆန်းသည်။ ဖရုံညွန့်တွေကို မြင်ရာမှ ဝေးလံသော အတိတ်ဆီသို့ စိတ်ကလွင့်ပျံပြေးလွှားသွားသည်။ အဘွားချက်ကျွေးသည့် ချဉ်ပေါင်ဟင်းဆီသို့. . .။



www.burmeseclassic.com

www.burmeseclassic.com



ချဉ်ပေါင်ဟင်းထဲတွင် ဖရုံပွင့်နှင့် ဖရုံညွန့်ကလေးများကို ချိုးဆစ်၍ အမြှေးသင်၍ ထည့်ထားသည်။ ကောက်ရိုးပုံက ယူလာသည့် ကောက်ရိုးမှို အငုံရောအပွင့်ပါ ထည့်ထားသည်။ ငပိစိမ်းစားက ချဉ်ပေါင်ရွက်အချဉ်ကို သောက်၍ကောင်းရုံ ထိန်းပေးထားသည်။ လေးစိပ်ကွဲရုံ ထောင်း၍ထည့်ထားသော မိုးမျှော်ငရုတ်သီးလည်းပါသည်။ အဘွားချက်သည့် အငွေ့တထောင်းထောင်းနှင့် ချဉ်ပေါင်ဟင်းကို ခပ်၍သောက်လိုက်တိုင်း ငပိစိမ်းစားနံ့ကို ဖျောက်ပေးထားသည့် ပင်စိမ်းနံ့က တသင်းသင်းဖြစ်နေသည်။

အဘွား၏ ဤသို့သော ချဉ်ပေါင်ဟင်းနှင့်တွဲထားသော ရှမ်းနံ့နံ့အနံ့ လွှမ်းနေသည့် အမဲနှပ်...။

ဤဟင်းပွဲဆီ စိတ်ကရောက်သည်။

အတိတ်ဆီသို့ စိတ်ကရောက်နေတုန်း ကား၏နောက်ပိုင်းမှ "ယမကာ ပါလာရင် ပိုပြီးပျော်ရမှာ"ဟူသော စကားသံကို ကြားလိုက်ရသည်။

ကျွန်တော့်ဘေးတွင် ထိုင်နေသော ဆရာကျော်ဝဏ္ဏက သူ၏ ဝေးလံသောမွေးရပ်မြေ တည်နေရာကို ပြောပြပြီးနောက် ...

"ဆရာ... ကျွန်တော်တို့ အရပ်ဒေသမှာ ယမကာကို **မအိုဆေး**လို့ခေါ်တယ်"ဟု ဆိုပါသည်။

ကျွန်တော်က ဆရာကျော်ဝဏ္ဏ၏ စကားကို နားမလည်သောကြောင့် သူ့မျက်နှာကို ငေးကြည့်သည်။ ဤတွင်မှ သူက...

"ကျွန်တော်တို့ဆီမှာ မအိုဆေးလို့ ပြောလိုက်ရင် အားလုံးသဘောပေါက်သွားတာပဲ။ မအိုဆေးဆိုတာ ယမကာကို မှီဝဲတာ။ ယမကာမှီဝဲတယ်ဆိုတာ အရက်သောက်တာကို ပြောတာ"





သူပြောသည့် မအိုဆေးဆိုသော အသုံးအနှုန်းကို ကျွန်တော်က သဘောမပေါက်သောကြောင့် သူ့ကို ငေးမြဲငေးကြည့်နေသည်။ ဤသည်ကို ဆရာကျော်ဝဏ္ဏက အလိုက်သိစွာနှင့်...

"ကျွန်တော်တို့ဆီက ချက်အရက်တွေက သိပ်ပြင်းတယ်။ မီးတို့ကြည့်လိုက်တာနဲ့ မီးထတောက်တဲ့ အရက်တွေ။ အဲဒီလောက်ပြင်းတဲ့ အရက်တွေကို သောက်နေကြတာ။ အရက်သောက်ရင်း စွဲစွဲလာ။ စွဲစွဲလာတော့ သောက်ဖြစ်။ ညနေတိုင်း သောက်ဖြစ်ရာက ကြာလာတော့ နေ့တိုင်း၊ နေ့တိုင်း တစ်နေ့လုံးသောက်ဖြစ်။ ဒီလိုသောက်ရင်း သောက်ရင်းနဲ့ အသက် ၄၀ ကျော် ၅၀ တွင်းလည်း ဝင်လာရော၊ ခန္ဓာကိုယ်မှာ ရောဂါစုံဝင်လာတော့တာပေါ့။ အခြုံအရုံ အကာအကွယ်မရှိတဲ့ နေရာမှာ မူးမူးယစ်ယစ်နဲ့ အိပ်မိလို့ လေဖြတ်သူ ဖြတ်။ အသောက်ဝါရင့်လာတာနဲ့အမျှ အသည်းကြွပ်သူတွေ ကြွပ်၊ အသည်းခြောက်သူတွေ ခြောက်၊ ပြီးတော့ တစ်ခြားရောဂါတွေလည်းရပြီး အဲဒီ အသက် ၄၀ ကျော် ၅၀ ဝန်းကျင်လောက်မှာပဲ သေတဲ့သူတွေက များတယ်။ အိုမင်းတဲ့ အရွယ်ရောက်အောင် မနေလိုက်ကြရဘူးပေါ့။ ဒါကြောင့် အသက်မကြီးရင့်ခင် မအိုရမီ အဲဒီအသောက်သမားတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတတ်ကြလို့ ယမကာကို '**မအိုဆေး**'လို့ခေါ်တာ"

ဆရာကျော်ဝဏ္ဏ စကားကို နားထောင်ရင်း ချဉ်ပေါင်ဟင်းနှင့် ယမကာကို တွဲကြည့်မိပါ၏။ အတွဲက မကိုက်လှ။

ဗီဒီယိုကင်မရာဖြင့် အလုပ်ရှုပ်နေသော ပန်းချီဆရာ မောင်ရင်သွေးက ယမကာနှင့် သခွားသီးနု သိပ်ကို လိုက်ဖက်ကြောင်း ပြောနေသည်။ သူ့စကားအဆုံးတွင် နောက်ခုံတန်းဆီမှ...



www.burmeseclassic.com

www.burmeseclassic.com



**ယမကာနှင့် ထိုသွား**
**သေရွာ မြန်မြန်သွား**

ဟူသော စကားသံ ထွက်ပေါ်လာခြင်းနှင့်အတူ ရယ်မောသံများကိုလည်း ကြားလိုက်ရသည်။ ထိုအခိုက် ကဗျာဉာဏ်ရွှင်နေပုံရသည့် ကဗျာဝါသနာရှင် နေလင်းအောင်က ကဗျာတစ်ပုဒ်ရေးပြီး ကျွန်တော့်ကိုပြသည်။ သူ့ကဗျာက ကားသွားနေတုန်း ရေးရခြင်းဖြစ်သောကြောင့် လက်ရေးတွေက ဖတ်ရန်မလွယ်။

နေလင်းအောင်က သူ့ကဗျာကို ပြန်ယူ၍ အသံထည့်ပြီးဖတ်ပြသည်။ ကဗျာခေါင်းစဉ်က "ကျန်းမာရေး"။

ကျန်းမာရေး

*လိုအပ်ချက်နဲ့*
*ဖြည့်စွမ်းနိုင်မှုဆုံမှတ်တို့*
*ကွာဟချက်*
*တဖြည်းဖြည်း*
*အားပြင်းအလာ*
*ဝေဒနာက*
*ရတ်တရက်သည်းလာပေါ့*
*ကြမ္မာသမားတော်ရေ*
*မျှော်လင့်ချက်နေမဝင်ခင်*
*မီးအိမ်ဆီဖြည့်ဖို့*
*ငါအမောဆို့နေပြီ။*

သူ့ကဗျာကို တစ်ချို့က ခေတ်ဟောင်းကဗျာဟု ဆိုနေကြသည်။ အဘယ့်ကြောင့်ဆိုသော် ခေတ်ဟောင်းက မီးအိမ်ကြီးပါနေသောကြောင့်ဟု အကြောင်းပြကြသည်။ ကဗျာကို နားထောင်ရင်း မီး





စာကုန်ဆီခမ်းဖြစ်နေသည့် မီးအိမ်ကို မြင်ယောင်၍ရပါသည်။ မီးငြိမ်းကာနီးနေပြီ။ မီးအိမ်ကို ဆီဖြည့်ပေးမည့်သူကိုလည်း ကြည့်ပါဦး။ ဆီဖြည့်မည့်သူကိုယ်တိုင်က မီးအိမ်ကဲ့သို့ပင် ချုပ်ငြိမ်းကာနီးနေပြီ။ ယမကာတွေ စဉ်ဆက်မပြတ်ခဲ့မိ၍ ယခု ရောဂါကျွမ်းနေပြီ။ အမောဆိုက်နေပြီ။ လောကမှာ လုပ်စရာ စွမ်းဆောင်စရာတွေ အများကြီးရှိသော်လည်း ဘာကိုမျှ စွမ်းဆောင်နိုင်ခြင်း မရှိတော့ပြီ။ ကဗျာထဲမှ အမောဆိုက်နေသူ၏အဖြစ်ကို ကြေကွဲစွာနှင့်ကြည့်ရင်း ယမကာ၏ ကြောက်မက်ဖွယ်ရာတွေကို တွေးမိရာမှ အမှတ်တမဲ့ ပခုံးတစ်ချက် တွန့်လိုက်မိပါ၏။

ကျွန်တော် ပခုံးတွန့်လိုက်သည်ကို မြင်သွားသော ဆရာမတစ်ဦးက–

"ဆရာ ချမ်းလို့လား"ဟု လှမ်း၍မေးပါသည်။ သြော်... ဘာမှ မဆိုင်ပါလား။

မဆိုင်တာတွေဆီ စိတ်ကရောက်တတ်သည်။ အတိတ်အနာဂတ်တို့ဆီ စိတ်က လူးလာခေါက်ပြန် ပြေးလွှားနိုင်သည်။ မကျေနပ်မှုများ၊ ဒေါသအာဃာတ တရားများဖြင့် စိတ်ကလှုပ်လှုပ်ရှားရှားတွေ လုပ်နိုင်စွမ်းသည်။ ကြီးရင့်လာလေ၊ စိတ်ကူးစိတ်သန်းတွေက များလာလေနှင့် စိတ်ကရပ်နေသည်ဟူ၍မရှိ။ စိတ်ကတော့ အိုမင်းမစွမ်းဖြစ်ပုံမပေါ်...။

**မှတ်ချက်။** ။ အရက်ကို အလွန်အကျွံသောက်၍ မအိုခင်သေသူမှာ နောင်တရချိန် မရှိတော့သောကြောင့် အရက်ကို **နောင်တမရဆေး**ဟု ခေါ်သင့်ပါကြောင်း တစ်ဦးသောသူက အကြံပေးဖူးပါသည်။

ရုပ်ရှင်အမြုတေ [အတွဲ (၁)၊ အမှတ် (၁)၊ ၂၀၀၄ ဧပြီ]



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာကို ရိုးမယ်ဖွဲ့ကြသူများ

ဗုဒ္ဓဝါဒီတွေဟာ လောကကြီးကို ဒုက္ခဘုံကြီးအဖြစ် မြင်တတ်ကြတယ်။ လုပ်သမျှဟာ ဒုက္ခပဲလို့လည်း မြင်ကြတယ်။ ဒီလို လောကကြီးကို အပျက်ဘက်၊ မကောင်းတဲ့ဘက်ကချည်း ရှုမြင်တယ်လို့ ဗုဒ္ဓဝါဒကို အဆိုးမြင်ဝါဒ Pessimism လို့ ဝေဖန်ကြတယ်။ လောကကြီးကို အပျက်ဘက်က မြင်တတ်တဲ့ ဗုဒ္ဓဝါဒီတွေကို အမှီပြုပြီး ဗုဒ္ဓဝါဒကို ဒီလို 'အဆိုးမြင်ဝါဒဖြစ်တယ်'လို့ ဝေဖန်တာဖြစ်နိုင်ကောင်းပါတယ်။

ဗုဒ္ဓဝါဒဟာ အဆိုးဘက်ကနေပြီး လူ့ဘဝ လူ့လောကကြီးကို မြင်တတ်တဲ့ ဝါဒဖြစ်တဲ့အတွက် ဗုဒ္ဓဝါဒီတွေရှိတဲ့ လူ့အဖွဲ့အစည်းဟာ လောကရေးရာတွေနဲ့ ပတ်သက်ပြီး တိုးတက်မှုမရှိဖြစ်ရတယ်။ လူမှုစီးပွားရေးတွေ ဆုတ်ယုတ်ပြီး အောက်တန်းနောက်တန်းကျနေရတဲ့ လူ့အဖွဲ့အစည်း ဖြစ်နေရတယ်လို့လည်း စွပ်စွဲပြောဆိုလာတာတွေ ရှိခဲ့တယ်။ ရှိနေဆဲလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတစ်ဦးက ပြောပြဖူးတယ်။ အလုပ်တာဝန်တစ်ခုနဲ့ နယ်က မြို့ကလေးတစ်မြို့ကို သူ ပြောင်းရွှေ့သွားခဲ့ရတယ်။ အဲဒီမှာ သူနေရတဲ့ အိမ်က ရိပ်သာတစ်ခုနဲ့နီးတယ်။ မနက်စောစော အရုဏ်တက်အချိန်မှာ နိဗ္ဗာန်ဆော်တစ်ဦးက အသံချဲ့စက်နဲ့ နိဗ္ဗာန်ဆော်တဲ့အခါမှာ… "သင်မုချသေရအံ့၊ အချိန်ပိုင်းသာလိုတော့သည်" ဆိုတဲ့စကားကို အသံမြှင့်မြှင့်ပြီး အော်တယ်။ ဒီနိဗ္ဗာန်ဆော်ကတော့ နိဗ္ဗာန်အကျိုးမျှော်ပြီး စေတနာနဲ့ တရားဓမ္မ မြန်မြန်အားထုတ်ချင်အောင် တိုက်တွန်းတာပေါ့ဗျာ။ ကောင်းပါပေတယ်။ ဒါပေမဲ့ "ငါသေရမှာမုချ၊ မကြာခင်သေသွားနိုင်တယ်"ဆိုတဲ့ အတွေးဝင်ဝင်လာတော့ အလုပ်သွားချင်စိတ်တွေပါ ကုန်သွားတယ်။ ဘာတိုးတက်ရာတိုးတက်ကြောင်းကိုမှလည်း မရှာချင်တော့ဘူးဖြစ်သွားတယ်။ ဟုတ်ပါရဲ့၊ သေခြင်းတရား ဖန်ဖန်ပွား၊ ပယ်ရှားမာနမီး… ပယ်ရှားရာဂမီး ဆိုတာတွေ ဟုတ်တော့ဟုတ်ပါရဲ့။ လောလောဆယ်မှာတော့ ကျွန်တော့်ရဲ့ တိုးတက်ချင်စိတ်တွေပါ ပျောက်ကွယ်ပျောက်ကွယ် သွားလွန်းလို့ မဖြစ်ချေဘူးဆိုပြီး အဲ့ဒီရိပ်သာနဲ့ဝေးတဲ့ အရပ်က အိမ်ကို ပြောင်းနေခဲ့ရတယ်တဲ့။

အမှန်ကတော့ လူဟာ အချိန်မရွေး သေနိုင်တယ်မဟုတ်လားဗျာ။ ဒီတော့ သာသနာနဲ့ ကြုံနေတုန်းမှာ လွတ်မြောက်ရေးတရားကို အားထုတ်စေချင်လို့ သံသရာဇာတ်လမ်းကြီးကို အဆုံးသတ်စေချင်လို့ သတိပေးတဲ့စကားပါ။ ဒါပေမဲ့ ပုထုဇဉ်တွေဖြစ်တဲ့ ကျွန်တော်တို့က ဒီသတိပေးစကားကို အရေးကြီးတယ်လို့လည်း မထင်နိုင်ဘူး။ နှစ်သက်ဖွယ်စကားအဖြစ် အနေနဲ့လည်း မယူဆနိုင်ဘူး၊ တရားမြန်မြန်ရစေချင်လို့ အားပေးတဲ့စကား ဖြစ်တယ်ရယ်လို့လည်း ဘယ်နယ်မှ မထင်မြင်နိုင်ကြဘူး။





တကယ်တော့ ဗုဒ္ဓဝါဒဟာ အဆိုးဘက်က၊ စိတ်ပျက်ဖွယ်ဘက်က ရှုမြင်တဲ့ ဝါဒတော့ မဟုတ်ဘူး။ ဗုဒ္ဓဝါဒကို လေ့လာသူ ရှုမြင်သူတို့ရဲ့ဘက်ကသာ အဆိုးဘက် ရှုမြင်တယ်၊ စိတ်ပျက်ဖွယ်ဘက်က ရှုမြင်တယ်ဆိုတာတွေ ဖြစ်သွားတာလို့ ထင်ပါတယ်။ ဗုဒ္ဓဝါဒဟာ လူမှုတိုးတက်ရေးတွေကို ဟန့်တားတဲ့ဝါဒဖြစ်တယ်။ ဗုဒ္ဓဝါဒကြောင့် စီးပွားရေးတွေ၊ နည်းပညာဆိုင်ရာတွေ မတိုးတက်ဘဲ ဆုတ်ယုတ်စေတဲ့ ဝါဒဖြစ်တယ် ဆိုတာတွေဟာလည်း ဗုဒ္ဓဝါဒအပေါ် ရှုမြင်အနက်ကောက်သူတွေရဲ့ စိတ်မှာထင်တာပဲ ဖြစ်ပါလိမ့်မယ်။ ဗုဒ္ဓဝါဒဟာ လောကီရေးရာ တိုးတက်မှုအတွက် အဟန့်အတားဖြစ်စေတယ်ဆိုတာလည်း ဟုတ်ဟန်မတူပါဘူး။ သူ့နေရာနဲ့သူ ပြောဟောဆုံးမခဲ့တဲ့ ဗုဒ္ဓရဲ့ အဆိုအမိန့် အဆုံးအမတွေကို ခွဲခြားပြီး မရှုမြင်၊ မလိုက်နာတတ်တာကြောင့် ဒီလိုထင်မြင်သွားတာ ဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓလက်ထက်အခါက မက္ခလိဂေါသာလဆိုတဲ့ ဒဿနပညာရှင်ကြီးတစ်ဦးရှိတယ်။ သူက… ကုသိုလ် အကုသိုလ်ဆိုတာ ပကတိအားဖြင့် မရှိဘူး။ ကုသိုလ်ကောင်းမှု၊ အကုသိုလ် မကောင်းမှုပြုခြင်းရဲ့ အကျိုးဆိုတာလည်း မရှိဘူး၊ အားထုတ်ကြိုးပမ်းခြင်း၊ ဝီရိယအကျိုးဆိုတာလည်း မရှိဘူးလို့ ပြောလေ့ရှိတယ်။ သူ့အပြောအရဆိုရင် ဘာလုပ်လုပ် အကျိုးမရှိဘူးလို့ ဆိုလိုရာရောက်နေတယ်။ ကြိုးစားအားထုတ်နေလည်း ဖြစ်မှာမဟုတ်ဘူးလို့ ဆိုလိုရာလည်း ရောက်နေတယ်။ မက္ခလိဂေါသာလရဲ့ အဆိုအရ… လူဟာ ကြိုးစားအားထုတ်နေလည်း အပိုပဲ။ ဖြစ်ချိန်တန် ဖြစ်လာလိမ့်မယ်၊ ရချိန်တန် ရလာလိမ့်မယ်။ ဖြစ်ချိန်တန်ရင် လူတစ်ဦးအတွက် ဖြစ်လာစရာတွေဟာ ဖြစ်လာလိမ့်မယ်၊ ရစရာတွေ ရလာလိမ့်မယ်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ ရဖို့ လူတစ်ဦးရဲ့ ဘဝကို အစကတည်းက ပြဋ္ဌာန်းထားပြီး ဖြစ်တယ်။ ဘာမှအထူးအထွေ ဝီရိယစိုက်ပြီး လုပ်မနေနဲ့ဆိုတဲ့ သဘောပေါ့။ လွတ်မြောက်ရေးတရားဆိုတာကိုလည်း အားထုတ်မနေနဲ့တဲ့၊ လွတ်ချိန်တန်တော့ လွတ်လိမ့်မယ်တဲ့၊ ချည်လုံးကို ဒီဘက်က အစတစ်စကိုကိုင်ပြီး ပစ်လိုက်ရင် ချည်ရှိသ၍ ပြေလျက်ပြေးသွားသကဲ့သို့ပဲတဲ့၊ လူမိုက်ဖြစ်ဖြစ်၊ ပညာရှိဖြစ်ဖြစ် တစ်ဘဝကနေ တစ်ဘဝကို ပြေးသွားကျင်လည်ပြီးတော့ (ချည်ကုန်တော့ ရပ်သွားသလို) ဆင်းရဲကုန်ခြင်းဆိုတာ ဖြစ်သွားမယ်၊ လွတ်မြောက်ရေးဆိုတာကို ရသွားမယ်တဲ့။

တကယ်တော့ မက္ခလိဂေါသာလပြောတဲ့ "အချိန်တန်လျှင် ဖြစ်လာလိမ့်မယ်"ဆိုတာ ဘယ်တော့ အချိန်တန်မှန်းမှ မသိဘဲ။ တမျှော်လင့်လင့် ဖြစ်နေရမှာပဲ။ တကယ်ပဲ ရလာမလား၊ မရတော့ဘူးလားဆိုတာ ဝေခွဲမရဘဲ သံသယအထွေးအရှုပ်တွေနဲ့ စောင့်နေရတဲ့ဘဝဟာ အလွန်အားငယ်စရာကောင်းတဲ့ အဖြစ်ပါပဲ။ ဂေါတမဗုဒ္ဓဟာ အဲဒီမက္ခလိဂေါသလရဲ့ အမြင်မျိုး အယူအဆ အပြောအဆိုမျိုးကို လုံးဝလက်မခံဘူး၊ ဗုဒ္ဓအလိုအရကတော့ သတိနဲ့၊ ဝီရိယနဲ့၊ အသိနဲ့ တကယ်လက်တွေ့ မိမိဖြစ်ချင်ရချင်တာကို ကြိုးစားအားထုတ်ယူရမယ်၊ ကြိုးစားရင်ရမယ်၊ ကြိုးစားရမယ်လို့ အမြဲအားပေးတယ်၊ စိတ်ပျက်အားလျော့နေဖို့ပြောတာမျိုး ဗုဒ္ဓစာပေတွေမှာ မရှိပါဘူး။

တစ်ခါတစ်ခါမှာ... တချို့လူတွေဟာ ဘာမှမယ်မယ်ရရ မကြိုးစားဘဲနဲ့ ချမ်းသာနေကြတယ်။ အရေးပါတဲ့ နေရာတွေကို ရောက်နေတတ်တယ်။ တချို့လူတွေကြတော့လည်း အသေအလဲ ကြိုးစားတယ်၊ ဒါပေမဲ့... ဆင်းရဲနေကြတယ်၊ အောက်တန်းနောက်





တန်းကျနေကြတယ်၊ ဒီလိုဖြစ်နေတဲ့ လူတွေရဲ့ အဖြစ်သနစ်တွေကို ကြည့်ပြီး "ကြိုးစားလည်း ဖြစ်ချင်မှဖြစ်တာပါ၊ ကုသိုလ်တွေလုပ်လည်း ကောင်းတာဖြစ်ချင်မှဖြစ်တာ..."လို့ ခံယူမိသွားတယ်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ကျရှုံးခြင်းတွေဆိုတာ ဖြစ်ချင်သလို ဖြစ်တတ်ကြတာပဲလို့လည်း သဘောထားမိသွားတယ်။ ဒီအခါမှာ "အကျိုးတရားဖြစ်ပေါ်ဖို့ အကြောင်းတရားမရှိဘူး"ဆိုတဲ့ 'အဟေတုက ဒိဋ္ဌိ'ကို ခံယူသွားမိတာမျိုးလည်းရှိတယ်။ ခိုင်လုံတဲ့ အကြောင်းမရှိဘဲ ဖြစ်ချင်သလို ဘဝအဖြစ်အပျက်တွေဟာ ဖြစ်ပျက်ကြတာပဲလို့ ခံယူလိုက်ရင် လူမှာ ပြင်းထန်တဲ့ဆန္ဒတွေ၊ ကြိုးစားချင်တဲ့ ဝီရိယတွေ ရှိနိုင်တော့မှာ မဟုတ်ဘူး၊ အားမာန်သတ္တိဆိုတာလည်း လူမှာရှိတော့မှာ မဟုတ်ဘူး။ အားမာန်သတ္တိကို လျော့စေတဲ့ အဲဒီ 'အဟေတုကဒိဋ္ဌိ' ဝါဒမျိုးကိုလည်း ဗုဒ္ဓဝါဒက လက်မခံဘူး။

ပြီးတော့... ဗုဒ္ဓလက်ထက်က လောကာယတဝါဒီတွေ (ချာဝက လိုရုပ်ဝါဒီတွေ)က ပြောတတ်ကြတယ်။ လွတ်မြောက်ရေးတရားတွေကို အပင်ပန်းခံပြီး အပတ်တကုတ် ကြိုးစားအားထုတ်မနေပါနဲ့တဲ့။ ဒီလို ကြိုးစားခြင်းဟာ အချည်းနှီးပါပဲတဲ့၊ သူတို့အမြင်မှာတော့ ဒီလို ကြိုးစားခြင်းဟာ အချည်းနှီးပဲပေါ့။ ဘာကြောင့်ဆိုတော့ သူတို့လို ရုပ်ဝါဒီတွေအတွက် နောင်ဘဝဆိုတာ ရှိမှမရှိပဲ၊ ဘဝသံသရာဆိုတာ ရှိမှမရှိဘဲ။ ဒီတော့ သံသရာက လွတ်မြောက်ရေးတရားအားထုတ်တယ်ဆိုတာ သူတို့အမြင်ကတော့ အချည်းနှီးသော ကြိုးပမ်းခြင်း ဖြစ်နေမှာပဲ။ ပါရမီတွေ ဖြည့်နေတာ၊ စွန့်လွှတ်စွန့်စားပြီး ကောင်းမှုတွေပြုနေတာဟာ ဘဝသံသရာကို မယုံတဲ့သူတို့အဖို့ ဘာမှ အဓိပ္ပာယ်မရှိဘူး။ သူတို့အများအားဖြင့် ပြောတာကတော့



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ သေမည့်တူတူ... မသေခင်ကလေးမှာ ပျော်သလိုနေ"တဲ့။ သက်သာ သလိုသာနေတဲ့။ ဒီလိုအပြောမျိုးနဲ့ သက်သာသလိုနေနေတဲ့ ရုပ်ဝါဒီတွေပဲရှိတယ်ဆိုရင်တော့ တော်ပါသေးရဲ့။ အကယ်၍များ... "ဒီတစ်ဘဝပဲ အသက်ရှင်ရမှာဆိုတော့ အကောင်းဆုံး ကာမဂုဏ် အာရုံတွေကို ခံစားမယ်၊ ဒီလိုခံစားဖို့အတွက် ပစ္စည်းဥစ္စာရတနာ တွေကို ရတဲ့နည်းနဲ့ လုပ်ယူမယ်"ဆိုတဲ့ ရုပ်ဝါဒီမျိုးတွေ ဖြစ်မယ်ဆို ရင်တော့ သူတို့ရှိနေတဲ့ လူ့အဖွဲ့အစည်းဟာ အလွန်မငြိမ်းချမ်းတဲ့ အဖွဲ့အစည်း ဖြစ်သွားမှာပဲ။

ဗုဒ္ဓဝါဒကတော့ အစွန်းရောက်ပြီး အကြမ်းဖက်မှုတွေနဲ့ အဆုံး သတ်နိုင်တဲ့ ရုပ်ဝါဒမျိုးကိုရော၊ လုံ့လဝီရိယနဲ့ ဆန္ဒအားတွေလျော့ စေနိုင်တဲ့ သက်သာသလိုနေလိုတဲ့ ရုပ်ဝါဒီတွေရဲ့ အမြင်ဝါဒမျိုးကို ရော လက်မခံပါဘူး။ မိမိရော မိမိ နေထိုင်သက်ရှင်ရာ လူမှုဝန်းကျင် လူ့အဖွဲ့အစည်းကိုပါ အကျိုးရှိစေနိုင်တဲ့ ဘဝနေနည်းမျိုးနဲ့ နေဖို့ ကိုပဲ ဗုဒ္ဓဝါဒက အမြဲလမ်းညွှန်ထားတာတွေကို တွေ့နိုင်ပါတယ်။

ပြီးတော့... ဗုဒ္ဓမတိုင်မီကတည်းက လက်ခံယုံကြည်ခဲ့ကြတဲ့ ဝါဒတစ်ခုရှိတယ်၊ အဲဒါကတော့ ဣဿရနိမ္မာနဒိဋ္ဌိဆိုတဲ့ အယူဝါဒ ပါပဲ။ ဒီဝါဒရဲ့ ဆိုလိုရင်းကတော့... မဟာဗြဟ္မာ ဒါမှမဟုတ် ဖန်ဆင်းရှင် တန်ခိုးရှင်က လူသတ္တဝါကို ဖန်ဆင်းတယ်၊ အဲဒီဖန်ဆင်း ရှင်က သူဖန်ဆင်းလိုက်တဲ့ လူသတ္တဝါကို ဟိုအချိန်မှာ ဟိုလိုဖြစ်ဖို့၊ သည်အချိန်မှာ သည်လိုဖြစ်ဖို့ ဖန်ဆင်းလိုက်ကတည်းက ကြိုတင် ပြဋ္ဌာန်း ပေးလိုက်ပြီးဖြစ်တယ်။ ဒီလူသတ္တဝါရဲ့ သုခဒုက္ခ အောင်မြင်မှု ကျရှုံးမှုတွေကို အစကတည်းက ပြဋ္ဌာန်းပေးလိုက်ပြီး ဖြစ်တယ်လို့ ယူဆတဲ့ ဝါဒပါပဲ။ လူသတ္တဝါဟာ ဖန်ဆင်းရှင်ရဲ့ အလိုအတိုင်း သက်ရှင် လှုပ်ရှားနေရတဲ့ သဘောပါပဲ။ ဂေါတမဗုဒ္ဓက ဒီအယူဝါဒ





ကို ယုံကြည်တဲ့သူကို... "လူဟာ ဖန်ဆင်းရှင်ရဲ့ အလိုအတိုင်း ဖြစ်ပျက်လုပ်ကိုင်နေရတာ ဖြစ်တယ်ဆိုရင် သူများအသက် သတ်မိ တာ၊ သူတစ်ပါးရဲ့ ပစ္စည်းကို ခိုးတာ၊ လိမ်ညာပြီး ပြောလိုက်တာတွေ ဟာလည်း ဖန်ဆင်းရှင်ရဲ့ အလိုအတိုင်း သတ်မိတာ၊ ခိုးရတာ၊ လိမ်ညာပြောရတာတွေလား"လို့ မေးတတ်ပါတယ်။ ဖန်ဆင်းရှင်ရဲ့ အလိုအတိုင်း ဖြစ်ရတာ၊ ပြုရတာပါဆိုရင် သတ်တာ၊ ခိုးတာ၊ လိမ်တာအတွက် သတ်သူ၊ ခိုးသူ၊ လိမ်သူမှာ အပြစ်မရှိဘူးလို့တောင် ဖြစ်နေတယ်။

ဗုဒ္ဓဝါဒ အလိုအရကတော့ လူဟာ ဘယ်သူ့ရဲ့ ဖန်ဆင်းမှု ကြောင့်မှ လူဖြစ်လာတာ မဟုတ်ဘူး၊ ဘယ်သူ့ရဲ့ ကြိုတင်ပြဋ္ဌာန်း မှုကိုမှလည်း ခံခဲ့ရသူ မဟုတ်ပါဘူး။ အကောင်းအဆိုး ကုသိုလ် အကုသိုလ်လုပ်တာဟာ လုပ်တဲ့လူနဲ့ပဲ ဆိုင်တယ်၊ လုပ်တဲ့သူမှာပဲ တာဝန်ရှိတယ်၊ ဗုဒ္ဓအလိုအရ လူဟာ ကိုယ့်ဘဝကိုယ် တည်ဆောက် နိုင်သူဖြစ်တယ်၊ ကိုယ့်ဘဝကိုယ် ကောင်းအောင် မြင့်မြတ်အောင်၊ အောင်မြင်အောင်၊ အားမာန်သတ္တိတွေနဲ့ တည်ဆောက်ယူနိုင်တယ်။ ဗုဒ္ဓဝါဒဟာ စိတ်ပျက်အားလျော့စရာတွေကို မညွှန်ပြပါဘူး။အားမာန် သတ္တိနဲ့ ကိုယ့်ဘဝကိုယ် အဓိပ္ပာယ်ကောင်း ဖော်ယူဖို့ကိုပဲ အကြိမ် ကြိမ် ဖော်ပြထားတာတွေကိုပဲ တွေ့နိုင်ပါတယ်။

ပြောခဲ့တဲ့ ဣဿရနိမ္မာနဝါဒနဲ့ ဆင်ဆင်တူတဲ့ ဝါဒတစ်ခု ကတော့ 'ပုဗ္ဗေကတဟေတုဒိဋ္ဌိ'ဆိုတာပါပဲ။ ဒီဝါဒအလိုအရကတော့ "လူတစ်ဦးရဲ့ အခုလက်ရှိ ဘဝက အောင်မြင်မှု၊ ဆုံးရှုံးမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ အသက်ရှည်မှု၊ အသက်တိုမှုစတဲ့ ဘဝဖြစ်ရပ်တွေဟာ အတိတ်ကံကြမ္မာရဲ့ ဖန်တီးမှုကြောင့် ဖြစ်ရတာလို့" ခံယူတဲ့ဝါဒဖြစ် တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဗုဒ္ဓဝါဒီတွေဟာ ဗုဒ္ဓဝါဒီတွေလို့ အမည်ခံကြပေမဲ့ ပုဗ္ဗေကတဟေတုဒိဋ္ဌိဆိုတဲ့ ဝါဒကို လက်ခံနေတတ်ကြတာကို တွေ့ရမယ်။ ကောင်းတာဖြစ်လာရင်... ကောင်းတာနဲ့ကြုံလာရင် "ကံကောင်းလို့"လို့ ပြောတတ်ကြတယ်။ မကောင်းတာတွေ၊မအောင်မြင်တာတွေ၊ ဖြစ်ချင်တာဖြစ်မလာတာတွေနဲ့ ကြုံရရင် "ကံမကောင်းလို့"လို့ ပြောတတ်ကြတယ်။ သူတို့ သုံးနှုန်းနေတဲ့ 'ကံကောင်းလို့' 'ကံမကောင်းလို့'ဆိုတဲ့ စကားတွေဟာ အတိတ်က ကံကြမ္မာကို ရည်ညွှန်းပြီး ပြောနေတဲ့စကားတွေဖြစ်တယ်။ အဲဒီလိုပြောသူတွေရဲ့ စိတ်ထဲမှာ... အကောင်းအဆိုး ကြုံတွေ့ရခြင်းဟာ အတိတ်ကကံရဲ့ ပြဋ္ဌာန်းဖန်တီးပေးမှုကြောင့် ကြုံတွေ့ရတာလို့ ထင်နေတတ်တယ်။ ဒီလိုထင်မြင်နေရင်... မကောင်းတာတွေနဲ့ကြုံရင် ကောင်းတာတွေနဲ့ ကြုံအောင် ကြိုးစားဖို့၊ အခက်အခဲတွေနဲ့ ကြုံတွေ့ရင် ဒီအခက်အခဲတွေကို ကျော်လွှားလွန်မြောက်အောင် အားထုတ်ဖို့ဆိုတဲ့ အားမာန်သတ္တိတွေ လျော့သွားစေနိုင်တယ်။

ဗုဒ္ဓဝါဒဟာ အဲဒီလို အားမာန်သတ္တိကို လျှော့စေတဲ့ ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒမျိုး၊ အမြင်မျိုးကိုလည်း လက်မခံဘူး။

မှားယွင်းတဲ့ အမြင်တွေနဲ့ အားမာန်သတ္တိကို လျော့စေတဲ့ ဝါဒတွေနဲ့ ပတ်သက်ပြီး ဗုဒ္ဓက တစ်နေရာမှာ...

"မှားသောအယူဝါဒ သုံးမျိုးဟူသည်ကား အလုံးစုံသော ချမ်းသာမှု၊ ဆင်းရဲမှုတို့သည် ရှေးအတိတ်ကံအကြောင်းကြောင့်သာလျှင် ဖြစ်ရသည်ဟူသော အယူဝါဒတစ်ပါး (ပုဗ္ဗေကတဟေတုဒိဋ္ဌိ)၊ အလုံးစုံသော ချမ်းသာမှုဆင်းရဲမှုတို့သည် လောကကို အစိုးရသော ဗြဟ္မာဘုရား ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်ဟူသော အယူဝါဒတစ်ပါး (ဣဿရနိမ္မာနဒိဋ္ဌိ)၊ ထိုချမ်းသာမှု၊ ဆင်းရဲမှုတို့သည် အကြောင်း





မဖက်၊ သက်သက် အလိုအလျောက် ဖြစ်ပေါ်သည်ဟူသော အယူဝါဒတစ်ပါး (အဟေတုကဒိဋ္ဌိ) ဤသုံးပါးတို့တည်း၊ ဤအယူဝါဒများ မှန်သည်ဆိုပါက လူတို့အဖို့ ပြုလုပ်ဆောင်ရွက် ကြိုးပမ်းရန် ကိစ္စရှိတော့မည်မဟုတ်။ မှန်ကန်သော ဆန္ဒ ကြိုးပမ်းမှု လုံ့လဝီရိယတို့လည်း ဖြစ်ပေါ်တော့မည်မဟုတ်၊ သူတော်သူမြတ် သမဏတို့၏ အယူဝါဒလည်း ဖြစ်ပေါ်လာတော့မည်မဟုတ်"လို့ ဖော်ပြခဲ့တာရှိတယ်။ (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ တိတ္ထာယတနသုတ်)။

ဗုဒ္ဓ လက်ခံတဲ့ အယူဝါဒက "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ဖြစ်တယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိရဲ့ လိုရင်းအဓိပ္ပာယ်ကတော့ ယုံကြည်မှု (သဒ္ဓါ)၊ တွေးမြင်သိရှိမှု (ပညာ)၊ စိတ်ရဲ့ခိုင်ခံ့တည်ကြည်မှု (သမာဓိ)၊ မလျော့ဘဲ အားထုတ်ကြိုးပမ်းမှု (ဝီရိယ)နဲ့ အမြဲသတိထားမှု (သတိ)ဆိုတဲ့ အကြောင်းတရား ၅ ခုကို အသုံးပြုရမယ်လို့ ဆိုလိုပါတယ်။ သတိက သဒ္ဓါနဲ့ပညာ၊ သမာဓိနဲ့ ဝီရိယကို ညီညွတ်အောင် ညှိပေးရင်းနဲ့ အပြုအမူတစ်ရပ်ကို လှုပ်ရှားဆောင်ရွက်ရင် အောင်မြင်ပြီးစီးတဲ့ လုပ်ရပ်အဖြစ် ရောက်သွားမယ်လို့ ခံယူတဲ့အယူ သို့မဟုတ် ဝါဒကို 'ကမ္မဿကတာသမ္မာဒိဋ္ဌိ' လို့ ပြောရင်လည်း ဖြစ်နိုင်ပါတယ်။

ဗုဒ္ဓဝါဒ အလိုအရ အတိတ်ကံဆိုတာကို မပစ်ပယ်သော်လည်း တကယ်လုပ်ရမည့်ကံက... ဆိုခဲ့တဲ့ အကြောင်းတရား ၅ ပါးနဲ့ ပစ္စုပ္ပန် လက်ရှိဘဝမှာ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တာကို ဆောင်ရွက်လုပ်ကိုင်ဖို့ပါပဲ။ ဒီလို လုပ်ကိုင်ဆောင်ရွက်နိုင်ရင် လောကီဆိုင်ရာ လူမှုစီးပွားရေးတွေ တိုးတက်မှာပဲ။ အရိယာသူတော်စင်တွေကတော့ လူမှုစီးပွားရေးတွေ တိုးတက်အောင်မြင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် လုပ်ဆောင်ရတာထက် အဆအရာ၊ အထောင်မက ခက်ခဲတဲ့ မင်္ဂ–ဖိုလ် ဉာဏ်ပညာတွေကိုတောင် အားမာန်သတ္တိ အပြည့်နဲ့ အောင်အောင်မြင်မြင် လုပ်ဆောင်သွားခဲ့ကြတာပဲ။

ဒါကြောင့် ဒီမှာပြောချင်တာက … တချို့လူတွေ ထင်သလို ဗုဒ္ဓဝါဒဟာ လောကီတိုးတက်ရေးအတွက် အဟန့်အတားမဖြစ်ပါဘူး။ ဆိုခဲ့တဲ့ အောင်မြင်ရေးအခြေခံအချက် ၅ ချက်နဲ့ ဖြည့်ဆည်းဆောင်ရွက်ရင်း လောကအောင်မြင်ရေးကို ရအောင်လည်း လုပ်လို့ဖြစ်တယ်။ ဒီအခြေခံ ၅ ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရင်း လောကုတ္တရာအောင်ရေးကိုလည်း ရအောင်လည်း လုပ်လို့ဖြစ်တယ် … ဆိုတာကိုပါပဲ။

မလုပ်ဖြစ်ရင်တော့ ဘဝမှာ နောင်တတွေရနေနိုင်တယ်။

[စမ္ပရိပ် အတွဲ(၁)၊ အမှတ်(၃)၊ ၂၀၀၆၊ မတ်လ။]





www.burmeseclassic.com

www.burmeseclassic.com

# ကြက်ဥခွဲသူများ

တစ်နေ့ကုန်သွားတိုင်း ပြန်ပြန်တွေးမိတတ်ပါရဲ့။ ဩော် ... ဒီနေ့ ငါ့အတွက် ဘာအကျိုးရလဒ်ရှိပါလိမ့်... ဘာမှမယ်မယ်ရရ ပြစရာမရှိပါဘူး။ "တစ်နေကုန်ရင် ပြန်ပြီးကြည့်ရတယ်၊ ကုသိုလ် တစ်ခုခု ငါ့မှာရခဲ့ရဲ့လား၊ ပညာဗဟုသုတတစ်ခုခုကော တိုးခဲ့ရဲ့လား၊ စီးပွားဥစ္စာအနေနဲ့ကော... ပြန်ကြည့်၊ ပြန်ကြည့်"လို့ အဘိုးရှိစဉ် တုန်းက ခဏခဏ ဆုံးမဘူးတာ သတိရပါတယ်။

ညနေက အိမ်ကိုပြန်အလာ... လမ်းမှာ မိတ်ဆွေတစ်စုနဲ့ ဆုံပါတယ်။ ထုံးစံအတိုင်း သူတို့က ညနေချိန်မှာ ပျော်နေကြပြီ၊ အင်း... သူတို့ကမှ ပျော်နိုင်သေးရဲ့လို့ တွေးလိုက်မိပါရဲ့။ တွေးလို့မှ မဆုံးခင်... မိတ်ဆွေတစ်ဦးက... "ခင်ဗျားက ကျုပ်တို့ကို **မအိုဆေး** သုံးဆောင်သူများလို့ ရေးတယ်ဆို၊ အဲဒါ အမှန်ပဲလား"တဲ့၊ မေးခွန်း ထုတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်ရင်းနဲ့ ကြိုက်ကြိုက်လာ၊ ကြိုက်ကြိုက်လာတော့ သောက်ဖြစ်၊ သောက်ရင်း… သောက်ရင်းနဲ့ အသက်လေးဆယ်ကျော်… ငါးဆယ်ကျော်လောက်မှာ ရောဂါတွေရ၊ အသဲကျုပ်တဲ့ ရောဂါတွေနဲ့ အသက်ကုန်သွားတဲ့ သူငယ်ချင်းတွေရှိတယ်၊ သူတို့တွေ မအိုခင် ပျိုတုန်းက အရက်ကို ပျော်ပျော်သောက်ရင်း မအိုမမင်းခင်ဘဲ သေကုန်ကြလို့… အရက်ကို **‘မအိုဆေး’**လို့ ရေးပြခဲ့မိတာကို ရည်ရွယ်ပြီး အထက်ပါမိတ်ဆွေက မေးခွန်းထုတ်နေတာ ဖြစ်ပါလိမ့်မယ်။ မအိုဆေးအကြောင်း ကျွန်တော် ရေးတာက မအိုချင်သူများအတွက် ရေးတာသာဖြစ်တဲ့အကြောင်း၊ ခင်ဗျား မအိုချင်ဘူးဆိုရင်တော့လည်း အဲဒီဆေး သောက်သူတွေထဲမှာ အပါအဝင်ဖြစ်နိုင်ကြောင်း ပြောပြပါတယ်။ ကျွန်တော်ကသာ ပြောပြနေတာ၊ သူက ကျွန်တော်ပြောတာကို ကြားပုံတောင်မပေါ်ပါဘူး၊ သူစိတ်ဝင်စားတာတွေ လျှောက်ပြောနေလေရဲ့၊ နောက်တစ်ယောက်ကတော့ ကျွန်တော့် မျက်နှာကြည့်ပြီး…

“သူများတွေက စုန်ရေတို့၊ ဆန်ရေတို့ ရုပ်ရှင်တွေရိုက်ကြတယ်။ ကျုပ်ကတော့ ‘ဒီရေ’ကို ရိုက်မယ်”လို့ ပြောနေတုန်း နောက်တစ်ယောက်ကဝင်ပြီး “အဲဒါပြီးရင် ‘သေရေ’ဆိုတာကို ရိုက်သင့်တယ်”လို့ ပြောလိုက်တော့ ရယ်ကြပါတယ်၊ ပိုပြီး စကားပြောရတာ စိုစိုပြေပြေနဲ့ စိတ်ညစ်ညူးခဲ့တာတွေတောင် ပျောက်သွားသလိုပဲ။

ဒီရေအကြောင်း ပြောရင်းက… ဘယ်လိုကနေဘယ်လို ပင်လယ်ဝအကြောင်း၊ ပင်လယ်ပြင်အကြောင်းတွေဆီ ရောက်သွားပြီး ကိုလံဘတ်စ် အမေရိကတိုက်ဆီ ရွက်လွှင့်တဲ့အကြောင်းဆီကိုပါ ရောက် သွားတယ်၊ အဲဒီကနေတစ်ဆင့်… ကိုလံဘတ်စ် ကြက်ဥထောင်ပြတာဆီကို ရောက်သွားတယ်၊ ကြက်ဥကို ထောင်ဖို့ဆိုတာ





မလွယ်ဘူးလေ၊ ကြက်ဥရဲ့ အချွန်ဘက် အပေါ်ဘက်ကို အောက်မှာထားပြီး ထောင်ဖို့က ပိုခက်တယ်မဟုတ်လား၊ ကိုလံဘတ်စ်က ကြက်ဥကို စားပွဲမျက်နှာပြင်ပေါ်မှာ အခွံကြေရုံ ထုချေပြီး ထောင်ပြလိုက်တယ်။ ဒီလို သူထောင်ပြလိုက်တော့မှ တခြားသူတွေက ဒီလိုထုချေပြီး ထောင်ရင် တို့လည်း ထောင်လို့ရတာပေါ့လို့ ပြောကြတယ်။ သူတစ်ပါးက ရှေ့ကလုပ်ပြလိုက်ပြီးမှ နောက်လူတွေက ဒီလိုလုပ်ရင်တော့ တို့လည်း ဖြစ်တာပေါ့လို့ အကြံရကြတာ မဟုတ်လား၊ ဒါကိုပြောချင်လို့ ကိုလံဘတ်စ်က ကြက်ဥကို ခုလို ထောင်ပြလိုက်တာ၊ သူ သွားသလို သူ့ခရီးစဉ်ကိုသွားရင် သူ ရောက်သလို ရောက်မှာပေါ့။ အဆန်းမဟုတ်ပါဘူးလို့ ကိုလံဘတ်စ်ရဲ့ ခရီးကို သရော်လှောင်ပြောင်ခဲ့ကြတဲ့သူတွေကို ကိုလံဘတ်စ်က ပညာပေးလိုက်တာပဲ။ ကိုလံဘတ်စ် သွားပြလိုက်တော့မှ တစ်ခြားသူတွေဟာ အခုလို စိတ်ကူးပေါ်လာတာ မဟုတ်လား။ လူမိုက်နောက်မှ အကြံရ…ဆိုတဲ့သူတွေလေ။

အောင်မြင်သူနဲ့ မအောင်မြင်တဲ့သူတွေရဲ့ ခြားနားချက်ဟာ ကိုလံဘတ်စ်ရဲ့ ကြက်ဥထောင်ပြတဲ့ အဖြစ်အပျက်အတိုင်းပဲ။ တစ်ခြားသူတစ်ဦး အောင်မြင်ဖြစ်ထွန်း ကျော်ကြားသွားတဲ့အခါမှာ “ဟာ တို့လည်း ဒီလိုလုပ်ဖို့ စိတ်ကူးရသားပဲ”လို့ ပြောတတ်ကြတယ်။ အောင်မြင်သူနဲ့ မအောင်မြင်သူ ခြားနားတာက ဘာလဲဆိုတော့ အောင်မြင်သူဟာ သူရတဲ့ စိတ်ကူးအကြံအစည်ကို တကယ် လက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်တယ်။ ဒါကြောင့် တခြားသူတွေကို ဖြတ်ကျော်ပြီး သူက အောင်မြင်ကျော်ကြားသွားတာ၊ ကိုလံဘတ်စ်ကိုလည်း ဒါကြောင့် ဒီနေ့အထိ နယ်သစ်တွေ့သူအဖြစ် ကျော်ကြားထင်ပေါ်ဆဲ ဖြစ်နေတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥထောင်ခြင်းအကြောင်း ပြောနေတုန်းမှာ နောက်တစ်ဦးက ကြက်ဥခွဲရခြင်းအကြောင်း ဝင်ပြောပြန်ပါရော…၊ တစ်စုံတစ်ရာကို လိုချင်ရင် တစ်စုံတစ်ရာကို စွန့်လွှတ်အနစ်နာခံလိုက်ရတာမျိုးတွေရှိတယ်။ ကြက်ဥမွှေကြော် စားချင်ရင် ကြက်ဥခွံကိုတော့ ခွဲလိုက်ရတာပဲ မဟုတ်လားလို့ဆိုတော့ နောက်တစ်ဦးက ဘုရားပြီးတဲ့အခါမှာ ငြမ်းကတော့ အဖျက်ခံရတဲ့သဘောနဲ့ မတူဘူးလား…လို့ ဝင်ပြောပြီး သူနဲ့ သဘောတူမတူကို အတင်းစုံစမ်းနေပြန်တယ်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဖို့အတွက် ဟီရိုရှီးမားနဲ့ နာဂါဆာကီမြို့တွေ အဖျက်ခံရသေးတယ် မဟုတ်လားလို့လည်း သူက ထပ်ဆင့်ဆင်ခြေလဲနေပြန်တယ်။ စကားလုံးအကြီးကြီးတွေနဲ့ လောကလူမှုပြဿနာကြီးတွေအကြောင်းကို သူက စကားတန်ရှည်နေတော့… နောက် မိတ်ဆွေတစ်ဦးက…

"ခင်ဗျားဟာတွေ တော်ပါတော့ဗျာ၊ သူလည်းအကျိုးရှိကိုယ်လည်းအကျိုးရှိတဲ့ ပြဿနာဖြေရှင်းမှုမျိုးကို ရွေးပြီးပြောရင်မကောင်းဘူးလား"လို့ စကားစတယ်၊ ဒီလိုစပြီးတော့… "ပန်းခင်းကြီးထဲကို ပျားတွေရောက်လာကြတဲ့အခါမှာ ပျားတွေနဲ့ ပန်းတွေနဲ့တော့ ပြဿနာတက်တော့မှာပဲ၊ ပန်းတွေတော့ ပျက်စီးကုန်တော့မှာပဲလို့ ထင်မှတ်ယ်ရာရှိတယ်၊ ဒါပေမဲ့… တကယ်က ပျားတွေ ဝတ်ရည်ယူရင်းနဲ့ ဝတ်မှုန်တွေကူးတော့ ပန်းခင်းကြီးက အပွင့်တွေနဲ့ ပိုပြီးဝေဆာ လှပသွားတယ်၊ နှစ်လိုဖွယ်၊ ငြိမ်းချမ်းဖွယ် ပန်းခင်းကြီးအဖြစ် ရောက်သွားတယ်။ ပျားတွေလည်း သူတို့ သယ်ယူလိုတဲ့ ပန်းဝတ်ရည်တွေ ရသွားတယ်။ အဲဒီလို နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းစွာနဲ့ ပြဿနာ ပြေလည်သွားတာတွေလည်း ရှိပါသေးတယ်ဗျာ"ဆိုပြီး စိတ်လိုလက်ရ ငြိမ်းချမ်းရေးစကားတွေကို သူက တစ်ထွေးတစ်မွေ့





ကြီး ပြောတယ်။ သူ့စကားတွေက ရှည်လွန်းနေလို့ ဖြတ်ချင်တဲ့အနေနဲ့လား မသိပါဘူး။

ကြက်ဥထောင်တဲ့အကြောင်းပြောတဲ့ မိတ်ဆွေက ဝင်ပြောတယ်။ "ကြက်ဥကို အမိုပြုပြီးတော့လည်း ခင်ဗျားရဲ့ အယူအဆမျိုးတွေ ရနိုင်ပါတယ်ဗျ"တဲ့။ ဒီလိုပြောပြီး သူက ရှင်အဂ္ဂသမာဓိရဲ့ အရေးအဖွဲ့ကို ရွတ်ဆိုတယ်၊ သူ့မှတ်ဉာဏ်ကောင်းတုန်းပဲကို။

**လူတို့၌တွင်**

**မယားလင်ကား**

**အကြင်ကြက်ဥ**

**ခွဲစမှုလျက်**

**ရောရတကွ**

**ညီညွတ်မှဟု**

**မိဘစကား၊ ရှေးစဉ်လျားဖြင့်…**

ဒီလိုရွတ်ဆိုပြီး သူက "ကြက်ဥကလေးခွဲတာတောင် လင်နဲ့မယား ညီညွတ်ရမယ်တဲ့ဗျ။ တစ်ခြားလူမှုကိစ္စတွေ၊ လူမှုပြဿနာဖြေရှင်းရာတွေမှာ တစ်ဦးနဲ့တစ်ဦး တစ်ဖက်နဲ့တစ်ဖက် ညီညွတ်ဖို့ဟာ အရေးကြီးပြီပေါ့ဗျာ၊ ကြီးမှကြီးပေါ့။ ညီညွတ်ရင် ဘက်စုံအကျိုးရှိနိုင်ပါတယ်ဗျာ"တဲ့၊ အားပါးတရ ပြောနေတယ်။


မိတ်ဆွေတွေရဲ့ စကားတွေထဲမှာ ယူတတ်ရင် ယူစရာတွေရှိနိုင်ပါတယ်ဆိုတဲ့ အတွေးနဲ့ ညနေက အချိန်ကုန်ခဲ့တာတွေကို နောင်တရမနေတော့အောင် ဖြေသိမ့်လိုက်ပါတယ်။

[ရုပ်ရှင်အမြုတေ၊ အတွဲ (၁)၊ အမှတ် (၄)၊ ဇူလိုင်လ ၂၀၀၄]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပရိယာယ်

## (၁)

"သူတစ်ပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို (အနည်းငယ်မျှ) မဆုတ်ယုတ်စေရာ၊ မိမိ အကျိုးစီးပွားကိုသိ၍ မိမိ၏ အကျိုးစီးပွားကို တိုးပွားအောင် လေ့ကျက်အားထုတ်ရာ၏"၊ (၁၆၆၊ ဓမ္မပဒ) ဆိုတဲ့ စကားရှိတယ်။ သူများအတွက်ကြောင့် ကိုယ့်ရဲ့အကျိုးစီးပွားကို မပျက်စီးစေရဘူးလို့ ဆိုလိုတာဖြစ်ပါလိမ့်မယ်။

ဟုတ်တယ်။ ကိုယ့်ဘဝမှာ တစ်ခြားတန်ဖိုးရှိတဲ့ အလုပ်တွေ အများကြီး လုပ်စရာရှိသေးတယ်။ ကုသိုလ်ကောင်းမှုဆိုင်ရာတွေကို လည်း လုပ်ဆောင်စရာတွေ ရှိနေသေးတယ်။ ဒါကြောင့် သူတစ်ပါးရဲ့ အကျိုးစီးပွားအတွက်ကြောင့် ကိုယ့်ဘဝကို ထိခိုက်ပျက်စီးသွားစေတာမျိုးကိုတော့ ရှောင်ဖို့လိုမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ဒုက္ခပေးမည့်၊ ကိုယ့်ဘဝကို ဖျက်ဆီးမည့်သူတွေနဲ့ တွေ့ကြုံရတဲ့အခါမှာလည်း ကိုယ့်ဘဝကို အချည်းနှီး ထိခိုက်ပျက်စီး မသွားရအောင် အဲဒီလူမျိုးတွေလက်က လွတ်အောင် စွမ်းဆောင်ရ တော့မှာပဲ။ တချို့သော အခြေအနေမျိုးတွေမှာ ကိုယ့်ဘဝကို ပျက်စီး အောင် ဖန်တီးမည့်သူမျိုးတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ရတ်တရက် တိုက်ရိုက်ရင်ဆိုင် အံတုပြီး ခြေမှုန်းမပစ်နိုင်တာမျိုး ရှိတတ်တယ်။ ဒီလိုအခြေအနေမျိုးတွေမှာ ပရိယာယ်သုံးပြီး ကျော်လွှားလွန်မြောက် အောင် လုပ်ရတာမျိုးလည်း ရှိမှာပဲ။

ကိုယ့်ဘဝကို ပျက်စီးစေမည့်သူမျိုးတွေရဲ့ အန္တရာယ်က လွတ်နိုင်တဲ့ ပရိယာယ်အကြောင်း ပြောတဲ့အခါမှာ ဇာတ်တော်မှာလာ တဲ့ 'ဝါနရိန္ဒ'ဆိုတဲ့ဇာတ်ကို ရှေးရှေးလူကြီးသူမတွေက အကိုးအကား ပြုပြီး ပြောလေ့ရှိတယ်။ အဲဒီဇာတ်ထဲက ဇာတ်ကောင်တွေ က လူသတ္တဝါတွေတော့ မဟုတ်ကြပါဘူး၊ တိရစ္ဆာန်ဇာတ်ကောင်တွေ ဖြစ်ပါတယ်။ ဘုရားလောင်း မျောက်မင်းရယ်၊ ဒေဝဒတ် အလောင်း အလျာ မိကျောင်းဖိုနဲ့ စိဥ္စမာနအလောင်းဖြစ်တဲ့ မိကျောင်းမ… အားလုံး ဇာတ်ဆောင်သုံးဦးပဲ ပါပါတယ်။

ဘုရားလောင်း မျောက်မင်းက မြစ်ကမ်းနားမှာနေတယ်။ အဲဒီ မြစ်ရဲ့ အလယ်မှာ ကျွန်းတစ်ခုရှိနေတယ်၊ အဲဒီကျွန်းမှာ သရက်ပိန္နဲ အစရှိတဲ့ ထူးထူးခြားခြား စားသောက်ချင်ဖွယ်ကောင်းတဲ့ သစ်သီး ဝလံတွေရှိတယ်။ ဘုရားလောင်းမျောက်ဟာ နေ့တိုင်းပဲ အဲဒီကျွန်းကို သွားပြီး နှစ်သက်ရာရာ သစ်သီးဝလံတွေကို စားလေ့ရှိတယ်။ ကျွန်း ပေါ်ကို ဘုရားလောင်း သွားပုံသွားနည်းကို ပြောရဦးမယ်။ ဘုရား လောင်းမျောက်နေတဲ့ ဒီမှာဘက်မြစ်ကမ်းနဲ့ ပြောခဲ့တဲ့ကျွန်းကြားမှာ မြစ်ရေထဲက ပေါ်ထွက်နေတဲ့ ကျောက်ဆောင်တစ်ခုရှိတယ်။ ဘုရား





လောင်းမျောက် သွားပုံက… ဒီမှာဘက်မြစ်ကမ်းမှနေပြီး ကျောက် ဆောင်ပေါ်ရောက်အောင် ခုန်တယ်၊ တစ်ခါ… ကျောက်ဆောင်ပေါ် ကနေပြီး ကျွန်းပေါ်ကို ရောက်အောင်ခုန်တယ်။ အဲဒီလို နှစ်ဆင့်ခုန်ပြီး ကျွန်းပေါ်ရောက်အောင်သွားသလို အပြန်မှာလည်း ကျွန်းမှ ကျောက် ဆောင်၊ ကျောက်ဆောင်မှ ဒီဘက်ကမ်းရောက်အောင် နှစ်ဆင့်ခုန်ပြီး ပြန်လာလေ့ရှိတယ်။

အဲဒီလို ဘုရားလောင်းမျောက် အသွားအပြန် လုပ်တာကို အဲဒီမြစ်မှာနေတဲ့ မိကျောင်းမက မြင်တယ်။ မြင်ပြီးတော့ ဘုရား လောင်းမျောက်ရဲ့ နှလုံးသားကို စားချင်တဲ့စိတ်တွေဖြစ်တယ်။ ဒီလို စားချင်စိတ်တွေ ဖြစ်နေကြောင်းကို သူ့လင်မိကျောင်းဖိုကို ပြောပြ တယ်။ မိကျောင်းဖိုက သူ့မယား မိကျောင်းမရဲ့ စားချင်ဆန္ဒကို ဖြည့်ဆီးပေးမည့်အကြောင်း ပြောတယ်။

ဒါနဲ့ တစ်နေ့သော ညနေမှာ ဘုရားလောင်းမျောက် ကျွန်း ကနေပြီး ပြန်ခုန်အလာမှာ အဆင်သင့်ဖမ်းမယ်ဆိုတဲ့ အကြံနဲ့ မိ ကျောင်းဖိုဟာ ကျောက်ဆောင်ပေါ်မှာ သွားပြီးဝပ်နေတယ်။

ဘုရားလောင်းမျောက်ဟာ အရင်ရက်တွေကလိုပဲ သစ်သီး ဝလံတွေကို လိုသလောက် စားသောက်ပြီးလို့ ညနေချမ်း ရောက်တဲ့ အခါမှာ ဒီမှာဘက်ကမ်းကို ပြန်ဖို့အတွက် ကျွန်းမှနေပြီး ကျောက် ဆောင်ဆီကို ခုန်မယ်ဆိုပြီး ကျောက်ဆောင်ဆီကို လှမ်းမျှော်ကြည့် လိုက်တယ်။ ကျောက်ဆောင်မှာ ထူးခြားချက်ရှိနေတာကို ဘုရား လောင်းမျောက် သတိထားမိနေတယ်။ ကျောက်ဆောင်ဟာ ခါတိုင်း နဲ့မတူဘဲ ပိုပြီးမြင့်မောက်နေတယ်ဆိုတဲ့ အချက်ကို တွေ့နေတယ်။ မြစ်ရေဟာ လျော့လဲမလျော့ တိုးလည်းမတိုးဘဲ ရှိပါလျက်နဲ့ ဘာ ကြောင့် ဒီကျောက်ဆောင်ဟာ ခါတိုင်းထက်ပိုပြီး ကြီးနေမြင့်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာလဲလို့ စူးစမ်းတယ်။ ငါခုန်လာရင် ဖမ်းဖို့အတွက် မိကျောင်းဟာ ဝပ်နေလေသလားလို့လည်း စူးစမ်းကြည့်တယ်။ မှန်မမှန် သိရအောင်ဆိုပြီး ဘုရားလောင်းမျောက်ဟာ ကျွန်းပေါ်ကနေပြီး "အို အချင်းကျောက်ဆောင်"လို့ လှန်းပြီးခေါ်ကြည့်တယ်၊ ကျောက်ဆောင်က ဘယ်ထူးလိမ့်မတုန်း၊ ဘုရားလောင်း မျောက်က ကျောက်ဆောင်ကို သုံးကြိမ်တိုင်တိုင် လှမ်းခေါ်လို့ ပြန်မထူးတဲ့အခါမှာ ဘုရားလောင်းမျောက်က "ဒီနေ့ ငါ့ကို သင်ကျောက်ဆောင် ဘာဖြစ်လို့ ပြန်ပြီး စကားမတုံ့လှယ်တာလဲ"လို့ ကျောက်ဆောင်နဲ့ အရင်ကလည်း စကားလက်ဆုံကျတဲ့သဘောနဲ့ ပြောနေတယ်။ ဒါကို ဝပ်နေတဲ့မိကျောင်းက... အရင်နေ့တွေက ကျောက်ဆောင်ဟာ မျောက်နဲ့ စကားတုံ့ပြန် ပြောဆိုပုံပေါ်တယ်၊ ဒီတော့ ငါ့ကိုလည်း ကျောက်ဆောင်အနေနဲ့ မှတ်ယူအောင် စကားတုံ့ပြန်မှပဲဆိုပြီး...

"အို... အရှင်မျောက်၊ ဘာပြောမှာလဲ"လို့ တုံ့ပြန်လိုက်တယ်။ ဘုရားလောင်းမျောက်ဟာ ကျောက်ဆောင်ပေါ်မှာ ဝပ်နေတာဟာ မိကျောင်းပဲလို့ အသေအချာ သိသွားပြီပေါ့။ ဒါနဲ့ "ဘာကြောင့် ကျောက်ဆောင်ပေါ်မှာ အခုလိုလာပြီး ဝပ်နေတာလဲ"လို့ မေးတယ်။ မိကျောင်းက "ငါ့မယား မိကျောင်းက သင့်နှလုံးသားကို စားလိုတယ်ဆိုလို့ သင့်ကို ဖမ်းဖို့ဝပ်နေတာ"ဖြစ်တဲ့အကြောင်း ပြောတယ်။

ဘုရားလောင်း မျောက်ရဲ့ အဖြစ်ကိုကြည့်ရင်... နေကလည်း မှောင်စပြုလာပြီ၊ ဒီကျွန်းကနေပြီး မိကျောင်းရန်ကလွတ်အောင် တစ်ခြားလမ်းလည်း မရှိဘူး၊ ဒါကြောင့် ဘုရားလောင်းမျောက်က ပရိယာယ်နဲ့ မိကျောင်းကို "အဆွေမိကျောင်း၊ သင့်မယားရဲ့ အလိုဆန္ဒပြည့်အောင် ငါဟာ ငါ့ခန္ဓာကိုယ်ကို စွန့်ပါမယ်၊ ကဲ... သင့်ခံတွင်းကို ဟထားပါ၊ ငါ ခုန်လာတဲ့အခါ ငါ့ကို ဖမ်းလိုက်ပေတော့"





လို့ ပြောတော့ သူ့ပါးစပ်ထဲ ခုန်ဝင်မည့်မျောက်ကို အသင့်ဖမ်းဖို့ ပါးစပ်ကို ဟထားတယ်။ ဘုရားလောင်းမျောက်ဟာ မိကျောင်းရဲ့ ဦးခေါင်းပေါ်တည့်တည့်ကျအောင် ခုန်တယ်။ မိကျောင်းရဲ့ ဦးခေါင်းပေါ်ကို ထောက်စရာရပြီးတဲ့နောက် လျှပ်ပြက်သလို လျှင်မြန်မှုနဲ့ မြစ်ကမ်းဆီကို ဆက်ပြီးခုန်သွားတယ်။

ဒီနည်းအားဖြင့် ဘုရားလောင်းဟာ မိကျောင်းရဲ့ အန္တရာယ်ကနေပြီး လွတ်မြောက်လာခဲ့တယ်။

ဆိုခဲ့တဲ့အတိုင်း လူကြီးသူမတွေဟာ ဒီအဖြစ်အပျက်ကို ကိုးကားပြီး ဘေးရန်အန္တရာယ်တွေ ပြုလာမည့်သူတွေကို အောင်နိုင်လွှမ်းမိုးနိုင်ဖို့အတွက် ပရိယာယ်ကို သုံးအပ်တဲ့အကြောင်း ဩဝါဒပေးလေ့ရှိတယ်။ ဒီမှာ ဘုရားလောင်းမျောက် မိကျောင်းရဲ့ အန္တရာယ်က လွတ်ခဲ့တာဟာ ပရိယာယ်လေးမျိုးကြောင့် ဖြစ်တယ်တဲ့။

ပရိယာယ်ဆိုတာကို 'ဥပါယ်'လို့လည်း သုံးနှုန်းကြသေးတယ်။ ပရိယာယ်ဆိုတာ 'ရန်အောင်ကြောင်းနည်း' ရန်သူကို အောင်နိုင်စေတဲ့နည်းလို့ အနက်ဖွင့်ကြတယ်။ လတ်တလော ဉာဏ်သုံးပြီး အန္တရာယ်ပြုသူကို လွှမ်းမိုးအောင်နိုင်ခြင်း နည်းလမ်းလို့လည်း ဆိုတတ်ကြတယ်။

ပြောခဲ့တဲ့ ဝါနရိန္ဒဇာတ်ကိုကြည့်ရင် ဘုရားလောင်းမျောက်ဟာ ပရိယာယ် ၄ မျိုးကို သုံးခဲ့ရာ ရောက်တယ်တဲ့။ ဘယ်လိုလေးမျိုးလဲ ဆိုတော့ (၁) သစ္စာ၊ (၂) ဓမ္မ၊ (၃) ဝီရိယ၊ (၄) စာဂ ဆိုတာတွေပဲတဲ့။

(၁) သစ္စာဆိုတာကို ဒီဇာတ်မှာတော့ သူတစ်ပါး ယုံကြည်လာအောင် ကျသွားအောင် ပြောနိုင်တာကို ဆိုလိုတယ်။ မိကျောင်းယုံသွားအောင် ပြောနိုင်တဲ့အတွက် မိကျောင်းဟာ ယုံယုံကြည်ကြည်နဲ့ ပါးစပ်ဟပြီး စောင့်နေတာ...



www.burmeseclassic.com

www.burmeseclassic.com



(၂) ဓမ္မဆိုတာက ဘယ်လိုလုပ်ရင်တော့ လွတ်မြောက်နိုင်မယ်ဆိုတာကို သိတဲ့ဉာဏ်ကို ဆိုလိုတာ၊ အကြံကောင်းဉာဏ်ကောင်းရှိတာ၊ အမြော်အမြင်ရှိတာ၊ ကြံရည်ဖန်ရည်ရှိတာ ဖြစ်ပါလိမ့်မယ်။ ဘုရားလောင်းမျောက်ဟာ မိကျောင်း ပါးစပ်ဟနေတဲ့အခါ သူ့ဦးခေါင်းပေါ်ကျအောင် ခုန်ရမယ်၊ ဒါမှ ထောက်တည်ရာရပြီး မြစ်ကမ်းဆီကို ဆက်ခုန်နိုင်မယ်... စသဖြင့် မြော်မြင်တတ်တာ ဖြစ်လိမ့်မယ်။

(၃) ဝီရိယကတော့ မလျော့တဲ့စိတ်၊ မကြောက်မရွံ့ မတွန့်ဆုတ်တဲ့စိတ်နဲ့ ကြိုးစားလုပ်ဆောင်တာဖြစ်မယ်၊ ဘုရားလောင်းဟာ စိတ်ခိုင်ကြည် ရဲရင့်စွာနဲ့ မိကျောင်းရဲ့ ဦးခေါင်းပေါ်ကျအောင် ခုန်ခဲ့တာပဲ။ ခေါင်းပေါ်ကျပါမှ ထောက်ပြီး တစ်ဖက်မြစ်ကမ်းကို ဆက်ခုန်နိုင်မှာ မဟုတ်လား။

(၄) စာဂ ဆိုတာကို ဒီဇာတ်မှာတော့ စွန့်လွှတ်စွန့်စားခြင်းကို ဆိုလိုတယ်လို့ ပညာရှင်အချို့က ဆိုကြတယ်။ တခြားနေရာ တခြားအခြေအနေတွေမှာတော့ ပေးကမ်းခြင်းအားဖြင့် လူတွေအပေါ် အနိုင်ယူခြင်းသဘောရှိတယ်။ ဘုရားလောင်းမျောက်ဟာ တကယ်တော့ မိကျောင်းရဲ့ ဦးခေါင်းပေါ် ရောက်အောင် ခုန်ရတယ်ဆိုတာဟာ တကယ့် စွန့်စားချက်ပါပဲ။ လွဲချော်သွားရင် ဒုက္ခတွေအများကြီး ရောက်စရာတွေရှိတယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ရန်သူတွေကပေးလာတဲ့ အန္တရာယ်တွေကို ကျော်လွှားရာမှာ စွန့်စားဖို့က လိုတာပဲ။

ဘုရားလောင်းဟာ မိကျောင်းရဲ့ အန္တရာယ်ကနေ လွတ်ခဲ့တာဟာ ဆိုခဲ့တဲ့ ပရိယာယ်လေးခုကြောင့်ဖြစ်တယ်။ ဒီမှာ... တချို့က ပရိယာယ်သုံးတာဟာ လိမ်ညာလှည့်စားခြင်း မဟုတ်ဘူးလား။ လိမ်ညာခြင်းဟာ အပြစ်ဖြစ်စေတယ်၊ အကုသိုလ်ဖြစ်စေတယ် မဟုတ်ပါလားလို့ မေးတတ်ကြတယ်။ တစ်ဖက်သားကို သေကြေလောက်





အောင်၊ ဘဝပျက်လောက်အောင် မထိခိုက်စေဘဲ ဒီတစ်ဖက်သားရဲ့ ရက်စက်ယုတ်မာမှုကနေပြီး လွန်မြောက်အောင် ပရိယာယ်သုံးခြင်းဟာ အပြစ်ကြီးလေးမှု မရှိနိုင်ဘူးလို့ ထင်ပါတယ်။ ပရိယာယ်သုံးတဲ့အခါမှာ စေတနာက တစ်ဖက်သားကို သေစေ၊ ပျက်စီးစေရယ်လို့ သဘောမထားရင် ကြီးလေးတဲ့ အကုသိုလ် မဖြစ်နိုင်ဘူး။ ကိုယ့်ကို သူက သေအောင်၊ ဘဝပျက်အောင် ဖျက်ဆီးမည့်အဖြစ်က လွတ်အောင် ကိုယ်ကစွမ်းဆောင်နိုင်တဲ့အတွက် သူ့အတွက် အကျိုးပြုရာတောင် ရောက်တယ်လို့ ဆိုရမယ်။ ကိုယ့်ကြောင့် သူမှာ ပါဏာတိပါတစတဲ့ ကြီးလေးတဲ့ အကုသိုလ်ပြုခြင်းမှ သူ့ကို လွတ်သွားစေခဲ့တယ် မဟုတ်လား။

စေတနာအလိုဆိုးနဲ့ ပရိယာယ်သုံးရင်တော့ အပြစ်ရှိတယ်လို့ပဲ ဆိုနိုင်ပါတယ်။

လူ့လောကမှာ လူမှုပြဿနာတွေက အရှုပ်သားလား။ နီတိဆရာတွေ ပြောတတ်တာရှိတယ်။ ဘာလဲဆိုတော့ တောကြိုတောင်ကြားမှာ မြက်ကိုစားရင်းနဲ့ အေးချမ်းစွာနေ နေတဲ့ သားသမင်ကို သတ်ဖြတ်မည့် မုဆိုးက ရှိနေတတ်တယ်တဲ့၊ ဟုတ်မှာပဲ။ ဘာရန်ညှိုးမှ မုဆိုးအပေါ်မှာ မရှိရှာတဲ့ သားသမင်ကို မုဆိုးကလာပြီး ရန်ရှာတာ၊ အသေသတ်ဖို့ ရောက်လာတတ်တာလိုပဲတဲ့ လူ့လောကမှာလည်း ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေပေမဲ့ ကိုယ့်ကို ရန်ရှာလာသူတွေ ပေါ်လာတတ်တာပဲ။ လူ့အဖွဲ့အစည်းတွေမှာလည်း ဒီအတိုင်းပဲ။ လူ့အဖွဲ့အစည်း တစ်ရပ်ဟာ သူတို့နည်း သူတို့ဟန်နဲ့ အေးချမ်းစွာ နေနေပေမဲ့ အဲဒီအဖွဲ့အစည်းကို အနိုင်ယူချင်တဲ့သူတွေ၊ အဲဒီအဖွဲ့အစည်းရဲ့ နေရာဒေသကို ပိုင်ဆိုင်ချင်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတတ်တာပဲ။ ဒီလိုပေါ်လာပြီး မိမိအဖွဲ့အစည်းကို ဖြိုခွဲအနိုင်ယူချင်သူတွေဟာ ဖြိုခွဲနည်း ပရိယာယ်တွေကို သုံးကြတာပဲ။ ရှေးခေတ်က… အဖွဲ့အစည်းတစ်ခုက အခြားအဖွဲ့အစည်းတစ်ခုကို အနိုင်ယူချင်ရင် ‘ဘေဒဥပါယ်’ ဆိုတာကို သုံးကြတယ်တဲ့။ ဘေဒဥပါယ်ဆိုတာက… အနိုင်ယူလိုတဲ့ အဖွဲ့အစည်းရဲ့ စည်းလုံးညီညွတ်မှုကို ပြိုကွဲအောင် ဖြိုခွဲတဲ့နည်းကို ဆိုလိုတာ။ ‘ဘေဒဥပါယ်’ကလည်း အမျိုးအစား ၃ မျိုးရှိတယ်။ ပထမအမျိုးအစားကတော့ အချစ်ပျက်ပြယ်အောင်လုပ်တဲ့ ပရိယာယ်ကို ဆိုလိုတယ်။ အဖွဲ့အစည်းထဲမှာ အချင်းချင်း သင့်တင့် ညီညွတ်နေရင် စည်းလုံးနေရင် အဲဒီအဖွဲ့အစည်းကို အနိုင်ယူဖို့ မလွယ်ဘူး။ ဒါကြောင့် အဲဒီအဖွဲ့အစည်းအင်အားဆုတ်ယုတ်သွားအောင် တစ်ဦးနဲ့တစ်ဦး အထင်အမြင်တွေလွဲအောင်၊ သဘောထားတွေ ကွဲလွဲအောင် ကုန်းတိုက်စကားတွေနဲ့ သွေးခွဲတဲ့နည်းဖြစ်တယ်။ ဗုဒ္ဓစာပေတွေမှာ တွေ့ဖူးမှာပဲ။ ဘာလဲဆိုတော့ မင်းဖြစ်သူက ဝဿကာရပုဏ္ဏားကို စေလွှတ်ပြီး ဝေသာလီမင်းသားတွေကို အချင်းချင်း၊ အချစ်ပျက်အောင်၊ ညီညွတ်ခြင်းပျက်စီးအောင် ပြုလုပ်ခဲ့ဖူးတယ်။

ဒုတိယနည်းကတော့ ဗိုလ်ပါအင်အား၊ လက်နက်အင်အား၊ ငွေအင်အား စသည်တို့ကိုပြပြီး အရှိန်နဲ့တစ်ဖက်အဖွဲ့အစည်းကလူတွေကို ကြောက်လန့်စေတာ၊ ဒီလိုကြောက်လန့်ပြီး သူတို့ဘက်ကို ဝင်ရောက်လာစေခြင်းဖြင့် တစ်ဖက်အဖွဲ့အစည်းရဲ့ စည်းလုံးမှုကို ပျက်စေတဲ့နည်းဖြစ်တယ်။ တတိယနည်းကတော့ ကြိမ်းဝါးခြင်း၊ ခြိမ်းခြောက်ခြင်းမျိုးစုံနဲ့ တစ်ဖက်အဖွဲ့အစည်းရဲ့ ညီညွတ်မှုကို ပျက်စေတဲ့နည်းဖြစ်တယ်။





ရှေးခေတ်က နီတိစာပေတွေမှာ ပရိယာယ်တွေနဲ့ ပတ်သက်ပြီး ဖော်ပြထားတာတွေ အများကြီးရှိတယ်။ ပရိယာယ်တွေကလည်း အမျိုးကိုစုံနေတာပဲ။

ဒီခေတ်ကြီးမှာလည်း တစ်ဦးကတစ်ဦးကို အဖွဲ့အစည်းတစ်ရပ်က အခြားအဖွဲ့အစည်းတစ်ရပ်ကို ပရိယာယ်တွေသုံးပြီး လွှမ်းမိုးအနိုင်ယူတာမျိုးတွေ ရှိနေမှာပါပဲ။ ကိုယ့်ကိုယ် ထိပါးလာတဲ့အခါ၊ ကိုယ့်အဖွဲ့အစည်းကို ထိပါးလာတဲ့အခါမှာ တုံ့ပြန်ရတာမျိုးတွေ ရှိတာပါပဲ။ ကိုယ့်ကို အနိုင်မယူနိုင်ဖို့အတွက်၊ ကိုယ့်အဖွဲ့အစည်းကို အနိုင်မယူစေနိုင်ဖို့အတွက် ထိပါးလာသူတွေထက်သာတဲ့ ပရိယာယ်တွေ၊ အသိသတိတွေ ရှိနေဖို့လည်း လိုမှာပါပဲ။ ကိုယ်ကျင့်တရားရှုထောင့်ကနေ ကြည့်ရင်တော့ စေတနာအလိုဆိုးနဲ့ တစ်ဖက်သူတွေ ပျက်စီးအောင် အသုံးပြုလာတဲ့ နည်းတွေကတော့ အလွန်အကုသိုလ်များတယ်လို့ ယူဆရမှာပဲ။ မိမိဘက်ကလည်း စေတနာအလိုဆိုး မဖြစ်ဖို့၊ နောင်တရလို့မဆုံးနိုင်အောင် မှားယွင်းတဲ့ နည်းပရိယာယ်တွေကို မသုံးမိဖို့ကိုတော့ သတိထားရမှာဖြစ်တယ်။

(၂)

အထက်ပါအကြောင်းအရာတို့ကို ပြောပြသူ၏ စကားဆုံးသောအခါ အခြားမိတ်ဆွေတစ်ဦးက “ဝဓဒဏ္ဍဥပါယ်” အကြောင်း စကားဆက်ပါသည်။ ဝဓဒဏ္ဍဥပါယ်၏ အနက်အဓိပ္ပာယ်ကို သူက အကျယ်တဝင့် ရှင်းပြသည်။ ထို့နောက် ဤဝဓဒဏ္ဍဥပါယ်ကို စေတနာအလိုဆိုးဖြင့် မှားယွင်းစွာ အသုံးပြုမိပါက အသုံးပြုမိသည့် အကုသိုလ်အပြစ် ကြီးလေးစွာကျရောက်နိုင်ကြောင်း၊ နောင်အခါ၌



www.burmeseclassic.com

www.burmeseclassic.com




လည်း မိမိ မှားယွင်းစွာပြုခဲ့မိခြင်းကို ဖြေဆည်လို့မရလောက်အောင် နောင်တတရားတို့ ရနေနိုင်ကြောင်း ရှင်းပြနေပါသည်။

ကျွန်တော်က ပရိယာယ်တွေအကြောင်း ပြန်ပြောင်းစဉ်းစားရင်း... ကိစ္စမြားမြောင် လူတို့ဘောင် ဆိုသည့်စကား၊ ပြဿနာရှုပ်လှ လူ့ဘဝ ဆိုသည့်စကားများအကြောင်းကို တမျှော်တခေါ် ထိုနေ့က တွေးတောမိနေပါသည်။

[Perfect သြဂုတ်၊ ၂၀၀၉]





www.burmeseclassic.com

www.burmeseclassic.com

# ရွေး မရွေး

(၁)

ရှိတ်စပီးယားရေးတဲ့ ဂျူးလိယက်ဆီဇာ ပြဇာတ်မှာ ဘရုတပ်စ် (Brutus) ကို ကက်ဆီးယပ်စ် (Cassius) ပြောလိုက်တဲ့စကားတစ်ခု ရှိတယ်။ သူပြောတာက လူတွေဟာ တစ်ခါတစ်ခါမှာတော့ ကိုယ့်ကံကြမ္မာကို ကိုယ်လိုသလို ဖန်တီးနိုင်တဲ့ အရှင်သခင်တွေလို ဖြစ်နေတတ်တယ်။ Men at sometimes are masters of their fate တဲ့။ စာသင်ခန်းနဲ့ ဝေးခဲ့တာ ကြာပြီဆိုတော့ ဒီစကားကို ခင်ဗျားတို့ မေ့ချင်မေ့နေမယ်။

အသက်တွေကြီးလာတဲ့အခါကျတော့မှ အဲဒီ ကက်ဆီးယပ်စ်ရဲ့စကားကို ကျွန်တော်က ခဏခဏ ကြားယောင်ပြီး တွေးစရာတွေလည်း အများကြီး ဖြစ်လာတယ်။

ကျွန်တော်တို့ဟာ တကယ့်ကိုပဲ ကျွန်တော်တို့ရဲ့ ကံကြမ္မာကို ကျွန်တော်တို့အလိုကျ စေစားပြဋ္ဌာန်းနိုင်သလား၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လုပ်သမျှကို တစ်ခုတစ်ခုက တစ်ဦးတစ်ယောက်က ပြဋ္ဌာန်းထားတာလေလား ဒီလိုတွေးစရာတွေ ဖြစ်လာတယ်။

တချို့ကတော့ လူသတ္တဝါတွေရဲ့ အပြုအမူတွေကို ဖန်ဆင်းရှင် တန်ခိုးတော်ရှင်က မူလအစကတည်းက ပြဋ္ဌာန်းပိုင်းခြားပေးလိုက်ပြီး ဖြစ်တယ်လို့ ယုံကြည်ကြတယ်။ ဒီမှာလည်း တွေးစရာ တစ်ခု ရှိလာတယ်။ ဘာလဲဆိုတော့…

လူတွေရဲ့ အပြုအမူမှန်သမျှ လုပ်ရပ်ဟူသမျှကို အစမူလကတည်းက တန်ခိုးတော်ရှင်က အဲဒီလိုပြုမူဖို့ အဲဒီလို လုပ်ကိုင်ဆောင်ရွက်ဖို့ ပြဋ္ဌာန်းသတ်မှတ်ပြီး ဖြစ်တယ်ဆိုရင်… ကျွန်တော်တို့ လူသတ္တဝါတွေမှာ ဘာမှရွေးချယ်ပိုင်ခွင့် မရှိဘူးလို ဖြစ်နေတယ်။ ကိုယ်လုပ်ချင်တာကို လုပ်နိုင်တဲ့ စိတ်ဆန္ဒလွတ်လပ်မှု (freedom of will) ဆိုတာ မရှိတော့ဘူး ဖြစ်နေတယ်။

အဲဒီလို ရွေးချယ်နိုင်တဲ့ လွတ်လပ်မှုမရှိဘဲ တန်ခိုးတော်ရှင် ပြဋ္ဌာန်းသမျှကိုသာ ပြုမူလုပ်ဆောင်နေရတယ်ဆိုရင် ကျွန်တော်တို့မှာ ကျွန်တော်တို့ရဲ့ အပြုအမူလုပ်ရပ်တွေအတွက် ဘာမှတာဝန် (responsibility) ယူစရာ မလိုတော့ဘူး ဖြစ်နေတယ်။ တခြားသူတစ်ဦးကို လိမ်ပြောမိလိုက်တာ၊ သူ့သိက္ခာကို နှစ်ပြားမှ မတန်အောင် ချလိုက်မိတာ၊ အဲဒီလူကို တခြားလူတွေနဲ့ ပြဿနာဖြစ်အောင် ကုန်းချောစကားတွေ ပြောလိုက်မိတာဟာ ကျွန်တော့်ကို တန်ခိုးတော်ရှင်က ပြဋ္ဌာန်းခဲ့တဲ့အတိုင်း ဒီလိုပြောရမယ့် အချိန်ကျလို့ ပြောဖြစ်သွားတာပဲ။ ကျွန်တော့် စိတ်ဆန္ဒအတိုင်း ပြောရတာ မဟုတ်တော့ ကျွန်တော့်မှာ အကောင်းအဆိုး ဘာမှတာဝန်မရှိဘူးလို ဖြစ်မနေဘူးလား။





သူများရဲ့ ပစ္စည်းကို ခိုးမိတာ၊ ငွေလိမ်ယူဖြစ်သွားတာ၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းမိတာ၊ သူတစ်ပါးရဲ့ သားမယားကို စော်ကားမော်ကား ပြုမိတာဟာလည်း အဲဒီအချိန်မှာ အဲဒီလိုလုပ်မိဖို့ ကျွန်တော့်မှာ ပြဋ္ဌာန်းခံခဲ့ရလို့ ပြုမူဖြစ်၊ လုပ်ဖြစ်သွားတာပဲ။ နောက်ဆုံး သူတစ်ပါးအသက်ကို သတ်တာဟာလည်း ကျွန်တော့်ကို အဲဒီ တန်ခိုးရှင်က ပြဋ္ဌာန်းထားခဲ့လို့ သတ်မိတာဖြစ်မနေပေဘူးလား။ ကျွန်တော့် စိတ်ဆန္ဒအတိုင်း လုပ်ရတာ မဟုတ်လို့ ကျွန်တော့်မှာ ဘာတာဝန်မှ မရှိဘူးလိုဖြစ်နေတယ်။ ကျွန်တော့်မှာ ဘာအပြစ်မှ မရှိဘူးလို ဖြစ်နေတယ်။

တချို့ကတော့ ဖန်ဆင်းရှင် တန်ခိုးတော်ရှင်ဆိုတဲ့နေရာမှာ 'ကြမ္မာ'ဆိုတဲ့ နိယာမတစ်ရပ်ကို အရှိတရားအဖြစ် လက်ခံထားတယ်။ အဲဒီ ကြမ္မာဆိုတဲ့ နိယာမက လူကို ဘယ်အချိန်မှာ ဘယ်လိုပြုမူဖို့၊ ဘယ်လိုဘဝမျိုးအဖြစ်မျိုးကို ရောက်ဖို့၊ ရဖို့အတွက် ပြဋ္ဌာန်းပေးထားတယ်လို့ ယုံတယ်။ အိန္ဒိယက ဂျိမ်းဝါဒကို လက်ခံသူတွေဟာ ဘယ်လိုယုံကြသလဲဆိုရင် လူကို ကံကြမ္မာက ဘယ်ဘဝမျိုးကိုရောက်မယ်၊ အဲဒီရောက်တဲ့ဘဝမှာ အဲဒီလူရဲ့ ရုပ်ရည်လှပမှု၊ မလှပမှု၊ ချမ်းသာမှု၊ ဆင်းရဲမှုတွေကိုလည်း ကံကြမ္မာက ပြဋ္ဌာန်းပြီး ဖြစ်တယ်။ အသက်တမ်း ဘယ်လောက်ကြာနေရမယ်၊ ဘယ်အချိန်မှာ ဘယ်လိုသေရမယ်ဆိုတာတွေကိုလည်း ကံကြမ္မာက ပြဋ္ဌာန်းပြီးသား ဖြစ်တယ်တဲ့။ ဒီလိုသာ လူဟာ ပြဋ္ဌာန်းခံထားရတဲ့ သတ္တဝါဖြစ်တယ်ဆိုရင် မိမိရဲ့ ဉာဏ်ပညာတွေ၊ ဝီရိယစွမ်းအားတွေကိုထုတ်ပြီး ကောင်းနိုးရာရာ ရွေးချယ်လုပ်ဆောင်နေဖို့ မလိုတော့ဘူးလို့ ယူဆရာ ရောက်သွားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာတွေဟာလည်း ဗုဒ္ဓဘာသာကို ကိုးကွယ်တယ်ဆိုပေမဲ့ နေ့စဉ်ဘဝထဲမှာ အဆင်ပြေတာလေးတွေနဲ့ ကြုံတွေ့ရင် 'ကံကောင်းတယ်'လို့ ပြောတတ်ကြတယ်။ အဆင်မပြေတာတွေ ဖြစ်ချင်တာ ဖြစ်မလာတာနဲ့ ကြုံတွေ့တဲ့အခါ 'ကံမကောင်းဘူး' လို့ ပြောတတ်ကြတယ်။ ဒီအပြောအဆိုမျိုးဟာ စောစောက ပြောခဲ့တဲ့ ပြဋ္ဌာန်းခံဝါဒမျိုး၊ အယူအဆမျိုးကို လက်ခံနေတဲ့သဘောထားမျိုး သက်ရောက်နေတယ်။ ကိုယ့်ဉာဏ်စွမ်း၊ ဝီရိယစွမ်းကို လုံလုံလောက်လောက် မထုတ်ချင်တဲ့သူတွေ ပြောတဲ့စကားမျိုးလည်း ဖြစ်နေတယ်။

ဉာဏ်အား၊ ဝီရိယအားမထုတ်ဘဲ အတိတ်ကံအပေါ်ပုံချ၊ အတိတ်ကံကို ရိုးမယ်ဖွဲ့ပြီး ဆင်းရဲနေသူတွေကို လယ်တီဆရာတော်ကြီးက မြင်ပြီး အလွန်အားမလိုအားမရ ဖြစ်ပုံပေါ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက သူ့ရဲ့ 'ရူပဒီပနီ' စာအုပ်မှာ ဘယ်လိုရေးထားသလဲဆိုတော့…

"လူမျိုး တစ်ပါးတို့နှင့် ဘာသာစကား ပြောဆိုကြရာ…

ဉာဏ်ဝီရိယကို လွှတ်ထား၍ ကံတစ်ခုတည်းနှင့် ပြောကြသဖြင့် မိမိဘာသာဘက်၌ လူမျိုးတစ်ပါး စိတ်သဘောကျေလည်အောင် မပြောနိုင်ဘဲ စောင်းမိစောင်းရာ စိတ်လိုက်မာန်ပါနှင့်သာ ပြီးကြသည်များကို မြော်မိသည်ဖြစ်၍ ကံတစ်ခုတည်းကိုသာ သန်သန်ယူသော လူမျိုးများသည် ဉာဏ်ဝီရိယမှုတို့၌ တင်းတင်းကျပ်ကျပ် မပြုကြသဖြင့် စည်းစိမ်ချမ်းသာတို့မှ ဆုတ်ယုတ်ဆွံ့ပါးသည်ကို မြင်ရသည်ဖြစ်၍… အာယုကပ်ဟု ဆိုအပ်သော အသက်တမ်းတို့၏ ဆုတ်ယုတ်ပုံကို တရားကိုယ်ရင်းနှင့်တကွ ခြားခြားနားနား မြင်ခဲ့လေလျှင် လူ့ရွာ၌ အသက်တိုမှု၊ ရှည်မှုများမှာ ကံဟောင်းသည်





ပမာဏမဟုတ်၊ အကြောင်းတစ်ပါးများစွာပင် ရှိပေသည်ဟု သဘောပေါက်…"

အဲဒီလို ဆရာတော်ကြီး ရေးသားထားတာမှာ အတိတ်ကံကို ချည်း ရိုးမယ်ဖွဲ့တတ်သူတွေကို တင်းတင်းမာမာနဲ့ ဆုံးမနေတဲ့အသံတွေ ပါနေသလိုပါပဲ။

ဗုဒ္ဓရဲ့ အဆုံးအမကို လိုက်နာတဲ့ မြန်မာတိုင်းသားတွေ အဖို့တော့ လူရဲ့အပြုအမူတွေကို တန်ခိုးတော်ရှင်က ပြဋ္ဌာန်းပေးလိုက်တယ်ဆိုတာကို ယုံမှာမဟုတ်ဘူး။ မိမိအပြုအမူ လုပ်ရပ်တွေအတွက် မိမိတို့မှာ တာဝန်ယူစရာ မရှိဘူးလို့လည်း ယုံမှာ မဟုတ်ပါဘူး။ ဗုဒ္ဓရဲ့အဆုံးအမကို တကယ်လက်ခံသူတွေဆိုရင်တော့ လူဟာ မိမိပြုမှု လုပ်ဆောင်တဲ့ အပြုအမူ လုပ်ရပ်တွေအတွက် မိမိမှာ တာဝန်ရှိတယ်။ မိမိပြုတဲ့ အပြုအမူအတွက် အကောင်းအဆိုးဟာ မိမိနဲ့ဆိုင်တယ်လို့ ယူဆပြီး တာဝန်ယူရဲသူတွေ ဖြစ်လာမှာပဲ။ ပြီးတော့ လူဟာ တစ်နည်းမဟုတ် တစ်နည်း ရွေးချယ်နေသူဖြစ်တယ်။ ရွေးချယ်ပြီး လုပ်ဆောင်နေသူဖြစ်တယ်။ အဲဒီလုပ်ဆောင်ချက်ဟာပဲ လူတစ်ဦးရဲ့ ဘဝရုပ်လုံးကို ပေါ်စေတာပဲ။ ရွေးချယ် လုပ်ဆောင်မှုဆိုတဲ့ အပြုအမူပေါ်မှာ မူတည်ပြီး လူဟာ အကောင်း အဆိုး ဖြစ်မှာပဲ။ လူဟာ အမြဲရွေးချယ်တယ်။ ဘာကိုမှ မရွေးချယ်ဘူး၊ မလုပ်ဘူး ဆိုပြီး နေတာဟာလည်း တကယ်တော့ 'မရွေးချယ်ဘူး' ဆိုတာကို ရွေးချယ်တာပဲ။ 'မလုပ်ဘူး'ဆိုတာကို ရွေးချယ်တာပဲ။ မလုပ်တော့လည်း မဖြစ်မြောက်ဘူးပေါ့။ ဒါကြောင့် ဉာဏ်စွမ်း၊ ဝီရိယစွမ်းတွေနဲ့ အကုသိုလ်ကင်းတဲ့ အလုပ်မျိုးကို ရွေးချယ်ပြီး လုပ်ရမှာပဲ။ ဘာမှမလုပ်ဘဲနေတော့မယ်ဆိုတာကို မရွေးချယ်ဘဲ အောင်မြင်အောင်လုပ်မယ်ဆိုတာကို ရွေးချယ်ပြီး လုပ်ဆောင်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်တွေကျပြီး တွေဝေငေးငိုင်နေခြင်းမျိုးကို မရွေးချယ်ဘဲ မလျှော့တဲ့စိတ်နဲ့ မဖြစ်မနေ လုပ်ဆောင်ကြိုးပမ်းနေခြင်းမျိုးကို ရွေးချယ်ရမှာပဲ။ ပဓာနပြောချင်တာကတော့ လူဟာ ရွေးချယ်ရမယ်။ ဉာဏ်စွမ်း၊ ဝီရိယစွမ်းတွေနဲ့ အကျိုးရှိတာတွေကို ရွေးချယ်ပြုမူလုပ်ဆောင်ရမယ်။ ဒါမှ ဗုဒ္ဓယဉ်ကျေးမှုရင်ခွင်မှာ ကြီးရင့်လာကြတဲ့ မြန်မာတိုင်းရင်းသား ပီသမယ်ဆိုတာကိုပါပဲ။

(၂)

အထက်ပါအကြောင်းအရာကို ပြောသူက သူ၏ ပြောဆိုမှုပြီးဆုံးသောအခါ သူနှင့် ရင်းနှီးခင်မင်ပုံရသည့် ပုဂ္ဂိုလ်များ၏ သားသမီးများကို ဘာကိုရွေးချယ်၍ ကြိုးစားဆောင်ရွက်မည်နည်း ဟူသော မေးခွန်းများကို မေးနေပါသည်။ ကျွန်တော့်ကို မေးလာလျှင် အဆင်သင့် ပြန်ဖြေဖို့ကိုလည်း တွေးဆထားပါသည်။ သို့ရာတွင် ထိုပြောဆိုသူက ကျွန်တော့်ကို ရွေးချယ်ဂရုစိုက်ပြီး မေးလိုဟန်ရှိပုံမပေါ်သောကြောင့် ထိုစကားဝိုင်းမှ မသိမသာ ထိုနေ့က ထွက်ခွာလာခဲ့ပါသည်။ အရွေးမှားပြီး အပြုမှားခြင်းကြောင့် အတောမသတ်နောင်တတွေရနိုင်ပုံကိုလည်း လမ်းတစ်လျှောက် တွေးတောလာခဲ့မိပါသည်။

[ Perfect ဖေဖော်ဝါရီ၊ 2009 ]





www.burmeseclassic.com

# ပြီးတော့မှ ...

(၁)

နောင်တဆိုတာဘာလဲ... နောင်တရတယ်ဆိုတာ ဘယ်လို ခံစားမှုမျိုးလဲ မေးလာရင် ရုတ်တရက် ဖြေဖို့တော့ အခက်သားလား၊ တချို့ကတော့လည်း... နောင်ကျမှ 'တ'ရတာဖြစ်လို့ 'နောင်တ'တဲ့ဗျ၊ 'တ'တယ်၊ 'တရတယ်'ဆိုတာ ဘာလဲလို့ ထပ်ဆင့်မေးလာရင်လည်း ဖြေရခက်မှာပဲ။ တတွေးတွေးနဲ့ ကိုယ်ပြုခဲ့တာတွေကို မှားတဲ့အပြုအမူတွေပဲလို့ တရေးရေးမြင်ပြီး တဖျစ်တောက်တောက် ပြောဆိုငြီးတွားရင်း မသာယာဖွယ် ခံစားမှုဖြစ်ရတာကို 'နောင်တ'လို့ ခေါ်ရမလား၊ နောင်တရတယ်ဆိုတာ အဲဒီကိုယ်မှားခဲ့တာတွေကို မြင်ယောင်ကြားယောင်ပြီး ဝမ်းနည်းဖွယ်ကြေကွဲဖွယ်စတဲ့ မသာယာတဲ့ ခံစားမှုတွေ ဖြစ်ရတာကို နောင်တရတယ်လို့ ခေါ်ရမလားပဲ။ တချို့ကတော့ နောင်တရတယ်ဆိုတာ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြုခဲ့ မှားတာတွေကို မှားခဲ့ပြီလို့သိတယ်။ သိရုံမျှမကဘူး၊ အဲ့ဒီမှားခဲ့တာကို ဘယ်လိုမှ ပြုပြင်လို့မရတော့ဘူးလို့ သိတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ မသာယာဖွယ် ခံစားရမှုတွေ ဖြစ်လာတာ ... လို့ ဆိုကြတယ်။

ကိုယ်အား... နှုတ်အားနဲ့ ပြုမိမှားတာတွေက ဘဝခရီးတစ်လျှောက်မှာ... အများကြီး ရှိနိုင်တော့ ရလိုက်မည့်နောင်တတွေက လည်း အများကြီးနဲ့ အမျိုးစုံရှိပေမှာပေါ့။ နောင်တမရစေဖို့အတွက် ပညာရှင်တွေဟာ အဆုံးအမ အမျိုးမျိုးပေးကြတယ်။

“... မစူးစမ်း မဆင်ခြင်ဘဲ မပြုအပ်၊ စူးစမ်းဆင်ခြင်၍ သာလျှင် ပြုအပ်၏။ မစူးစမ်း မဆင်ခြင်ဘဲ ပြုတတ်သောသူသည် နောင်အခါ၌ ... နှလုံးပူပန်ခြင်းသည် ဖြစ်တတ်၏”စသည်ဖြင့်ပေါ့... ဆုံးမစကား... သတိပေးစကားတွေ ပြောတတ်ကြတယ်။ မဆင်ခြင် မစဉ်းစားဘဲ ပြုတဲ့အပြုအမူတွေ ဆောင်ရွက်မှုတွေဟာ မှားတတ်တယ်။ မှားယွင်းပြီး ပြုမူဆောင်ရွက်မှုတွေကြောင့် နောင်အခါမှာ ပူပန်သောကတွေ ဖြစ်ရတယ်ပေါ့။

ရုရှားစာရေးဆရာကြီး တော်စတွိုင်းက နောင်တနဲ့ စပ်လျဉ်းတဲ့ ပုံပြင်ကလေးတစ်ပုဒ် ရေးပြခဲ့တာရှိတယ်။

ဟိုးရှေးခေတ်က ရုရှားက ဘုရင်တစ်ပါးဟာ တောကစား ထွက်လာတယ်။ သူနဲ့အတူ သူ့လက်ပေါ်မှာနားပြီး လိုက်လာတဲ့ အမဲလိုက် သိန်းငှက်တစ်ကောင်ပါတယ်။ ဒီသိန်းငှက်က ... ကောင်းစွာ လေ့ကျင့်ပေးထားတဲ့ သိန်းငှက်ဆိုတော့ ဖမ်းခိုင်းလိုက်တဲ့ သားကောင်ကို မလွတ်တမ်း ဖမ်းနိုင်တယ်။ ကိုယ့်သခင်ရဲ့ မျက်နှာရိပ်၊ မျက်နှာကဲကိုလည်း အင်မတန်သိတတ်တဲ့... သခင်ကိုလည်း အင်မတန် ခင်တွယ်တဲ့ သိန်းငှက်ဖြစ်တယ်။





သိပ်ကိုလျင်တဲ့ မြန်တဲ့ ယုန်တစ်ကောင်ကို ဘုရင်က အဲ့ဒီ သူ့သိန်းငှက်ကိုလွှတ်ပြီး ဖမ်းခိုင်းကြည့်တယ်။ သိန်းငှက်ဟာ ယုန်ကို မလွတ်တမ်း မိအောင်ဖမ်းယူလာတယ်။ ဖမ်းလိုတဲ့ တခြားသားကောင်တွေကိုလည်း သိန်းငှက်ကိုလွှတ်ပြီး ဖမ်းခိုင်းတယ်။ ဒီလို တောကစားရင်း ဘုရင်ဟာ သူ့ရဲ့ နောက်လိုက်နောက်ပါတွေနဲ့ အတော်ဝေးကွာသွားတဲ့ နေရာကို ရောက်သွားတယ်။ မကြာခင် ဘုရင်ဟာ ချုံနွယ်တွေဖုံးနေတဲ့ ကျောက်တောင်တစ်ခုအနားကို ရောက်သွားတယ်။ ချုံနွယ်တွေကိုဖြတ်ပြီး ကျောက်တောင်အပေါ်ဘက်ကနေပြီး စမ်းရေပေါက်တွေ တစ်ပေါက်ပြီးတစ်ပေါက် ကျနေတာကို ဘုရင်က မြင်တယ်၊ အဲဒီအချိန်မှာ ဘုရင်ဟာ တော်တော် ရေဆာနေတယ်။ လမ်းမှာပဲ ရေကလဲ ကုန်ခဲ့တယ်၊ ဒါကြောင့် ဘုရင်က သူစီးလာတဲ့ မြင်းပေါ်မှာပါလာတဲ့ ရေခွက်ကိုယူပြီး အဲ့ဒီ တစ်ပေါက်ပြီးတစ်ပေါက် ကျနေတဲ့ စမ်းရေကို ခွက်နဲ့ခံတယ်၊ ခွက်ပြည့်ခါနီးလို့ သောက်မယ်လို့ ဟန်ပြင်လိုက်တဲ့အခါမှာ သူ့ သိန်းငှက်က သောက်ရေခွက်ကို အတောင်နဲ့ ရိုက်ချပစ်လိုက်တယ်။ ဘုရင်ဟာ ရေဆာနေပြီဆိုတော့ သောက်ရခါနီး ပါးစပ်နားရောက်ခါမှ သိန်းငှက်ရဲ့ အတောင်ရိုက်ချက်ကြောင့် ရေတွေဖိတ်သွားတဲ့ အတွက် စိတ်တိုသွားတယ်။ ခွက်ပြည့်ဖို့ကလည်း တော်တော်ကြာစောင့်ရတယ်၊ ဘုရင်ဟာ နောက်တစ်ခါ ခွက်နဲ့ စမ်းရေပေါက်တွေကိုခံတယ်။ သောက်ရခါနီးမှာ သိန်းငှက်က အတောင်နဲ့ ခွက်ကို ရိုက်ချလိုက်ပြန်တယ်။ ခွက်ပြည့်ခါနီးလို့ ရေကို သောက်မယ်လုပ်တိုင်း သိန်းငှက်က အတောင်နဲ့ရိုက်လို့ချည်း ချနေတယ်။ နောက်ဆုံးတစ်ခါမှာတော့ ဘုရင်က အကြီးအကျယ် ဒေါသထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အတောင်နဲ့ ခွက်ကိုရိုက်တဲ့ သိန်းငှက်ကို ကျောက်တုံးနဲ့ ထုလိုက်တယ်။ သိန်းငှက်ခမျာ ပွဲချင်းပြီး သေပါရော။ အဲ့ဒီအချိန်မှာပဲ ဘုရင့်ရဲ့ နောက်လိုက်နောက်ပါတွေ အမြန်ရောက်လာကြတယ်။

ဘုရင့်ရဲ့ နောက်လိုက်အစောင့်တွေက ဘုရင်ကို စမ်းရေမသောက်ဖြစ်အောင် အလျှင်အမြန် တားလိုက်ကြတယ်။ အကြောင်းက ဘာလဲဆိုတော့ … ကျောက်တောင်အပေါ်ဘက်က စီးလာတဲ့ စမ်းရေထဲမှာ လူကို ချက်ချင်းသေစေနိုင်တဲ့ မြွေဆိပ်တွေ ပါနေတဲ့ အကြောင်း ပြောပြပြီး ဘုရင်ကို စမ်းရေမသောက်မိအောင် တားကြတာ ဖြစ်တယ်။

အဲ့ဒီအခါကျတော့မှ ဘုရင်က သဘောပေါက်သွားတယ်။ သူ့ရဲ့ သိန်းငှက်ဟာ သူ့ကို အဆိပ်မသောက်မိအောင် အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့တာပါလား … လို့ သိနားလည်လိုက်တယ်။ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့ သိန်းငှက်ကို ငါ သတ်ခဲ့မိပါရောလားလို့ ဘုရင်မှာ ဝမ်းနည်းကြေကွဲမှုတွေဖြစ်တယ်။ မှားခဲ့တဲ့အမှားကို ဘယ်လိုမှ ပြင်လို့မရတော့တဲ့အဖြစ် … သေဆုံးခဲ့ပြီးဖြစ်တဲ့ သိန်းငှက်ကို ဘယ်လိုမှ ပြန်ရှင်အောင် လုပ်လို့မရတော့တဲ့အဖြစ်ကို မြင်ပြီး ဘုရင်ကြီးဟာ နောင်တတွေရလို့မဆုံး ဖြစ်နေတယ်တဲ့။

ဒီတော့ နောင်တရတယ်ဆိုတာ ပြုမိမှားခဲ့တာတွေကို ပြန်ပြီး ပြုပြင်လို့ မရနိုင်တော့တဲ့ အဖြစ်ဆိုးကို သိမြင်တဲ့အတွက် … မသာယာဖွယ် ဝေဒနာတွေ ခံစားရတာကို ဆိုလိုတာဖြစ်မှာပဲ။

ကျုပ်တို့ရဲ့ မြန်မာရာဇဝင်ထဲက နရပတိစည်သူမင်းဟာလည်း နောင်တတွေ အကြီးအကျယ်ရခဲ့တယ်ဆိုပဲ။ မယားဖြစ်သူ ဝေဠုဝတီကို သူ့နောင်တော်က မတရားသိမ်းပိုက်ရမလားဆိုတဲ့ ဒေါသတွေ





နရပတိစည်သူမှာ အကြီးအကျယ်ဖြစ်တယ်။ မယားကိုထိလာရင် ဖြစ်လာတဲ့ ဒေါသက ဧရာမအကြီးကြီး … အမြင့်ကြီးဆိုပဲ၊ ဒီဒေါသတွေနဲ့ မှုန်နေတော့ ခင်ဗျားတို့သိကြတဲ့အတိုင်း … သူ့မယားသိမ်းတဲ့ သတင်းကို အချိန်မီ မပြောရကောင်းလား ဆိုပြီး ကျွန်ယုံမြင်းခံ ငပြည့်ကို သတ်တယ်။ သူ့နောင်တော် မင်းယဉ်နရသိင်္ခကို သတ်ပေးတဲ့ အမတ် ငအောင်စွာကိုလည်း မထေမဲ့မြင် မရိုမသေ သူ့ကို ဆက်ဆံရမလားဆိုပြီး သတ်တယ်။ အဆိုးဆုံးကတော့ နောင်တော်ရဲ့ အထိန်းတော်သား အနန္တသူရိယအမတ်ကို သတ်တဲ့အဖြစ်ပဲ။

သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ … အစချီတဲ့ မျက်ဖြေ လင်္ကာ ၄ ပုဒ်ကိုရေးပြီး ဘုရင် နရပတိစည်သူကို ဆက်သခိုင်းတယ်။ လူသတ်သမားတွေက အနန္တသူရိယကို သတ်ပြီးမှ သူ့လင်္ကာကို ဘုရင်ထံ ဆက်သတာဖြစ်မယ်။ ဒီလင်္ကာကို ကြားနာရတဲ့အခါမှာ ဘုရင်နရပတိစည်သူက အနန္တသူရိယကို ချက်ချင်းလွှတ်ဖို့ အမိန့်ပေးတယ်။ အနန္တသူရိယက သေနှင့်ပြီလေ … ဘာမှ မတတ်နိုင်တော့ဘူး၊ ဒီလို ဘာမှမတတ်နိုင်၊ မပြုပြင်နိုင်တော့တာကိုသိလို့ ဘုရင် နရပတိစည်သူဟာ နောင်တကြီးစွာ ရတော်မူတယ် … တဲ့။ ဒီမှာတင် နောင်တကိစ္စက မပြီးသေးဘူးဗျ၊ အနန္တသူရိယကို မသတ်ခင်၊ အဲ့ဒီ မျက်ဖြေလင်္ကာကို သူ့ထံမဆက်သရကောင်းလားဆိုပြီး အနန္တသူရိယကိုသတ်တဲ့ လူသတ်သမားတွေကိုလည်း သတ်ပစ်ဖို့ အမိန့်ချလိုက်တယ်။ လူသတ်သမားတွေ သေရတာကိုတော့ နရပတိစည်သူက နောင်တရတော်မူပုံ မပေါ်ဘူးဗျ၊ လူသတ်သမားတွေက အနန္တသူရိယလို တန်ဖိုးရှိတဲ့ နမြောတသလောက်တဲ့ သူမျိုးတွေမှမဟုတ်ဘဲ … ဘယ်မှာ နောင်တရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အနန္တသူရိယကို သတ်မိတဲ့အတွက် နရပတိစည်သူဘုရင်အတွက် အကျိုးရှိတာတစ်ခုတော့ ရှိပါတယ်ဗျာ။ ဘာလဲဆိုတော့ ...“နောင်ကို ငါက သတ်စေလို့ အမိန့်ပေးသော်လည်း တစ်လ၊ လေးသီတင်းထားပြီး စစ်ကြောကြ၊ သေတန်မှ သေပါစေ”ဆိုတဲ့ မိန့်ဆိုချက်မျိုး ပေးနိုင်ခဲ့ခြင်းပါပဲဗျာ။ ပြီးတော့ အင်မတန်မှ အနုပညာလက်ရာမြောက်လှတဲ့ ရှုဋ္ဌာမဏိ အစရှိတဲ့ စေတီပုထိုးတွေကို နောင်တရပြီး တည်ခဲ့တယ်။

## (၂)

အထက်ပါပုဂ္ဂိုလ်၏စကားအဆုံးမှာ စကားဝိုင်းရဲ့ ညာဘက် အစွန်ဆုံးမှာထိုင်နေတဲ့ မိတ်ဆွေတစ်ဦးက “လောကမှာဖြင့် ဘယ်အရာဟာ မှန်မြတ်တဲ့အရာ ဖြစ်တယ်၊ ဘယ်လိုအလုပ်မျိုး၊ ဘယ်လို ကြိုးပမ်းမှုမျိုးဟာ အမှန်မြတ်ဆုံးသော စွမ်းဆောင်မှုဖြစ်တယ် ဆိုတာကို သိဖို့ခဲယဉ်းတယ်။ ဒါပေမဲ့... တစ်ချိန်မှာ လူတစ်ဦးဟာ လောကမှာ အမှန်မြတ်ဆုံးအရာဟာ ဘာလဲ၊ အမှန်မြတ်ဆုံး စွမ်းဆောင်မှုမျိုးဆိုတာ ဘယ်လိုဟာလဲဆိုတာကို သိလာတယ်ဆိုပါတော့၊ ဒါပေမဲ့... သူသိလာတဲ့အချိန်မှာ အဲဒီအမှန်မြတ်ဆုံးအတွက် စွမ်းဆောင်ရမှာကို သူ့အနေနဲ့ စွမ်းဆောင်နိုင်တဲ့ လုပ်နိုင်တဲ့ အခြေအနေ မရှိတော့ဘူးဆိုပါတော့၊ ငါဟာဖြင့် ဘယ်လိုမှ မစွမ်းဆောင်နိုင်၊ မလုပ်နိုင်တော့ပါကလား၊ စောစောက စွမ်းဆောင်ခဲ့ လုပ်ခဲ့ရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ၊ ခုတော့ ဘာမျှ မတတ်နိုင်တော့ဘူးလို့ သိမြင်ခံစားနေရခြင်းဟာ လောကမှာဖြင့် အကြီးကျယ်ဆုံး‘နောင်တ’ ဖြစ်တယ်လို့ ထင်တာပဲ”လို့ ပြောပြနေပါတယ်။ သူ့စကားကို နားထောင်ရင်းက ...





“ရင်ဝမှာ လှံစူးတဲ့ သူဟာ အဲဒီလှံကို အလျင်အမြန် နုတ်ပြီး ဆေးကုသဖို့ ကြိုးစားသလို၊ ဦးခေါင်းမှာ မီးလောင်နေသူဟာ အဲဒီမီးကို လျင်လျင်မြန်မြန် ငြိမ်းသတ်ဖို့ကြိုးစားသလို၊ မသေခင်မှာ သက္ကာယဒိဋ္ဌိဆိုတဲ့ ညောင့် ကိလေသာဆိုတဲ့ မီးငြိမ်းအောင် ဝိပဿနာတရားကို လျင်လျင်မြန်မြန် အားထုတ်သင့်တယ်”ဆိုတဲ့ ဗုဒ္ဓရဲ့ စကားကို ကျွန်တော်က ကြားယောင်လာပါတယ်၊ နောင်တတွေ မရစေဖို့ ‘အခုပဲ’ အလျင်အမြန်လုပ်လို့ သတိပေးရာရောက်တဲ့ စကားပါလားလို့လဲ မြတ်နိုးစိတ်တွေ ဖြစ်နေပါတယ်။

[**Phoenix** အတွဲ (၁)၊ အမှတ် ၂၃၊ (၁၇-၇-၀၉)]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အရင်းနှစ်ခု

မိတ်ဆွေတွေနဲ့အတူ ထိုင်မိကြတဲ့ အဲဒီညနေက စကားဝိုင်းမှာ “လူ့ဘဝမှာ ဘယ်လိုအသက်ရှင်နေထိုင်ခြင်းမျိုးဖြစ်မှ အကောင်းဆုံး နေထိုင်ခြင်းဖြစ်သလဲ”ဆိုတဲ့ အကြောင်းအရာကို ပြောဖြစ်နေပါတယ်။

ဒီအကြောင်းအရာထဲမှာရှိတဲ့ စကားတွေကို အဓိပ္ပာယ်ဖွင့်ဆိုဖို့က လိုသေးတယ်လို့ထင်တယ်။

လူဆိုတာ ဘာလဲ။

လူ့ဘဝဆိုတာ ဘာလဲ။

အသက်ရှင်နေတယ်ဆိုတာ ဘာလဲ။

ကောင်းတယ်ဆိုတာ၊ အကောင်းဆုံးနေထိုင်ခြင်း ဆိုတာတွေကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်း အစာစားပြီးနေတာပဲ။ ဒါပေမဲ့ စားခြင်းဆိုတာ ဘာလဲလို့မေးလာရင် အဖြေပေးဖို့ ခက်တယ်။ မိန်းမနဲ့ ယောကျ်ား ချစ်ကြကြိုက်ကြတာ လူ့သမိုင်းစကတည်းပဲ မဟုတ်လား။ ဒီမှာလည်း ချစ်တယ်ဆိုတာဘာလဲ၊ ကြိုက်တယ်ဆိုတာ ဘာလဲမေးလာရင် ဖြေဖို့ခက်တာပဲ။

လူဆိုတာကို တစ်ချို့က "လူဆိုသည်မှာ စဉ်းစားဆင်ခြင်တတ်တဲ့ သတ္တဝါဖြစ်တယ်"လို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ သာမန်တိရစ္ဆာန်နဲ့ လူကို ခြားနားစေချင်လို့ ဒီလိုဖွင့်ဆိုတာ ဖြစ်ချင်ဖြစ်မယ်။ အခုခေတ်မှာတော့ စဉ်းစားနိုင်တဲ့ စက်ရုပ်တွေ ပေါ်လာပြီဆိုတော့ လူနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက် အဟောင်းတွေကို ပြင်ဆင်ရဦးမယ် ထင်တာပဲ။ လူမှာ သိတတ်တဲ့ စိတ်(နာမ်)နဲ့ ရုပ်ခန္ဓာကိုယ် ရှိနေတယ်။ အဲဒီစိတ်နဲ့ ရုပ်ဟာ တစ်စုံတစ်ခုသော အချိန်ကာလအထိ မကွဲမကွာ စဉ်ဆက်ဖြစ်တည်နေတာကို ဘဝလို့ ဖွင့်ဆိုကြတယ်။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဆိုတဲ့အတိုင်း လူဟာလည်း အဲဒီစိတ်နဲ့ ရုပ်ခန္ဓာ ဖြစ်တည်နေအောင် အစားအစာတွေစားရင်း လှုပ်ရှားနေထိုင်နေတာကို လူ့ဘဝရဲ့ အသက်ရှင်နေထိုင်မှုလို့ ပြောရမလားပဲ။ ထားပါတော့။ လူဟာ အစာအာဟာရကို အမှီပြုပြီး သက်ရှင်နေပြီ။ အသက်တော့ ရှင်နေပြီ။ ဒီလို အသက်ရှင်ရတဲ့ လူ့ဘဝ၊ လူ့အဖြစ်မျိုးဟာ ကောင်းသလား။ သည့်ထက်ပိုကောင်းတဲ့၊ အကောင်းဆုံးဖြစ်တဲ့ အသက်ရှင်နေတဲ့ ဘဝမျိုး ရှိသေးလားလို့ ကျွန်တော့်မိတ်ဆွေတွေက မေးနေကြတာ...။

ပြောခဲ့ပါရော... ကောင်းတယ်ဆိုတာ ဘာလဲဆိုတာကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုသေးတယ်ဆိုတာလေ။ "ကောင်းတယ်" ဆိုတာ ဘာလဲလို့ပြောဖို့ အဓိပ္ပာယ်ဖွင့်ဖို့ကလည်း ခက်မှ ခက်...။ ဒဿန





ဆရာကြီး ဂျီအီးမိုး (G. E. Moore) ကတော့ ကောင်းခြင်းဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုလို့ မရဘူးတဲ့ဗျ။ ဟိုအစာက စားလို့ကောင်းတယ်၊ ဒီအရည်က သောက်လို့ကောင်းတယ်လို့ ပြောနေကြပေမယ့် ကောင်းခြင်းဆိုတဲ့ ယေဘုယျသဘောကိုတော့ အဓိပ္ပာယ်သတ်မှတ်လို့ မရဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ကောင်းတယ်ဆိုတာ ဘာမှန်းမသိဘဲနဲ့ ဘယ်လိုအသက်ရှင် နေထိုင်ခြင်းဟာ ကောင်းသလဲ။ ဘယ်လို အသက်ရှင်တဲ့ဘဝက အကောင်းဆုံးဖြစ်သလဲဆိုတဲ့ အမေးတွေကို မေးမနေသင့်ဘူးလို့ ထင်တာပဲ။

သမ္မာကျမ်းစာမှာလာတဲ့ အဖြစ်အပျက်ကလေးတစ်ခုရှိတယ်။ တစ်နေ့မှာ အလွန်ကပ်စေးနည်းတဲ့ သူဌေးကြီးက သူ့ရဲ့သား သုံးယောက်ကို လာခဲ့ဖို့ခေါ်တယ်။ သားတွေ သူ့ဆီရောက်တဲ့အခါမှာ သူဌေးကြီးက ရွှေဒင်္ဂါး (Ducat) နှစ်ပြားစီ ပေးလိုက်တယ်။

ရက်လအတန်ကြာတဲ့အခါမှာ အဲဒီသူဌေးကြီးက ရွှေဒင်္ဂါးနှစ်ခုစီ၊ နှစ်ပြားစီယူသွားတဲ့ သားသုံးယောက်ကိုခေါ်တယ်။ သူ့ဆီရောက်တဲ့အခါမှာ ပေးခဲ့တဲ့ ရွှေဒင်္ဂါးတွေအကြောင်း မေးတော့တာပေါ့။ ပထမသားက "အဖေက ဒီရွှေဒင်္ဂါးနှစ်ခုကို အကြာကြီးကြာမှပေးတာ မဟုတ်လား။ ဒါကြောင့် ကျွန်တော့်မှာ သုံးစရာတွေအများကြီးရှိနေလို့ အဲဒီ ရွှေဒင်္ဂါးနှစ်ခုလုံးကို သုံးပစ်လိုက်ပြီ"လို့ပြောတယ်။

ဒုတိယသားကို ရွှေဒင်္ဂါးအကြောင်းမေးတော့ ဒုတိယသားက ဥယျာဉ်ထဲကို ပြေးဆင်းသွားတယ်။ ဥယျာဉ်ထဲမှာ သူက သူ့အဖေပေးတဲ့ ရွှေဒင်္ဂါးနှစ်ခုကို မြှုပ်ထားတာ။ အဲဒီမြှုပ်ထားတဲ့ ဒင်္ဂါးနှစ်ခုကို တူးဖော်ပြီး သူ့အဖေဆီ ယူလာပြတယ်။ ဒီလိုပြရင်းနဲ့ ဒုတိယသားက "အဖေက ချမ်းသာပေမယ့် သိပ်ကပ်စေးနည်းတယ်မဟုတ်လား၊ သုံးဖြုန်းပစ်တာမျိုးတွေကို အဖေ မကြိုက်ဘူး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကပ်စေးနည်းတဲ့ အဖေဟာ တစ်နေ့နေ့မှာ ဒီရွှေဒင်္ဂါးနှစ်ခုကို ပြန်တောင်းမယ်ဆိုတာကို ကျွန်တော် သိနေတယ်လေ။ ဒါကြောင့် ဥယျာဉ်ထဲမှာ မြှုပ်ထားခဲ့တာ၊ ဟောဒီမှာ အဖေ ပေးခဲ့တဲ့အတိုင်း ရွှေဒင်္ဂါးနှစ်ခုပါ”လို့ ပြတယ်။

တတိယသားကိုလည်း သူဌေးကြီးက သူပေးခဲ့တဲ့ ရွှေဒင်္ဂါးအကြောင်းမေးတယ်။ ဒီအခါမှာ တတိယသားက အိမ်ခန်းထဲဝင်သွားပြီး အထုပ်တစ်ခုကို သယ်ယူလာတယ်။ သူယူလာတဲ့ အထုပ်ထဲမှာ ရွှေဒင်္ဂါးတွေ အများကြီးပဲ။ အများကြီး ဖြစ်နေမှာပေါ့။ သူက သူ့အဖေပေးတဲ့ ဒင်္ဂါးနှစ်ခုကို အရင်းပြုပြီး နောက်ထပ်ရွှေဒင်္ဂါးတွေ တိုးပွားအောင် လုပ်တတ်သူကိုး။ ရွှေဒင်္ဂါးအထုပ်ကြီးသယ်လာသူ တတိယသားကိုတော့ သူဌေးကြီးက နှစ်လိုမြတ်နိုးစွာနဲ့ ချီးမွမ်းစကားတွေပြောမှာ သေချာပါတယ်။

ကျွန်တော်တို့ရဲ့ လူ့ဘဝ၊ လူ့အဖြစ်တွေကိုကြည့်ရင် ကံက ပေးလိုက်တဲ့ နာမ်နဲ့ရုပ် (nama and rupa) ဆိုတဲ့ “နာမ–ရူပ” ဆိုတာဟာ စောစောက ပြောခဲ့တဲ့ ဒင်္ဂါးနှစ်ခုစီလိုပါပဲ။ နာမ်ရုပ်နှစ်ခုစီကို ရရှိနေကြတဲ့ လူတွေဟာ ဘာလုပ်ကြမလဲ။

ရတောင့်ရခဲ ရခဲ့တဲ့ ရွှေဒင်္ဂါးနှစ်ခုကို ပထမသားငယ်ဟာ သုံးဖြုန်းပစ်လိုက်တယ်။ အဲဒီလိုပဲ ရတောင့်ရခဲရလာတဲ့ လူ့ဘဝဆိုတဲ့ နာမ်နဲ့ရုပ်ကို သုံးဖြုန်းပစ်မလား။ ငယ်တုန်းမှာ ပျော်ပျော်နေရမယ်။ ခံစားနိုင်တုန်း ခံစားရမယ်ဆိုပြီး အပျော်တွေထဲမှာ၊ သာယာမှုတွေထဲမှာ၊ သက်သာစွာနေထိုင်ခြင်းတွေထဲမှာ၊ ယစ်မူးသောက် စားခြင်းတွေထဲမှာ၊ ကာမဂုဏ်တွေထဲမှာ ကိုယ့်ဘဝဆိုတဲ့ နာမ်ရုပ်ကို သုံးဖြုန်းပစ်မလား။





ဒါမှမဟုတ် ဒုတိယသားလို ဒင်္ဂါးနှစ်ပြားကို ဒင်္ဂါးနှစ်ပြားအတိုင်း အတိုးအလျော့ မရှိအောင် မြေမှာမြှုပ်ထားတာမျိုး လုပ်မှာလား။

ညောင်ပင်သာ ဦးပုညဆိုတဲ့ ပုဂ္ဂိုလ်က ဘဝမှာ အမြဲတိုးတက်အောင် လုပ်နေဖို့အတွက် အကြံပြုထားတယ်။ ဘယ်လိုလဲဆိုတော့ “ကုသိုလ်ပညာ၊ ကျမ်းခံ့သာ၍၊ ဥစ္စာတန်ခိုး၊ တစ်မျိုးမျိုးမှ၊ အကျိုးမထွက်၊ ထိုနေ့တွက်၊ သက်သက်ဝမ်းနည်းဖွယ်”တဲ့။ လူဟာနေ့တိုင်း ကုသိုလ်တွေ တိုးနေရမယ်။ ပညာကို ရှာပြီးရင်း ရှာရင်းနဲ့ ပညာတွေ နေ့တိုင်းတိုးနေရမယ်။ အစားအသောက်၊ အနေအထိုင်တွေ ပြုပြင်ရင်း ကျန်းမာရေး နေ့တိုင်းတိုးတက်အောင်လည်း ကြိုးစားနေရမယ်လို့ ပြောနေတာဖြစ်မယ်။ စည်းစိမ်ဥစ္စာလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်အောင် လုပ်ဆောင်ကြိုးစားနေရမယ်။ တန်ခိုးသြဇာတွေ တစ်နေ့ထက်တစ်နေ့ တိုးတက်အောင်၊ လွှမ်းမိုးနိုင်အောင်လုပ်ဆောင်နေရမယ်တဲ့။ ကုသိုလ်ပညာ အစရှိတာတွေ တိုးတက်လာတာ မတွေ့ရတဲ့နေ့မျိုး မဖြစ်ရဘူးတဲ့။ တိုးတက်မှု တစ်စုံတစ်ရာ မရတဲ့နေ့ဟာ တကယ်ကို ဝမ်းနည်းစရာနေ့မျိုး ဖြစ်တယ်တဲ့။ ဘာမှ အတိုးအပွား မရှိတဲ့နေ့၊ ဘာမှ တိုးတက်ခြင်းမရှိတဲ့နေ့တွေကို ဖြတ်ကျော်နေသူဟာ ဒင်္ဂါးနှစ်ပြားကို မြေမှာမြှုပ်ထားတဲ့ ဒုတိယသားလို ဖြစ်နေမှာပဲ။ ရတောင့်ရခဲ ရနေတဲ့ လူ့ဘဝ၊ လူ့အဖြစ်ဆိုတဲ့ နာမ်နဲ့ရုပ်ကို အရင်းတည်ပြီး တိုးတက်ရာ တိုးတက်ကြောင်းတွေကို မလုပ်တဲ့ ဒုတိယသားလို လူတွေအများကြီးရှိမှာပဲ။ စွန့်လွှတ်စွန့်စားမှုတွေ၊ မရမနေ စွမ်းဆောင်မှုတွေမရှိဘဲ လက်ရှိအခြေအနေကလေး မပျက်သွားအောင်ပဲ လုပ်ဆောင်နေသူမျိုးမှာ မူလအခြေအနေတော့ မပျက်ဘူး။ ဒါပေမယ့် ဘာမှလည်း တိုးတက်လာမှု



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ထင်ပေါ်ကျော်စောခြင်းလည်း မရှိဘူး။ ဒုံရင်းဒုံရင်းပဲ ရှိနေဖြစ်နေသူမျိုး ဖြစ်မှာပေါ့။

ဒါဖြင့် ဒင်္ဂါးနှစ်ချပ်ကို အရင်းပြုပြီး တိုးပွားသည်ထက် တိုးပွားအောင်လုပ်တဲ့ တတိယသားရဲ့ လမ်းစဉ်ကိုလိုက်မလား။ ဒါကတော့ ဘယ်သားမျိုးရဲ့ လမ်းစဉ်ကို လိုက်မယ်မလိုက်ဘူးဆိုတာ ကိုယ့်အပေါ်မှာ မူတည်မှာပေါ့။ ကြိုက်တဲ့လမ်းစဉ်ကို ရွေးခွင့်ရှိမှာပေါ့။

တတိယသားရဲ့ လမ်းစဉ်မျိုးကို နှစ်သက်လို့ ရွေးချယ်ရင်တော့ ဆိုခဲ့တဲ့ နာမ်ရုပ်ကို အခြေပြုပြီး ကုသိုလ်နဲ့ ပညာတွေ၊ ကျန်းမာခြင်းနဲ့ ပစ္စည်းဥစ္စာတွေ၊ တန်ခိုးသြဇာတွေ တစ်နေ့ထက်တစ်နေ့ တိုးတက်အောင် လုပ်ရတော့မှာပဲ။ တစ်ခြား တိုးတက်စရာတွေလည်း ရှိနေဦးမှာပဲ။ ကိုယ်ကျိုးအတွက်သာ မဟုတ်ဘဲ သူတစ်ပါးတွေအတွက်၊ ကိုယ့်လူမှု ပတ်ဝန်းကျင်အတွက် တိုးတက်ဖြစ်ထွန်းစရာတွေ လုပ်ဆောင်ဖို့လည်း အများကြီးရှိနေမှာပါ။ အဲဒီလုပ်ဆောင်စရာတွေ အများကြီးအတွက် ဒင်္ဂါးနှစ်ပြားနဲ့တူတဲ့ နာမ်နဲ့ရုပ်ကို အရင်းပြုပြီး တိုးပွားသည်ထက် တိုးပွားအောင် လုပ်တဲ့လမ်းစဉ်ကို လိုက်သင့်တယ်ဆိုတာကတော့ သိသာထင်ရှားနေပါပြီ။ ဒီတော့ တိုးပွားသည်ထက် တိုးပွားအောင် လုပ်ဆောင်တဲ့လမ်းစဉ်မှာ အမှားအယွင်း အချွတ်အချော် အတိမ်းအပါးတွေ နည်းပါးပြီး "နောင်တ" ကင်းဝေးစွာနဲ့ ချမ်းမြေ့ဖွယ်ဘဝမျိုးကို ရောက်ကြပါစေလို့ ဆန္ဒပြုပါတယ်။

**နန္ဒာသိန်းဇံ**

[ရုပ်ရှင်အမြုတေ၊ အတွဲ (၁)၊ အမှတ် (၂)၊ မေလ၊ ၂၀၀၄]




## လှိုင်းသစ်စာပေမှ နန္ဒာသိန်းဇံ၏ ထုတ်ဝေပြီးစာအုပ်များ



ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ
၃၅/ဂ၉(၁)




စီးပွားရေးနှင့် စစ်ရေးဗျူဟာ
၂၅/၉၂(၂)




ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း
၃၉၄/ဂ၉(ဂ)




မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း
၇၈၇/ဂဂ(၁၁)

www.burmeseclassic.com